တောင်တွင်းကြီးမြို့ တောင်လက်
ချောင်းနက်ရွာ ဈေးဝန်းကျောင်းတိုက်
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်

# အရှင်ဥာဏိက

ရေးသားပြုစုသော

# သာသနာ သန့်ရှင်းစင်ကြယ်ရေး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဒီဇင်ဘာ ၁၉၈၀

၁၅၆၆၀

တောင်တွင်းကြီးမြို့ တောင်လက်
ချောင်းနက်ရွာ ဈေးဝန်းကျောင်းတိုက်
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်

# အရှင်ဉာဏိက

ရေးသားပြုစုသော

# သာသနာ သန့်ရှင်းစင်ကြယ်ရေး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဒီဇင်ဘာ ၁၉၈၀

# နိဒါန်းစကားချီး

## ပဌမ သံဂါယနာ

မြတ်စွာဘုရားသခင်သည် ဘိုးတော် အဉ္ဇနမင်း၏ ဖြိုကြွင်းသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန် ဝင်စံတော် မူသည်။ ပရိနိဗ္ဗာန်စံ၍ ၇-ရက်မျှအကြာတွင် အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့အလာ လမ်းခရီးအကြားတွင် တယောက်သော အာဇီဝက တက္ကတွန်း၏ အထံမှ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူကြောင်းကို ကြားရလျှင် ပုထုဇဉ် ရဟန်းတို့ ငိုကြွေးမြည်တမ်းကြသည်ကို အာတုမ ပြည်သား သုဘဒ်ရဟန်းကြီးက "သင်တို့ မငိုကြွေးလင့်၊ ယခုမှ ရဟန်းဂေါတမ၏ ချုပ်ချယ်ခြင်းမှကင်းလွတ်သဖြင့် အလိုရှိရာ ပြုလုပ်နိုင်ပြီ"ဟု ဘုရားမျက်နှာတော်ကို မထောက် ကြောက်ရှက်တုန်လှုပ်ခြင်းကင်းမဲ့စွာ သာသနာတော်ကို ပစ်ပယ် သပိတ်မှောက်လိုကြောင်း၊ မကောင်းသောစကားကို အရှင်မဟာကဿပ ကြားတော်မူလျှင် လွန်စွာဓမ္မသံဝေဂဖြစ်တော်မူ၍ သာသနာတော်၏ ဘေးရန်ဖြစ်သော သုဘဒ်ရဟန်းကြီး၏ စကားနှင့်တကွ နောင်အခါ ယုတ်မာသော ရဟန်းတို့၏ ပြုမူပြစ်မှားမည့် စကားတို့ကို တားဆီးကာကွယ်သောအားဖြင့် ဘုရားပရိနိဗ္ဗာန်စံတော်မူ၍ သုံးလအလွန်၊ လေးလဝင်စ, ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့တွင် ရဟန္တာ(၅၀၀)တို့သည် ရာဇဂြိုဟ်ပြည်ရှင် အဇာတသတ်မင်းကို အမှီပြု၍၊ ဝေဘာရတောင်, စရည်းပင်လိုဏ်ဝယ်၊ အဇာတသတ်မင်း ဆောက်လုပ်လှူဒါန်းသော ရတနာမဏ္ဍပ်၌ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သောကြောင့် ဝိနည်းပိဋကတ်ကို ရှေးဦးစွာ အရှင်မဟာကဿပကမေး၍ အရှင်ဥပါလိက ဖြေတော်မူပြီးလျှင် တပေါင်းတည်း ရွတ်ဆို၍ သင်္ဂါယနာ တင်တော်မူကြသည်။

၎င်းနောက်- ရှင်အာနန္ဒာမထေရ်ကို ဓမ္မပလ္လင်သို့ တက်စေ၍၊ သုတ် အဘိဓမ္မာ ပိဋကတ်များကို အရှင်မဟာကဿပကမေး၍ အရှင်အာနန္ဒာက ဖြေတော်မူပြီးလျှင် တပေါင်းတည်းရွတ်ဆို၍ သင်္ဂါယနာ တင်ကြ

နာတော် သက်ဆင်း ကူးပြောင်း၍ တည်လာရာ မုဆိုးဆက်မင်းတို့တွင် သာသနာတော်၌ လွန်စွာ ထင်ရှားကျော်စောသော မင်းတုန်းမင်းတရားကြီးသည် သာသနာတော် သက္ကရာဇ် ၂၄၁၅-ခု ကောဇာသက္ကရာဇ် ၁၂၃၃-ခုနှစ်တွင် ပညာရှိများနှင့် တိုင်ပင်၍ မြေနန်းတော်ကြီးတွင် ခမ်းနားတင့်တယ်စွာ တန်ဆာဆင်၍ သံဂါယနာတင်ပွဲတော်ကို ဆင်ယင်ကျင်းပလျက် တံဆိပ်တော်ရ, မရ, ဆရာတော်ကြီးများ နှုတ်လွှတ်ရွတ်ဆို၍ သံဂါယနာတင်တော်မူကြသည်။ ဤကဲ့သို့မြတ်စွာဘုရား၏ သာသနာသုံးရပ်တွင် အခြေခံမူလဖြစ်သောပရိယတ္တိသာသနာတော်ကို ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသည့်နှစ်ပေါင်း ၂၄၁၅-နှစ်အတွင်း၌ ၅-ကြိမ် ၅-ခါမျှသံဂါယနာတင်ကြသည်။ ထို့ကြောင့်ပင် ပရိယတ္တိ သာသနာတော်ကြီးသည် ပျောက်ပျက်ချွတ်ယွင်းခြင်း မရှိ။ ကောင်းကင်ပြင်ဝယ် ကြယ်တာရာတို့တမျှ ထွန်းပ တောက်လင်းတော်မူသည်။

## ဆဋ္ဌသံဂါယနာ

ဤသို့ တောက်လင်းစဉ်တွင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတို့၌ အနည်းငယ်မျှ ညစ်ညူးကြောင်း ကိလိဋ္ဌ အဗ္ဗုဒ ဘေးရန် ခြံရံဝိုင်းအုံလျက် နှောင့်ယှက် ဖျက်ဆီးမည့် အရိပ် အရောင် ပေါ်ပေါက်လာသည်ကို သိရသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အုပ်ချုပ်သော ပြည်ပိုင်အစိုးရတို့သည် သာသနာရေးတွင် ဌာနတခု ဖွင့်၍ သာသနာရေး ကိစ္စအဝဝကို ဆောင်ရွက်လျက် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတို့ကို အနှောင့်အယှက်ဘေးရန်တို့ကို ပယ်ရှင်း သုတ်သင်လျက် (၁၃၁၆)ခုနှစ်မှအစပြု၍ သာသနာတော် (၂၅၀၀)အပြည့်၊ **သာသနာတော် တဝက်-မင်းကောင်းတဆက်** ဟူသော စကားနှင့်အညီ၊ ၁၃၁၈-ခုနှစ်အပြီး ဆဋ္ဌ သံဂါယနာတင်ပွဲကို ဆင်ယင်ကျင်းပမည်ဟု သတင်းစာများတွင် တွေ့ရှိရလေသည်။ ဤသို့ တွေ့ရှိရ သဖြင့် ဆရာတော်စိတ်တွင် ဆင်ခြင်မိသည်မှာ- ဤသို့ သာသနာတဝက် ရောက်သောနှစ်တွင် ဆဋ္ဌ သံဂါယနာတင်၍ သာသနာကို ချီးမြှောက်ခြင်းသည် **သာသနာတဝက်-မင်းကောင်းတဆက်** ဟူသော သာသနာစောင့် နတ်များ ရှေ့ဆောင်ညွှန်ကြား၍ လူများက ကြွေးကြော်ကြေငြာသော စကားပင်ဟု ထင်မြင်ယူဆမိပေသည်။အကြောင်းကား-သာသနာတော်ဝင်ကျမ်းများ၊

ဇာတ်နိပါတ်စသော ကျမ်းများတို့၌ မတွေ့မိဘူးသောကြောင့် ဤစကားကို သမ္မာဒေဝ နတ်များ ကြွေးကြော်သော စကားဟု ယူဆထားပေသည်။ ဤသို့ နတ်များ နှိုးဆော်တိုက်တွန်းလျက် **သာသနာတဝက်မှာ ဆဋ္ဌသင်္ဂါယနာ** တင်ခြင်းသည် သာသနာဖက်၌ အောင်မြင်စွာ ထွန်းကား စည်ပင်သင့်သည်ထက် ပို၍ အောင်မြင်ရန် အကြောင်း တခုပင် ဖြစ်လေသည်။ ထို့ကြောင့် ဆရာတော်သည် အတ္တုက္ကံ့ သနမဖက်သဒ္ဒါသက်သက်ဖြင့် အသက်အရွယ် ကြီးရင့်ပြီ ဖြစ်၍ သင်္ဂါယနာ ပွဲသို့ ဝင်နိုင်ရန် သင်အံလေ့ကျက်ရမည့် အရွယ်လွန်ပြီဖြစ်သောကြောင့် စွမ်းနိုင်သည့် ဖက်ကနေ၍ သာသနာတော်ကို ကူညီဆောင်ရွက်ရန် ဤကျမ်းစာကို ရေးသားရပါသတည်း။

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၁)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏ္ဏာမနှင့် အာသီသပတ္တနာ .... | ၁ |
| ၂။ | အာသီသဂါထာ မြန်မာပြန် .... | ၁ |
| ၃။ | သာသနာတော်သုံးပါး .... | ၂ |
| ၄။ | ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်ခြင်း .... | ၃ |
| ၅။ | ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာတော်နှင့် နှိုင်းယှဉ်ချက် .... | ၃ |
| ၆။ | ဂေါတမမြတ်စွာဘုရား၏ အသက်တော်နှင့် သာသနာတော်ကို ရှင်းလင်းချက် .... | ၅ |
| ၇။ | သာသနာ ငါးထောင် .... | ၅ |
| ၈။ | သာသနာတော်၌ အံ့ဩချီးမွမ်းဖွယ် အချက်ကြီး ရှစ်ပါး .... | ၇ |
| ၉။ | သာသနာတော်မှရသောအမြတ် .... | ၉ |
| ၁၀။ | ဒဿနာ နုတ္တရိယ .... | ၁၀ |
| ၁၁။ | မြတ်စွာဘုရားနှင့် မဋ္ဌကုဏ္ဍလီ .... | ၁၀ |
| ၁၂။ | သိဒ္ဓတ္ထမြတ်စွာဘုရားနှင့် ပုဏ္ဏားရသေ့ဂဏာစရိယ .... | ၁၁ |
| ၁၃။ | သဝနာ နုတ္တရိယ .... | ၁၂ |
| ၁၄။ | တရားနာ၍နိဗ္ဗာန်သို့ရောက်ကြောင်း သာဓကများ .... | ၁၃ |
| ၁၅။ | လာဘာနုတ္တရိယ .... | ၁၃ |
| ၁၆။ | သိက္ခာနုတ္တရိယ .... | ၁၄ |
| ၁၇။ | သိက္ခာသုံးပါးကို ခွဲပြခြင်း .... | ၁၅ |
| ၁၈။ | သိက္ခာသုံးပါးနှင့် မိဂဒါရိပုဏ္ဏား .... | ၁၆ |

## သာသနာ သန့်ရှင်းစင်ကြယ်ရေး


| အခန်းမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉။ | ဘုရားရှင်ထံ လျှောက်ထားခြင်း | .... | ၁၆ |
| ၂၀။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ | .... | ၁၇ |
| ၂၁။ | ပါရိစရိယာနုတ္တရိယ | .... | ၁၈ |
| ၂၂။ | အဇာတသတ်မင်းနှင့် သာမညဖလသုတ် | .... | ၁၈ |
| ၂၃။ | မြတ်စွာဘုရား၏ ဗျာဒိတ်တော် | .... | ၂၀ |
| ၂၄။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ | .... | ၂၀ |
| ၂၅။ | အနုဿတာ နုတ္တရိယ | .... | ၂၀ |
| ၂၆။ | ဥပမာဖြင့် ထင်ရှားစေအံ့ | .... | ၂၁ |
| ၂၇။ | သတ်ခုတ်သမား သားကလေးနှင့် ဗုဒ္ဓါနုဿတိ | .... | ၂၂ |
| ၂၈။ | မိစ္ဆာဘီလူးနှင့် သမ္မာဒိဋ္ဌိဘီလူး | .... | ၂၃ |
| ၂၉။ | ဗုဒ္ဓါနုဿတိနှင့် ရဟန်းတော် ဖုဿဒေဝထေရ် | — | ၂၃ |
| ၃၀။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ | .... | ၂၄ |
| ၃၁။ | သာသနာတော် နိယျာနိကဖြစ်ပုံ | .... | ၂၅ |
| ၃၂။ | ဝေသာရဇ္ဇဉာဏ်လေးပါး | .... | ၂၇ |
| ၃၃။ | ဗုဒ္ဓဘာသာ ကိုးကွယ်သူများခြင်း | .... | ၂၉ |
| ၃၄။ | သာသနာတော်နှင့် သာဝတ္ထိမြို့သား သူဌေးသားတယောက် | .... | ၂၉ |
| ၃၅။ | ရဟန်းသစ်၏ အကြံသစ်ဖြစ်ပေါ်လာခြင်း | .... | ၃၁ |
| ၃၆။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ | .... | ၃၂ |
| ၃၇။ | ရှင်တော်ဘုရားနှင့် ဥပါလိသူကြွယ် | .... | ၃၃ |
| ၃၈။ | နိဂဏ္ဌဆရာကြီးက ဒီဃတပဿီကို ပရိသတ်အလယ်၌ သာဓုခေါ်ခြင်း | .... | ၃၄ |
| ၃၉။ | ဥပါလိက ရှင်တော်ဘုရားကို အထင်သေးခြင်း | .... | ၃၅ |
| ၄၀။ | ဝါဒပြိုင်ကြခြင်း | .... | ၃၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | ဥပါလိသည် နိဂဏ္ဌဝါဒကိုစွန့်၍ ဗုဒ္ဓဝါဒကို ခံယူလျက် သရဏဂုံယူခြင်း .... | ၃၉ |
| ၄၂။ | ဥပါလိ သောတာပန်တည်ခြင်း .... | ၄၁ |
| ၄၃။ | ဒီဃဘာပဿီ စုံစမ်းရန် လိုက်လာခြင်း .... | ၄၁ |
| ၄၄။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ .... | ၄၃ |
| ၄၅။ | မဟာဝါတကာလ ဥပါသကာနှင့် ဒွတ္တိံသာကာရ .... | ၄၃ |
| ၄၆။ | ဥပါသကာ အယူဖောက်ပြန်လာခြင်း .... | ၄၃ |
| ၄၇။ | မိကျောင်းကြီး လှည်းတို့ကို ဖမ်း၍မျိုခြင်း .... | ၄၄ |
| ၄၈။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ | |

အခန်း (၂)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | ပရိယတ္တိသာသနာကို ခွဲဝေ၍ပြခြင်း .... | ၄၅ |
| ၅၀။ | ပိဋကတ်သုံးပုံ၏ ပါဠိပမာဏ .... | ၄၅ |
| ၅၁။ | မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီ အာနန္ဒာအား ထားတော်မူသော ဗျာဒိတ်တော် .... | ၄၆ |
| ၅၂။ | ပရိယတ်သည် ဘာအသုံးဝင်သလဲ .... | ၄၇ |
| ၅၃။ | ကိလေသာကို ကြာကြာပယ်နိုင်သော တရားများ .... | ၄၈ |
| ၅၄။ | မလိယဒေဝထေရ် စာသင်ယင်း ကမ္မဋ္ဌာန်းထိုင်ခြင်း.... | ၄၉ |
| ၅၅။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ .... | ၅၀ |
| ၅၆။ | ပင်လယ်ခရီးသွား ရဟန်းနှင့် ပဌာန်းကျမ်း .... | ၅၁ |
| ၅၇။ | စဉ်းစားဝေဖန်ရန် နည်းဥပဒေသ .... | ၅၁ |
| ၅၈။ | မြတ်စွာဘုရားနှင့် အထင်ကြီးသော ရဟန်းခြောက်ကျိပ် .... | ၅၂ |
| ၅၉။ | ပဉ္စသက်ကို ဘုရားထံမှ ရဟန္တာများသင်ယူ၍ အဆက်ဆက်ဆောင်ခဲ့ပုံ .... | ၅၃ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၀။ | အဘိဓမ္မာ ပိဋကတ်သည် ဘုရားဟောဟုတ်မဟုတ် | .... | ၅၄ |
| ၆၁။ | အဘိဓမ္မာကို ဘုရားဟော မဟုတ်ဟုဆိုသော အပြစ် | .... | ၅၅ |
| ၆၂။ | အဋ္ဌကထာဆရာ၏ အပြစ်ကောက်ချက် | .... | ၅၆ |
| ၆၃။ | ပရိယတ်ကို ဆင်းရဲပြိုပြင်စွာ ဆောင်ခဲ့ရပုံ | .... | ၅၇ |
| ၆၄။ | သာသနာ့ ပြဿနာတခု ပေါ်လာပုံ | .... | ၅၈ |
| ၆၅။ | နွားလား ဥသဘ ဥပမာ | .... | ၆၁ |
| ၆၆။ | ရွှေအိုး ဥပမာ | .... | ၆၁ |
| ၆၇။ | ပဋိပတ္တိ သာသနာတော် | .... | ၆၁ |
| ၆၈။ | အာဂမနီယ ပဋိပဒါငါးမျိုး | .... | ၆၂ |
| ၆၉။ | ဘုရားလောင်း ကျင့်ရိုးလမ်းစဉ် | .... | ၆၃ |
| ၇၀။ | ပစ္စေကဗုဒ္ဓါလောင်း ကျင့်ရိုးလမ်းစဉ် | .... | ၆၃ |
| ၇၁။ | သာဝကတို့ ကျင့်ရိုးလမ်းစဉ် | .... | ၆၃ |
| ၇၂။ | ပိုင်းခြားသော ကာလမကုန်မီ အကျွတ်တရားကို မရနိုင် | .... | ၆၄ |
| ၇၃။ | အာဂမနီယ ပဋိပဒါကို နှစ်ပိုင်းခွဲပြခြင်း | .... | ၆၅ |
| ၇၄။ | ပါရမီ၏ အဓိပ္ပာယ်ကို ဖော်ပြချက် | .... | ၆၆ |
| ၇၅။ | သမ္မာဒိဋ္ဌိ ဆယ်ပါး | .... | ၆၇ |
| ၇၆။ | ပုဗ္ဗဘာဂ ပဋိပဒါသည် ဘုရားအဖြစ်ကို ပြုလုပ်တတ်သောတရား | .... | ၆၈ |
| ၇၇။ | ပါရမီဆယ်ပါးသည် ဘုရားဖြစ်အောင် ပို့ဆောင်နိုင်ပုံ | .... | ၆၉ |
| ၇၈။ | အဓိသီလသိက္ခာကို ပြခြင်း | .... | ၇၀ |
| ၇၉။ | မဟာသံဃရက္ခိတထေရ် သီလစောင့်ရှောက်ပုံ | .... | ၇၀ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈၀။ | သမာဓိကို ခွဲခြားချက် | .... | ၇၁ |
| ၈၁။ | အာနာပါန ကမ္မဋ္ဌာန်း | .... | ၇၂ |
| ၈၂။ | ချွန်သည့် အဘယ်နည်း | .... | ၇၃ |
| ၈၃။ | ဝိပဿနာ အလုပ်ဆိုသည်ကား အဘယ်နည်း | .... | ၇၃ |
| ၈၄။ | ဝိပဿနာကို ဘယ်လို လုပ်ရသလဲ | .... | ၇၄ |
| ၈၅။ | ဝိသုဒ္ဓိ(၇)ပါးကို အစီဗွားယ် ဖော်ပြချက် | .... | ၇၄ |
| ၈၆။ | ဝိပဿနာ ပက္ကိလေသ ဆယ်ပါး | .... | ၇၆ |
| ၈၇။ | ပဋိပတ္တိ သာသနာတော် | .... | ၇၇ |

အခန်း (၃)

| | | | |
|---|---|---|---|
| ၈၈။ | သာသနာတော်၌ ပေါ်လာမည့် ဘေးရန်များ | .... | ၇၈ |
| ၈၉။ | ပုဿရဟန္တာ မိန့်ကြားသော သာသနာ၏ အနာဂတ် ဘေးရန် | .... | ၇၉ |
| ၉၀။ | ကဿပဘုရား၏ သာသနာနောက်ပိုင်းတွင် သာသနာပျက်စီးပုံ | .... | ၈၁ |
| ၉၁။ | စုဒ္ဓ သမ ဘေးရန်ကို ကာကွယ်ရန် | | ၈၃ |
| ၉၂။ | သာသနာပျက်စီးကြောင်း တရားများ | .... | ၈၄ |
| ၉၃။ | သာသနာတည်မည့် ကာလ | .... | ၈၅ |
| ၉၄။ | သာသနာ ကွယ်မည့် အချိန် | .... | ၈၆ |
| ၉၅။ | အဘုအယောင်ပေါ်လျှ အစစ်အမှန် ပျောက်ကွတ်သည် | .... | ၈၆ |
| ၉၆။ | ပြဟ္မဒတ်မင်းနှင့် ဝိဋူဘိုရ် | .... | ၈၇ |
| ၉၇။ | သိကြားမင်း သာသနာပြုလာခြင်း | .... | ၈၇ |
| ၉၈။ | ဘုရားကို မရှိသေခြင်း | .... | ၈၉ |
| ၉၉။ | ဘုရားကို မရှိသေခြင်း | | ၉၀ |

## သာသနာ သန့်ရှင်းစင်ကြယ်ရေး


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀၀။ | သံဃာကို မရှိသေခြင်း | .... | ၉၀ |
| ၁၀၁။ | သိက္ခာကို မရိုသေခြင်း | .... | ၉၀ |
| ၁၀၂။ | သမာဓိကို မရိုသေခြင်း | .... | ၉၁ |
| ၁၀၃။ | ပရိယတ် စသည် အတုအစစ် ခွဲပြခြင်း | .... | ၉၂ |
| ၁၀၄။ | သာသနာငါးပါးကွယ်ပုံအစဉ် | .... | ၉၂ |
| ၁၀၅။ | ဓာတုသာသနာဖြစ်သော ဓာတ်တော်များ | .... | ၉၅ |
| ၁၀၆။ | ဓာတုသာသနာကွယ်ပုံ | .... | ၉၆ |
| ၁၀၇။ | ကျမ်းပြီး နိဂုံးလင်္ကာ | .... | ၉၇ |

## သာသနာ သန့်ရှင်း စင်ကြယ်ရေးကျမ်း
## ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ခြင်း အမှာစာတမ်း

---

သာသနံ ပုညဝန္တသာ၊
ပုညဝန္တာဝ လဗ္ဘရေ။
အပ္ပပုညာ ကဒါစိပိ၊
န လဗ္ဘန္တိ ပဂ္ဂဏှိတုံ။

အထက်ဖော်ပြသည့် ဂါထာကို ရှေးမြန်မာ ပညာရှိကြီးများ စီကုံး ရေးသားထားပါသည်။

ဘုန်းတော်ရှင်မြတ် ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်ကို ဘုန်းကံ ကြီးသူများသာ ချီးမြှောက်ထောက်ပံ့ခွင့် ရရှိနိုင်ကြသည်။ ဘုန်းကံနည်း သူများ တခါဟာရံမျှ ချီးမြှောက်ထောက်ပံ့ခွင့် မရနိုင်ကြဟူ၍အဓိပ္ပာယ် ရရှိပါသည်။

သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ခြင်းဟူသည်မှာ သာသနာ တော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ပြုလုပ်ဆောင်ရွက်ခြင်းပင် ဖြစ် ပေသည်။

ဤတွင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို မည်သို့ ပြုလုပ်ဆောင်ရွက်ရပါမည်နည်းဟု မေးမြန်းဖွယ်ရှိရာ၊ ထိုအမေး၏အဖြေ ကို သိရှိစေရန် ဤစာရှုသူတို့လက်သို့ ဆိုက်ရောက်နေသည့် **သာသနာ သန့်ရှင်းစင်ကြယ်ရေး** ကျမ်းကို ရေးသားပြုစုထားခြင်း ဖြစ်ပေသည်။

ဤကျမ်း၌—

သာသနာ၏ အကျိုးကြီးမားပုံကိုလည်းကောင်း၊ သာသနာညစ်နွမ်း ပျက်စီးခြင်းအကြောင်းများကို လည်းကောင်း၊ သာသနာ သန့်ရှင်းစင် ကြယ်နိုင်မည့် နည်းလမ်းများကိုလည်းကောင်း၊ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်း အကိုးအကား စုံလင်စွာဖြင့် ရေးသား ပြဆိုထား ပေသည်။

**ကျမ်းပြုဆရာတော်နှင့် ကျမ်းပြီးနှစ်။** ။ဤကျမ်းကို မကွေးတိုင်း တောင်တွင်းကြီးမြို့၊ ချောင်းနက်ရွာ စျေးဝန်းကျောင်းတိုက်၊ သာသနာ ရေး ဓမ္မကထိက အရှင်ဉာဏိက ရေးသားပြုစု စီရင်တော်မူသည်။ ကျမ်းပြုနှစ်မှာ ကောဇာသက္ကရာဇ် ၁၃၁၅ ခုနှစ်က ရေးသားထားခဲ့ရာ ယခု ၁၃၄၂ ခုနှစ်၌ နှစ်ပေါင်း ၂၇-နှစ်ရှိပြီဖြစ်သည်။

**ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်ခြင်း။** ။ယခုအခါ မြန်မာနိုင်ငံ တော်ဘဝန်းလုံး၌ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ပြုလုပ်ဆောင်ရွက်နေရာ၊ ဤသာသနာ သန့်ရှင်းစင်ကြယ်ရေး ကျမ်းနှင့် အံ့ဝင်ခွင်ကျ ဖြစ်နေသောကြောင့် ဘုန်းကံကြီးမားသူ ရှင်လူအများ ဖတ်ရှုမှတ်သား ကျင့်ကြံနိုင်ကြစေရန် ရည်သန်၍ ဤကျမ်းကို ဒုတိယ အကြိမ် ပြန်လည်ရိုက်နှိပ် ဖြန့်ချိခြင်း ဖြစ်ပါသတည်း။ ။

နိုင်ငံတော် ဩဝါဒါစရိယ
တောင်တွင်းကြီးမြို့နယ်၊ ချောင်းနက်ရွာ၊ ဈေးဝန်းကျောင်း
ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥာဏိက ၏

# ထေရုပ္ပတ္တိအကျဉ်းချုပ်

## ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

နိုင်ငံတော် ဩဝါဒါစရိယ ဖြစ်တော်မူ သော ဈေးဝန်းကျောင်း၊ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥာဏိကသည် တောင်တွင်းကြီးမြို့နယ်၊ ချောင်းနက်ရွာမှ ခမည်းတော် ဦးဘိုးချော၊ မယ်တော် ဒေါ်ယဉ်မယ် တို့မှ ၁၂၅၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ အင်္ဂါနေ့ တွင် ဖွားမြင်တော်မူခဲ့ပါသည်။

## ဥပသမ္ပဒ မင်္ဂလာ

ဆရာတော်ဘုရားကြီးသည် ခိဋ္ဌာဒသကအရွယ်၊ သက်တော် (၇)နှစ် ကပင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၂၇၂-ခုနှစ်၊ သက်တော် (၁၉)နှစ် (၃)လတွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော် မူခဲ့ပါသည်။

## စာမေးပွဲများ အောင်မြင်ခဲ့ခြင်း

ဆရာတော်ဘုရားကြီးသည် ရှင်သာမဏေအရွယ်ကပင် အစိုးရ ပဌမ ငယ်၊ ပဌမလတ်တန်းများကို အောင်မြင်ခဲ့ပြီးနောက်၊ ပါဠိ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆက်လက် သင်ယူ ကြိုးကုတ် အားထုတ်တော်မူခဲ့ လေသည်။

## စာပေ ပိဋကများကို ပို့ချတော်မူခြင်း

ရဟန်းသိက္ခာ (၅)ဝါအရတွင် ပိဋကတ္တယဝိဒူ ဖြစ်တော်မူပြီး စာ သင်တိုက် ဖွင့်လှစ်ကာ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်း များကို စာသင် သားအများတို့အား ပို့ချတော်မူခဲ့လေသည်။

## တရားဟောပြော ဆောင်ရွက်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် စာသင်သားအများတို့အား ပိဋကတော် များကို သင်ကြားပြသပို့ချတော်မူယင်း အနယ်နယ် အရပ်ရပ်သို့လည်း

တရားဓမ္မများကို လှည့်လည်ဟောပြော၍ သာသနာပြုတော်မူခဲ့သည်မှာ ပျံလွန်တော်မူသည်အထိပင် ဖြစ်ပါသည်။

**ခရိုင် ဝိနည်းဓိုရ်**

ဆရာတော် ဘုရားကြီး သည် ပိဋကတ္တယဝိဒူ ဖြစ်တော်မူသည့် အလျောက်လည်း ထိုထိုသောကျောင်းမှုကံမှု စသော ဝိဝါဒါဓိကရဏ်းမှုများကိုလည်း နိုင်ငံတော်အစိုးရ၏ ခရိုင်ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်တော်မူပြီး ကိုယ်တော်တိုင် စစ်ဆေး ဆုံးဖြတ် ဝိနိစ္ဆယ ချမှတ်တော်မူသော ဝိနယဓရ ဝိနယဆေက ပုဂ္ဂိုလ်ဖြစ်တော်မူပါသည်။

**ကမ္မဋ္ဌာနာစရိယ**

သက်တော် ရှယ်တော် ကြီးရင့်တော်မူလာသည့်အခါတွင် ဂန္ထဓုရမှ ဝိပဿနာ ဓုရသို့ ပြောင်းကာ ကမ္မဋ္ဌာန်းရိပ်သာဖွင့်၍ ဝိပဿနာ ဓမ္မဖြင့် ပျော်မွေ့တော်မူပါသည်။

**ကျမ်းဂန် ရေးသားခြင်း**

ဆရာတော် ဘုရားကြီးသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးတို့ဖြင့် ကိုလုံ ပြည့်ဝတော်မူသည့် အလျောက် အနာဂတ် သာသနာတော်၏ အရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းစင်ကြယ်ရေးကို မျှော်တွေးထောက်ရှု၍ ၁၃၁၅-ခုနှစ်တွင် "သာသနာ သန့်ရှင်း စင်ကြယ်ရေးကျမ်း"ကို ရေးသားတော်မူပြီး ပုံနှိပ်ဖြန့်ချိတော်မူခဲ့လေသည်။ ထိုနောက် "ပညာကြီးယာ ဝတ္ထုတည်မြဲရေးကျမ်း"ကို ဆက်လက်ရေးသားတော်မူခဲ့သော်လည်း ပုံနှိပ်ထုတ်ဝေခြင်းအဖြစ်သို့ မရောက်ခဲ့ပါပေ။

**နိုင်ငံတော်သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခြင်း**

ဆရာတော်ဘုရားကြီးသည် တောင်တွင်းကြီးမြို့နယ် "အနုသင်္ဂီတိ မဟာ နိကာယအဖွဲ့"၏ နာယကအဖြစ် ကျောင်းပေါင်း (၁၃၀) ကျောင်းတို့ကို အုပ်ချုပ်တော်မူယင်း နိုင်ငံတော်အစိုးရ၏ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးတွင် နိုင်ငံတော် သြဝါဒါစရိယအဖြစ် ရွေးချယ် တင်မြှောက်ခြင်းကို ခံယူတော်မူရကား သက်တော် (၈၁) နှစ် သိက္ခာတော် (၇၁) ဝါတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

*******

# ကန်တော့ပန်း

နိုင်ငံတော်ဩဝါဒါစရိယ ဖြစ်တော်မူသော ဤ သာသနာ သန့်ရှင်းစင်ကြယ်ရေးကျမ်းပြု ကျေးဇူးရှင် တောင်တွင်းကြီးမြို့နယ် ချောင်းနက်ဈေးဝန်းကျောင်း ဆရာတော်ဘုရားကြီး၏ ဘာသာရေးကိစ္စ၊ သာသနာရေး ကိစ္စနှင့် ပတ်သက်လာလျှင် အလွန်ပင် မှန်မြတ် ထက်သန်လှသော ဆန္ဒတော်ကား ပြင်းပြလှပါသည်။

ရန်ကုန် ကမ္ဘာအေးတွင် ကျင်းပမည့် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးသို့ တက်ရောက်ရန် သံဃ သမ္မုတိရ ကိုယ်စားလှယ် ရွေးချယ်ရာမှာ သက်တော် (၉၀) ကျော် ကြီးရင့်လှပြီး မျက်စိ မသန်သော ကြောင့် တပည့်များက စိုးရိမ် စိတ် ဖြင့် တားမြစ် လျှောက် ထားကြသည်တွင်—

> “တို့ သာသနာ့ဝန်ထမ်း ရဟန်း ဆိုတာ သာသနာ ဝန်ကို ကြီး-ငယ်မဟူ ထမ်းရွက်နေကြရမယ်၊ သာသနာ့ဝန်ကို မထမ်းပဲ နေတာထက် သာသနာ့ဝန်ထမ်းယင်း သေတာက မြတ်ပါတယ်၊ သာသနာ့ဝန် ထမ်းယင်း ကမ္ဘာအေးမှာ သေရင် ကမ္ဘာအေးမှာပဲ သင်္ဂြိုဟ်ကြပေါ့”ဟု မိန့်ကြားတော်မူခဲ့ပါသည်။

နိုင်ငံတော်တဝန်းလုံးက တောင်းဆိုနေကြသည့် သာသနာ သန့်ရှင်းဟည်တံ့ပြန့်ပွားရေးသည် ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်တွင် ရှေးယခင်ကပင် ကိန်းဝပ်လျက်ရှိနေကြောင်းကို လွန်ခဲ့သော (၂၇) နှစ်ကျော်ကာလ၊ ၁၃၁၅-ခုနှစ်က ရေးသားခဲ့သော ဤ သာသနာ သန့်ရှင်းစင်ကြယ်ရေးကျမ်းက ယင်ရှားစေခဲ့ပါသည်။

ယခုအခါ၌မှာ ဆရာတော်ဘုရားကြီး၏ ရုပ်နာမ် နှစ်ဝ ချုပ်ငြိမ်းပြီဖြစ်သော်လည်း ဆရာတော်ဘုရားကြီး၏ ရင်ဝယ် ကိန်းဝပ်ခဲ့သော သာသနာတော်ကြီးသန့်ရှင်းစင်ကြယ်စေလိုသော ဆန္ဒတော်ကား စွင့်စွင့်ငွားငွား ပွင့်လား၍ပင် လာခဲ့ပါပြီ။

## ကန်တော့ပန်း

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရုပ်နာမ်ခန္ဓာချုပ်အံ့ဆဲဆဲ ကာလမှာပင် ဆရာတော်ဘုရားကြီး၏ မျက်မှောက်တော်မှာ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကို တွေ့မြင်သွားရပြီး ဖြစ်ပါ၍ ဆရာတော် ဘုရားကြီး၏ ဆန္ဒတော်နှင့်အညီ သာသနာ သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဗုဒ္ဓဘာသာဝင် သူတော်စင်များ အားလုံးက နိုင်ငံတော် သံဃနာယကအဖွဲ့များ၏ လမ်းညွှန်မှုဖြင့် ကြိုးပမ်းသွားတော့မည် ဖြစ်ပါကြောင်းကို လျှောက်ထားယင်း ကန်တော့ပန်းဖြင့် ဝန္ဒာမိပါ ဘုရား....။

(ရင်မောင်)
ဥက္ကဋ္ဌ
မြို့နယ်ပြည်သူ့ကောင်စီ
တောင်တွင်းကြီးမြို့။

တောင်တွင်းကြီးမြို့။
ရက်စွဲ ၁၉၇၀-ပြည့်နှစ်၊ နိုဝင်ဘာလ။

# သာသနာ သန့်ရှင်းစင်ကြယ်ရေး

## ပဏ္ဏာမနှင့် အာသီသပတ္ထနာ

## အခန်း (၁)

နမော တဿ ယတော မဟိမတော ယဿ တမော န။

(ပဋိလောမယမက)

ဣမံ ယောနေကဝါရမ္ပိ၊ အာဂန္တွာ ဇန္တုနံ ဟိတံ။
အကာ မောဟန္ဓဝိဒ္ဓံသိ၊ ဇောတေတု သာသနံ စိရံ။

ပထျာဝတ္တအာသီသဂါထာ။

### ပဋိလောမယမက၏ မြန်မာပြန်ကား

ယတော မဟိမတော၊ အကြင် မဟာကရုဏာတော်,စေ့ဆော်ပြဋ္ဌာန်း ဖြည့်စွမ်းအပ်သော ပါရမီသမ္ဘာ ဂုဏ်တေဇောကြောင့်။ ယဿ၊ သုံးလူ့ ထွတ်တင် ဒိုသခင်အား။ တမော၊ ယထာဘူတ သဒ္ဓမ္မကို မပြပိတ်ဖုံး အဝိဇ္ဇာတည်းဟူသော မှောင်လုံးသည်။ န၊ အရဟတ္တမဂ်ဖြင့် ပယ်ဖျက် ၍ ပြီးလေပြီ။ တဿ၊ ထို သုံးလူ့ထွတ်တင် ဒိုသခင်အား။ နမော၊ ကြည်နူးဝမ်းမြောက်စွာ ရှိခိုးပါ၏။

### အာသီသဂါထာ မြန်မာပြန်

ယော တထာဂတော၊ အကြင် မြတ်စွာဘုရားသည်။ ဣမံ ရဋ္ဌံ၊ ပြည်ထောင်စုမြန်မာ တိုင်းပြည်သာသို့။ အနေကဝါရမ္ပိ၊ အကြိမ်များ စွာ အခေါက်ခေါက် အခါခါလည်း။ အာဂန္တွာ၊ ရွှေစကြာနှစ်လီ ဖြင့် ကြွချီဖြန့်မြန်းတော်မူ၍။ ဇန္တုနံ၊ တိုင်းသူပြည်သား လူအများတို့၏။ ဟိတံ၊ လောကီလောကုတ္တရာ ကျိုးနှစ်ဖြာကို။ ဝါ၊ ပစ္စုပ္ပန် တမလွန် ကျိုးနှစ်တန်ကို။ စိရံ၊ ကြာမြင့်အောင်။ ဝါ၊ စိရံ စိရပတိဋ္ဌိတံ၊ ကာလ အရှည် တည်အံ့သည်ကို။ အကာ၊ ဖလသမာပတ် အထပ်ထပ် ဝင်စား

လျက် ပြန့်ပွားအောင် ပြုတော်မူလေပြီ။ တဿ၊ ထိုမြတ်စွာဘုရား၏။ သာသနံ၊ ရခဲစွာလှ ဒုလ္လဘစစ် ဖြစ်ကြီးဖြစ်သော ရှင်ချစ်မိန့်မှာ သာသနာသည်။ မောဟန္ဓဝိဒ္ဓံသိ၊ သာသနာတော်၏ ဆူးငြောင့်ခလုတ်ကို အပြုတ်ပယ်ရှားလျက်။ ဇောတေတု၊ နေဝါလဝန်း ဘဝဂ်ချဉ်းအောင် ထွန်းလင်းတောက်ပတော်မူပါစေသတည်း။

## သာသနာတော်သုံးပါး

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသည့်နောက် သတ္တဝါတို့၏ နတ်ရွာ နိဗ္ဗာန်လမ်းကို သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ ဖွင့်သောအားဖြင့် အနှစ်ငါးထောင်ပတ်လုံး သာသနာတော်တည်ရစ်စေဟု မိဋ္ဌာန်၍ ထားတော်မူခဲ့သော သာသနာတော်သည်—

(၁) ပရိယတ္တိသာသနာတော်။

(၂) ပဋိပတ္တိသာသနာတော်။

(၃) ပဋိဝေဓသာသနာတော်—

ဟူ၍ သုံးပါးရှိသည်။ ထိုသုံးပါးတို့တွင် မြတ်စွာဘုရားသည် လေးဆဲ့ငါးဝါပတ်လုံး ဟောတော်မူအပ်သော သာမုက္ကံသိက ဗုဒ္ဓမြတ်စွာ၏ စကားဖြစ်သော သုတ်, ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော ပါဠိတော်၊ ထိုပါဠိတော်တို့၏ ယထာဘူတ ဂူဠှတ္ထကို ဖွင့်ပြသော အဋ္ဌကထာများ၊ ဤပါဠိတော် အဋ္ဌကထာတို့ကို သင်ကြားတတ်မြောက်သော ပိဋကတ္တယ ပါရဂူဖြစ်တော်မူသော ထိုထိုကျမ်းပြု ဆရာတော်တို့၏ သာသနာတော် တံတိုင်းစည်းဝိုင်းအတွင်းမှ မထွက်ပဲ သာသနာနုပရောဓဖြစ်သော ဋီကာ, အနုမဓုစသော ဓမ္မက္ခန္ဓာ စာပေကျမ်းဂန်စုတို့သည် ပရိယတ္တိသာသနာတော်မည်၏။

ထိုပရိယတ္တိကို သင်ကြားတတ်မြောက်သော ပုဂ္ဂိုလ်အား ထိုစာပေကျမ်းဂန်မှ မွေးထုတ်ပေါ်ထွက်လာသော ကျင့်-ကြံ-အားထုတ်မှု ဖြစ်သော ကျင့်ဝတ်ပဋိပတ်စုသည် ပဋိပတ္တိသာသနာမည်၏။

အထက်ပါ ကျင့်ဝတ်ပဋိပတ်ကို နည်းနာနယ ကျနမှန်ကန်စွာ ကျင့်ကြံအားထုတ်သဖြင့် ရရှိခံစား မျက်မှောက်ပြုရသော မဂ်, ဖိုလ်

နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးသည် ပဋိဝေဓသာသနာတော် မည်၏။

## ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်ခြင်း

မြတ်စွာဘုရားသည် ဝေရဉ္ဇာပြည်၌ ဒွါဒသမဝါဆိုတော်မူသော အခါ အရှင်သာရိပုတ္တရာမထေရ် လျှောက်ထားသည်ကား "အရှင်ဘုရား ပွင့်တော်မူပြီးသော မြတ်စွာဘုရားတို့၏ သာသနာတော်တို့သည် နှစ်ကာလအားဖြင့် ညီတူ ညီမျှ တည်တော်မူကြပါသလား။ သို့တည်းမဟုတ် ကာလပရိစ္ဆေဒအားဖြင့် ခြားနားခြင်းရှိကြပါသလားဘုရား" ဟု လျှောက်ထားရာ မြတ်စွာဘုရားက "ထူးခြားစွာ မတူကြကြောင်း" ကို မိန့်တော်မူလျှင် အရှင်သာရိပုတ္တရာမထေရ်က ခြားနားခြင်း၏ အကြောင်းကို မေးလျှောက်ရာ သာရိပုတ္တရာ အချို့သော မြတ်စွာဘုရားတို့သည် တပည့်သာဝကတို့အား ဝိနည်းသိက္ခာပုဒ်တော်ကို အကျဉ်းအားဖြင့် ပညတ်တော်မူသည်။ အကျယ်ဝေဖန်၍ ပညတ်တော်မမူ။ ထိုအခါ ကျပ်ကည်း ကျဉ်းမြောင်းသဖြင့် သာသနာတော်သို့ ဝင်ရောက်၍ ထမ်းရွက်သူ နည်းသောကြောင့် ထိုမြတ်စွာဘုရား၏ သာသနာ ရှည်မြင့်စွာမတည်နိုင်။ အချို့သော မြတ်စွာဘုရားတို့သည် တပည့်သာဝကတို့အား ဝိနည်းသိက္ခာပုဒ်တို့ကို အကျဉ်းအားဖြင့်သာ ပညတ်တော်မမူပဲ အကျယ်ဝိတ္ထာရအားဖြင့် ဝေဖန်၍ ပညတ်တော်မူသည်။ ထိုအခါ ရှောင်သာ တမ်းသာရှိသဖြင့် သာသနာတော်သို့ဝင်၍ ကျင့်ကြံ အားထုတ်သူ အဆက်ဆက်များသောကြောင့် ထိုမြတ်စွာဘုရား၏ သာသနာတော် ရှည်မြင့်စွာ တည်သည်ဟု ဟောတော်မူသည်။ ဤသို့ ဟောတော်မူသော စကားတော်၌ သာသနာတော် ရှည်မြင့်စွာ တည်သည်မှာ ဝိနည်း သိက္ခာပုဒ်တော်ကို အကျယ်ဝေဖန်၍ ပညတ်တော်မူခြင်းကြောင့်သာဖြစ်၍ ဝိနည်း ပိဋကတ်တော်ကို သာသနာတော်၏ အသက်ဟု အဋ္ဌကထာဆရာတို့ မိန့်တော်မူကြသည်။

## ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာတော်နှင့် နှိုင်းယှဉ်ချက်

ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူ၍ သက်တော် (၈၀၀၀၀) ရှစ်သောင်းတွင် ပရိ

နိဗ္ဗာန် စံတော်မူသည်။ ထိုမြတ်စွာဘုရား၏ သာသနာတော်မှာ အသက်တော်၏နှစ်ဆ (၁၆၀၀၀၀) တသိန်းခြောက်သောင်းသာ တည်တော်မူသည်။ မြတ်စွာဘုရား၏ မျက်မှောက်တွင် ရဟန်းဖြစ်သော သမ္မုခါသာဝကတို့ လက်ထက်၌သာတည်သည်။ နောက် ပရမ္မုခါသာဝက မရှိသဖြင့် သာသနာတော် ကွယ်လေတော့သည်။

ဤကမ္ဘာမှ ပြန်၍ရေသော် သုံးဆယ့်တကမ္ဘာထက်၌ ဘုရားနှစ်ဆူပွင့်တော်မူရာ သိခီမြတ်စွာဘုရားသည် သက်တော် (၇၀၀၀၀) ခုနစ်သောင်းရှည်တော်မူ၍ သာသနာတော် (၁၄၀၀၀၀) တသိန်းလေးသောင်းတည်တော်မူသည်။ ထိုနောက် ပွင့်တော်မူသော ဝေဿဘူမြတ်စွာဘုရားသည် သက်တော် (၆၀၀၀၀) ခြောက်သောင်းရှည်တော်မူ၍ သာသနာတော် (၁၂၀၀၀၀) တသိန်းနှစ်သောင်း တည်တော်မူသည်။ အသက်တော်၏ နှစ်ပြန် နှစ်ဆသာ တည်သောကြောင့် သာသနာရှည်မြင့်စွာ မတည်ဘု ဆိုရသည်။ ဤကမ္ဘာတွင် ရှေးဦးစွာပွင့်သော ကကုသန်မြတ်စွာဘုရားသည် သက်တော် (၄၀၀၀၀) လေးသောင်း ရှည်တော်မူ၍ သာသနာတော်မှာ သာဝက အဆက်ဆက်အားဖြင့် ကြာမြင့်စွာ တည်တော်မူသည်။ ထို့နောက် ကောဏာဂုံမြတ်စွာဘုရားသည် သက်တော် (၃၀၀၀၀) သုံးသောင်းရှည်တော်မူ၍ သာသနာတော်သည် တပည့်အဆက်ဆက်အားဖြင့် ရှည်မြင့်စွာတည်လေသည်။ ထို့နောက် ကဿပမြတ်စွာဘုရားသည် သက်တော် (၂၀၀၀၀) နှစ်သောင်း ရှည်တော်မူ၍ သာသနာတော်သည် ကကုသန်စသော နောင်တော်ဘုရားတို့ကဲ့သို့ ရှည်မြင့်စွာတည်တော်မူသည်။ ထို့နောက် ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားသည် လူတို့အသက်တမ်း(၁၀၀) တရာတမ်းတွင် ပွင့်တော်မူ၍ သက်တော် (၈၀) ရှစ်ဆယ်ရှည်တော်မူ၍ သာသနာတော်သည် ပရမ္မုခါတပည့် အဆက်ဆက်အားဖြင့် အသက်တော်၏ (၆၂) ခြောက်ဆယ့်နှစ်ဆ၊ အနှစ် (၅၀၀၀) ငါးထောင် တည်တော်မူသည်။

## ဂေါတမမြတ်စွာဘုရား၏ အသက်တော်နှင့် သာသနာတော်ကို ရှင်းလင်းချက်

ဂေါတမမြတ်စွာဘုရားသည် ကဿပမြတ်စွာဘုရား၏ အသက်တော်ကို ထက်ဝက်လျော့သောအားဖြင့် အနှစ်တသောင်းတမ်းတွင် ပွင့်တော်မူသင့်ပါလျက် ပါရမီတော် မရင့်သန်သေးသောကြောင့် အနှစ်တရာတမ်းကျမှ ပွင့်တော်မူရသည်။ ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့ကို ရှာမှီးစဉ် သဗ္ဗညုတဉာဏ်တော်ကို ရင့်သန်စေစဉ်အတွင်း အနှစ်တရာတမ်းသို့ ရောက်လာမှ ပွင့်တော်မူရသည်။

ဂေါတမမြတ်စွာဘုရား သာသနာတော် (၅၀၀၀) ငါးထောင်တည်ကြောင်းကို အဋ္ဌကထာများ၌ သေချာစွာ ခွဲဝေဖန်လျက် ဖွင့်ပြကြသည်။ ပြပုံကား—

### သာသနာငါးထောင်

ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿသဟဿံ၊ အနာဂါမီဟိ ဝဿသဟဿံ၊ သကဒါဂါမီဟိ ဝဿသဟဿံ၊ သောတာပန္နေဟိ ဝဿသဟဿံ၊ ဧဝံ ပဉ္စဝဿသဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌာတိ၊ (စူဠဂါခါအဋ္ဌကထာ ဘိက္ခုနီခန္ဓကအဖွင့်)

### ဤအဋ္ဌကထာအလိုကျ အမိပ္ပါယ်မှာ

(၁) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် အနှစ်တထောင်။
(၂) သုက္ခဝိပဿကရဟန္တာခေတ် အနှစ်တထောင်။
(၃) အနာဂါမ်ခေတ် အနှစ်တထောင်။
(၄) သကဒါဂါမ်ခေတ် အနှစ်တထောင်။
(၅) သောတာပန်ခေတ် အနှစ်တထောင်။

ဤသို့လျှင် ငါးထောင်စေ့အောင် ရေတွက်၍ ဖွင့်ပြလေသည်။

ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ၊ ဆဠဘိညေဟိ ဝဿသဟဿံ၊ တေဝိဇ္ဇေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿသဟဿံ၊ ပါတိမောက္ခေဟိ ဝဿသဟဿံ။

(ပါထေယျအဋ္ဌကထာ-သမ္ပသာဒ သုတ်။)

## ဤအဋ္ဌကထာအလိုကျ အဓိပ္ပါယ်မှာ

(၁) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် အနှစ်တထောင်။
(၂) ဆဠဘိညရဟန္တာခေတ် အနှစ်တထောင်။
(၃) တေဝိဇ္ဇရဟန္တာခေတ် အနှစ်တထောင်။
(၄) သုက္ခဝိပဿကရဟန္တာခေတ် အနှစ်တထောင်။
(၅) သောတာပန်စသော အရိယာခေတ် အနှစ်တထောင်။

ဤအဋ္ဌကထာ၌လည်း ငါးထောင်စေ့အောင် ရေတွက်၍ပြသည်။

ဗုဒ္ဓါနံ ပရိနိဗ္ဗာနတော ဝဿသဟဿံမေဝ ပဋိသမ္ဘိဒါ နိဗ္ဗတ္တေတုံ သက္ကောန္တိ။ တတော ပရံ ဆဠဘိညာ၊ တတောပိ အသက္ကောန္တေ တိဿော ဝိဇ္ဇာ နိဗ္ဗတ္တေန္တိ။ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ နိဗ္ဗတ္တေတုံ အသက္ကောန္တာ သုက္ခဝိပဿကာ ဟောန္တိ။ ဧတေနေဝ နယေန အနာဂါမိနော သကဒါဂါမိနော သောတာပန္နာတိ။ ။အင်္ဂုတ္တိုရ်အဋ္ဌကထာ ပမာဒါဒိဝဂ်။

သမ္မောဟဝိနောဒနီအဋ္ဌကထာ။

ဤ အဋ္ဌကထာတို့၌လည်း ငါးထောင့်စေ့အောင်ပင် ဖွင့်ပြတော်မူသည်။ ဤအဋ္ဌကထာနှစ်ဆောင်က ရေတွက်ပုံသည် ဒီဃနိကာယ် ပါထေယျအဋ္ဌကထာ ရေတွက်ပုံနှင့် တူ၏။

ဤသို့ ဝိနည်း, သုတ်, အဘိဓမ္မာ အဋ္ဌကထာတို့ တညီတညွတ်ထည်း သာသနာတော်၏ အနှစ်ငါးထောင်တည်မည်ဟု ပြဆိုကြသောကြောင့် အနှစ်ငါးထောင် မစေ့မခြင်း တည်သည်ဟူ၍သာ ယုံကြည်စိတ်ချ၍ ဘန္ဒိဌာန်ချ မှတ်သားသင့်ပေသည်။

ဝိနည်း, စူဠဝဂ္ဂပါဠိတော် ဘိက္ခုနီခန္ဓကဥ် မိထွေးတော် ဂေါတမီ သာသနာတော်ဝင်၍ ရဟန်းပြုရန် အရှင်အာနန္ဒာ လျှောက်ထားရာ မြတ်စွာဘုရားက မာတုဂါမများကို ရဟန်းပြုရန် ခွင့်မပြုလျှင် သာသနာတော် အနှစ်တထောင်တည်မည်ဟု "ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ" ဟု ဟောတော်မူရာဝယ် ပဋိသမ္ဘိဒါပတ္တဆဠဘိည တေဝိဇ္ဇ စသော ရဟန္တာအရှင်မြတ်ကြီးများ၏ ပဋိသမ္ဘိဒါသော သဒ္ဓမ္မတို့ အပြည့်အစုံ အနှစ်တထောင်အတွင်း၌သာ တည်မည်။ တထောင်လွန်လျှင် ပဋိသမ္ဘိဒါမည်သော သဒ္ဓမ္မကွယ်မည်ကိုသာ ရည်၍ ဟောတော်မူသည်။ သဒ္ဓမ္မမည်သမျှ အကုန်ကွယ်မည်ကိုရည်၍ ဟောတော်မမူ၊ မဂ်ဖိုလ် နိဗ္ဗာန် ပဋိပတ်ပရိယတ်တို့သည်လည်း သဒ္ဓမ္မပင်ဖြစ်သောကြောင့် ပဋိသမ္ဘိဒါသဒ္ဓမ္မပင် ကွယ်သော်လည်း ပဋိပတ် ပရိယတ်စသော သဒ္ဓမ္မတို့ တည်လျှင် သာသနာတည်သည်။ အပြည့်အစုံကား မတည်။ ဘာမျှ မယိုယွင်းပဲ အပြည့်အစုံတည်သည်ကိုသာရည်၍ အနှစ်တထောင်တည်ရာ၏ဟု ဟောတော်မူသည်။ သဒ္ဓမ္မမည်သော သာသနာ အကုန်ကွယ်မည်ကို ရည်၍ ဟောတော်မမူ။ ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော်သည် ရည်ရွယ်တော်မူချင်းအတိုင်း ငါးထောင်ပတ်လုံး တည်သည်ဟူ၍သာ ယုံကြည်စိတ်ချရာ၏။

## သာသနာတော်၌ အံ့ဩချီးမွမ်းဖွယ်အချက်ကြီး (၈) ပါး

**၁။ အစဉ်နက်ဝှမ်း။** ။သာသနာတော်ကို လိုရင်းကောက်နှုတ်သော် သီလ သမာဓိ ပညာ-ဟူ၍ သုံးပါးရ၏။ ထိုသုံးပါးတို့တွင် သီလသည် အစမည်၏။ ထို့ကြောင့် သီလေ ပတိဋ္ဌာယ နရော ဟု ဟောတော်မူသည်။ သမာဓိသည် အလယ်မည်၏။ ပညာသည် အဆုံးမည်၏။ ထို့ကြောင့် စိတ္တံ ပညဉ္စ ဘာဝယံ-ဟူ၍ သဂါထာဝဂ္ဂသံယုတ်၌ ဟောတော်မူသည်။ ထိုသုံးပါးတို့တွင် အစဖြစ်သော သီလဘက် သမာဓိ နက်နဲသည်။ ထူထောင်နိုင်ခဲသည်။ အလယ်ဖြစ်သော သမာဓိထက် အဆုံးဖြစ်သော ပညာက နက်နဲသည်။ ထူထောင်နိုင်ခဲသည်။ ထမြောက်အောင်မြင်ခဲသည်။ ဤသို့ အစဉ်အတိုင်း နက်နဲ ခက်ခဲမှုသည် အံ့ဩချီးမွမ်းစရာ ဖြစ်သည်။

၂။ ကမ်းကိုမလွန်။ ။မြတ်စွာဘုရား၏ တပည့်သာဝကများသည် အသက်၏အန္တရာယ်ပင် တွေ့သော်လည်း သိက္ခာပုဒ်တည်းဟူသော စည်းစောင်ရန်းကို မလွန်ခြင်းသည် အံ့ဩချီးမွမ်းစရာ ဖြစ်သည်။

၃။ ရွံ့ဘွယ်ဆယ်ပစ်။ ။တပည့်သာဝကထဲမှ သီလမရှိသော ဒုဿီလပါပပုဂ္ဂိုလ်ကို မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းရှိလျှင် ထိုပုဂ္ဂိုလ်နှင့် အတူကံပြုခြင်း၊ အတူပါတိမောက်ပြခြင်း၊ အတူ သိက္ခာဖြည့်ကျင့်မှုမှ ရှောင်ကြဉ်ခြင်းသည် အံ့ဩချီးမွမ်းစရာ တပါးဖြစ်သည်။

၄။ တမည်ဖြစ်ခြင်း။ ။အိန္ဒိယနိုင်ငံတွင် ဇာတ်အမျိုးမျိုးရှိရာ မြတ်စွာဘုရားသာသနာတွင် ရဟန်းပြုလျှင် မိမိဇာတ်ကိုစွန့်၍ အကျင့်တမျိုးတည်း သကျပုတ္တိယဟု အမည်တမျိုးတည်း ဖြစ်ခြင်းသည် အံ့ဩချီးမွမ်းစရာ တပါးဖြစ်သည်။

၅။ မယွင်းမတိုး။ ။နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ပေါင်း သင်္ချေ သင်္ချာ များစွာရှိသော်လည်း နိဗ္ဗာန်သည် နည်းသွားပြီ ကုန်သွားပြီဟူ၍ မရှိ။ နိဗ္ဗာန်ကို မျက်မှောက်ပြုသူ နည်းသောအခါလည်း နိဗ္ဗာန်သည် တိုးလာသည် များလာသည်ဟူ၍ မရှိခြင်းသည် အံ့ဩချီးမွမ်းစရာ တပါးပင်ဖြစ်သည်။

၆။ ပြည့်ဖြိုးရတနာ။ ။လောကုတ္တရာ ရတနာကိုးပါးသည် သာသနာတွင်း၌သာ ရှိသည်။ သာသနာတော်မှအပ ဗာဟိရကဝါဒ၌ မဂ်ဖိုလ် နိဗ္ဗာန်ဟူ၍မရှိ၊ ဤသို့ သာသနာတွင်း၌သာ ရတနာရှိခြင်းသည် အံ့ဩချီးမွမ်းစရာတပါး ဖြစ်သည်။

၇။ ရသာတခု။ ။သာသနာတော်တွင်း၌ ဆုအမျိုးမျိုးပန်၍ နိဗ္ဗာန်ကို အမျိုးမျိုးဝင်ကြသော်လည်း ဝဋ်သုံးပါးမှ ကျွတ်လွတ်ခြင်းဟူသော ဝိမုတ္တိရသ တပါးသာရှိသည်။ သာဝကနိဗ္ဗာန်၊ ပစ္စေကဗုဒ္ဓါတို့ နိဗ္ဗာန်၊ မြတ်စွာဘုရား၏ နိဗ္ဗာန်ဟု အသီးအခြားမရှိ၊ ကိလေသာ အာသဝေါကုန်၍ ဘုံဘဝအမျိုးမျိုးမှ လွတ်ခြင်းသည်လည်း အံ့ဩချီးမွမ်းစရာ တပါးပင် ဖြစ်ပါသည်။

ဂ။ ကြီးသူ့နေရာ။ ။သာသနာတော်၏ အတွင်း၌ ဂုဏ်အားဖြင့် လွန်စွာကြီးမား၍ သံသရာတွင် တခါမျှမရဘူးသော သောတာပန်ပုဂ္ဂိုလ်ကြီး၊ သကဒါဂါမိပုဂ္ဂိုလ်ကြီး၊ အနာဂါမိပုဂ္ဂိုလ်ကြီး၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပဋိသမ္ဘိဒါပတ္တရဟန္တာ၊ ဆဠဘိညရဟန္တာ၊ တေဝိဇ္ဇရဟန္တာ၊ သုက္ခဝိပဿကရဟန္တာ စသည်ဖြင့် သုံးဆယ့်ဘုံတွင် ရှေးဦးစွာ ကျွတ်လွတ်၍ အကြီးဆုံးပုဂ္ဂိုလ်တို့၏ တည်နေရာ မှီခိုရာ ကိန်းအောင်းရာ ဖြစ်ခြင်းသည်လည်း အံ့သြချီးမွမ်းစရာ တပါးပင် ဖြစ်ပေသည်။ ဤသို့ အံ့သြချီးမွမ်းစရာ အချက်တို့ဖြင့် ပြည့်နှက်လျက်ရှိသော သာသနာတော်ကို ဒုဗ္ဗလကံ ပြုပြင်စီမံသော ပုဂ္ဂိုလ်တို့နှင့် မတန်မရာ၊ ပုညဝန္တဗလဝကံရှိသော ပုဂ္ဂိုလ်တို့သာ သာသနာနှင့် ထိုက်တန်သဖြင့် သာသနာတော်ကို များစွာချီးမြှောက်ရန် သင့်လှပေသည်။ စဉ်းစားဆင်ခြင်ကြလေကုန်။

## သာသနာတော်မှ ရသောအမြတ်

သာသနာတော်နှင့် တွေ့ကြုံရသော ကလျာဏပုထုဇဉ် သူတော်စင်အပေါင်းတို့သည် ရခဲလှစွာသော လူ့ဘဝကို ရကြသည်အားလျော်စွာ ရခဲလှစွာသော အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံသော သာသနာတော်မှ ရသင့်ရထိုက်သော ကျေးဇူးတရား ပေါ်ထွက်နိုင်သမျှ အမြတ်များကို ကြိုးစား၍ရအောင် ယူသင့်ကြပေသည်။ ပေါ်ထွက်လာနိုင်သော အမြတ်များမှာ—

ဒဿနံ သဝနံ လာဘော၊ သိက္ခာ စ ပါရိစရိယာ။
အနုဿတာ စ ဆ အနု-တ္တရိယာ ဟောန္တိ ဘေဒတော။
ရတနာသင်္ဂဟ။

အနက်ကား။ အနုတ္တရိယာ၊ အနုတ္တရိယတရားတို့သည် (၆) အမြတ်ဆုံးဖြစ်သော တရားတို့သည်။ ဘေဒတော၊ အပြားအားဖြင့်။ ဒဿနဉ္စ၊ ဒဿနာနုတ္တရိယ တရားရင်း။ သဝနဉ္စ၊ သဝနာနုတ္တရိယ တရားရင်း။ လာဘော စ၊ လာဘာနုတ္တရိယတရားရင်း။ သိက္ခာ စ၊ သိက္ခာနုတ္တရိယ တရားရင်း။ ပါရိစရိယာ စ၊ ပါရိစရိယာ နုတ္တရိယ တရားရင်း။

အနုဿတာ စ၊ အနုဿတာနုတ္တရိယ တရားငှင်း။ ဣတိ၊ ဤသို့။ ဆ၊ ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သာသနာတော်တွင်း၌သာရယူနိုင်သဖြင့် သာသနာတော်၏ အမြတ်ဆိုထိုက်သော အနုတ္တရိယဖြစ်သော တရားတို့သည်—

(၁) ဒဿနာနုတ္တရိယ။
(၂) သဝနာနုတ္တရိယ။
(၃) လာဘာနုတ္တရိယ။
(၄) သိက္ခာနုတ္တရိယ။
(၅) ပါရိစရိယာနုတ္တရိယ။
(၆) အနုဿတာ နုတ္တရိယ—

ဟူ၍ ခြောက်ပါးရှိသည်။

## ၁-ဒဿနာနုတ္တရိယ

ထိုခြောက်ပါးတို့တွင် ၁။ ဒဿနာနုတ္တရိယ- မျက်စိမှ အမြတ်ဆုံးကုသိုလ်ရခြင်းဟည်း၊ မျက်စိသည် လောကီဝတ္ထုဖြစ်သော ဆင်, မြင်း, သားသမီး, ပွဲသဘင် စသည်တို့ကိုကြည့်လျှင် များသောအားဖြင့် ရာဂ, ဒေါသ စသော အကုသိုလ်သာဖြစ်သည်။ ကုသိုလ်မဖြစ်၊ ဘုရား ရဟန္တာတို့ကို ဖူးမြင်လျှင် သက္ကစ္စဂါရဝ နိဝါတဖြစ်၍ ကုသိုလ်ဖြစ်သည်။ ထိုကုသိုလ်သည် သာသနာတွင်း၌သာ ဖြစ်၍ ဒဿနာနုတ္တရိယ ဖြစ်သည်။ မျက်စိမှရသော အမြတ်ဆုံးကုသိုလ်ဟု ဆိုသည်။ အဘယ်ကြောင့် မြတ်သနည်း၊ ဖူးမြင်ရ၍ စိတ်ကြည်နူးရုံမျှဖြင့် ရာဂပရိယုဋ္ဌိတ စသည် မဖြစ်သောကြောင့် နတ်ရွာနိဗ္ဗာန်သို့ ရောက်ခြင်းအကြောင်း ဖြစ်သည်။ ရောက်ကြသော ပုဂ္ဂိုလ်တို့တွင် အမြွက်မျှ ထုတ်ပြပါမည်။

## မြတ်စွာဘုရားနှင့် မဋ္ဌကုဏ္ဍလီ

သာဝတ္ထိမြို့တွင် ဘာမျှမလှူဒါန်းသောကြောင့် အဒိန္နပုဗ္ဗကအမည်တွင်သော သူဌေးတယောက်မှာ သားတယောက်ရှိသည်။ ထိုသားကို နားတောင်း ဝတ်ဆင်ရန် ရွှေပန်းထိမ်ကိုငှါးလျှင် လက်ခကုန်မည်စိုးသော

ကြောင့် သူဌေးကိုယ်တိုင် လုပ်၍ဆင်သောကြောင့် မင္ဂကုဏ္ဍလီဟုခေါ်ကြ
သည်။ တဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ ဖျော့တော့သော
ရောဂါဖြစ်၍ ကုစားရန် ဆရာခေါ်သော်လည်း ကုရမည်မထင်၍ဆရာပြန်
သွားရာ သေခါနီး၍ ပစ္စည်းကို အခြားလူမြင်မည်စိုးသဖြင့် အိပ်ရာတိုက်
ခန်းမှ အပြင်ခန်းသို့ ရွှေ့ထားလေသည်။ ထိုအခါ မြတ်စွာဘုရားသည်
ဉာဏ်တော်၌ ထင်လာသဖြင့် သနားတော်မူလှ၍ နတ်ပြည်ရောက်အံ့သော
အကြောင်းကိုပြုအံ့ဟု သံဃာတော်များစွာ ခြံရံလျက် သာဝတ္ထိမြို့ထဲသို့
အိမ်စဉ်အတိုင်း ဆွမ်းရပ်ကြွတော်မူရာ မင္ဂကုဏ္ဍလီအိမ်အနီးသို့ ရောက်
တော်မူလေလျှင် မင္ဂကုဏ္ဍလီသည် အတွင်းဘက်သို့ မျက်နှာလှည့်၍
လျောင်းနေသဖြင့် ကိုယ်တော်ကို မဖူးမြင်ရကြောင်း သိတော်မူလျှင်
ရောင်ခြည်တော်ကို လွှတ်တော်မူရာတွင်မှ အဖကိုမေး၍ မြတ်စွာဘုရား
ဆွမ်းရပ်ကြွလာကြောင်းပြောလျှင် တဖက်ကိုစောင်း၍ ဖူးမြင်ကြည်ညို
ပြီးလျှင် စုတိစိတ်ကျ၍ မြတ်စွာဘုရားကို ဖူးတွေ့ကြည်နူးလိုက်ရသော
ဒဿနာနုတ္တရိယကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ မင္ဂကုဏ္ဍလီ
နတ်သားဖြစ်ရသည်။

ဤမင္ဂကုဏ္ဍလီသူဌေးသားမှာ အခြားကုသိုလ် ဘာမျှမရှိ၍ သေခါနီး
ရာဖကို အပြစ်တင်သွားသည်။ ဤကဲ့သို့သော ဘုရားကို မဆည်းကပ်
မကိုးကွယ် မလှူဒါန်းရသည်ကို အဖကြောင့်သာဟု အပြစ်တင်၍သေ
သွားရရှာသည်။ မြတ်စွာဘုရားကို ဖူးမြင်ကြည်နူးလိုက်ရသော ဒဿနာ
နုတ္တရိယ ကုသိုလ်က နတ်ဘုံရောက်အောင်ပို့သည်ဟု မှတ်ရမည်။ ဤကဲ့သို့
ကိုယ်တွေ့မျက်မြင် ဖူးတွေ့ရသည်ကို ထားဘိဦး၊ ဘုရားကိုဖူး၍ ကြည်နူးလို
သော စိတ်သန်သည် ရှိသော် မဖူးရသော်လည်း နတ်ရွာနိဗ္ဗာန်၏ အ
ကြောင်း ဖြစ်နိုင်သည်။ ဖြစ်နိုင်ကြောင်းကို ပြဦးအံ့-

## သိဒ္ဓတ္ထမြတ်စွာဘုရားနှင့် ပုဏ္ဏားရသေ့ဂဏာစရိယ

လောကသုံးပါး၌ သိဒ္ဓတ္ထမြတ်စွာဘုရား ပွင့်တော်မူသောအခါ ပုဏ္ဏား
တယောက်သည် ဆရာဂါသကိုပယ်၍ ဟိမဝန္တာဝယ် ရသေ့လုပ်၍ များ
စွာသောရသေ့တို့ကို ဆုံးမသောကိုဏ်းဆရာကြီးဖြစ်၍နေလေ၏။ တနေ့
သောအခါ တပည့်တယောက်သည် လူများ၏အထံမှ လူ့ပြည်တွင်ဘုရား

ပွင့်တော်မူကြောင်း သတင်းကောင်းရခဲ့သဖြင့် ထိုသတင်းကို ဂိုဏ်းဆရာကြီးအားပြောကြားရာ ဆရာကြီးသည် တပည့်အားလုံးကို စည်းဝေး၍ လူ့ပြည်၌ ဘုရားပွင့်ကြောင်း ဖူးတွေ့ရရန် ခဲယဉ်းကြောင်း။ ထို့ကြောင့် တပည့်အားလုံးနှင့်အတူ ဘုရားဖူးကြရန် တိုင်ပင်၍ အားလုံးဘုရားဖူးသွားကြလေသော် လမ်းခရီးအကြား ဘုရားကျောင်းတော်ရောက်ရန် နှစ်ယူဇနာခွဲမျှဝေးကွာသောအရပ်သို့ရောက်လျှင် အပြင်းအထန်မမာပဲ ထိုနေရာတွင်ပင် သေရှာလေတော့သည်။ ဘုရားကို မဖူးတွေ့လိုက်ရ။

ဤသို့ဘုရားကို ဖူးတွေ့ကြည်ညိုလိုသော ဇောစေတနာ, အပါယ်လေးပါးသို့မလားပဲ လူ့ဘုံ, နတ်ဘုံတို့၌ ပြောင်းလဲကျင်လည်၍လာခဲ့ရာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် နှစ်ပေါင်းနှစ်ရာ့တဆယ့်ရှစ်နှစ်တွင် ဓမ္မာသောကမင်းကြီး၏ညီတော်-ဝီတသောကမင်းသား ဖြစ်လာ၏။ ထိုမင်းသားသည် မင်းသားဖြစ်စဉ်ကပင် ဂိရိဒတ္တမထေရ်၏ အထံ၌ သုတ္တန်ပိဋကတ်နှင့် အဘိဓမ္မာ ပိဋကတ်ကို လေ့လာသင်ကြားဘူးသည်။ တနေ့သ၌ ဆတ္တာသည်ကိုခေါ်၍ ဆံမုတ်ဆိတ်တို့ကို ပြုပြင်စေရာ ဆတ္တာသည်၏ လက်မှုမှန်ကိုယူ၍ မိမိကိုယ်ကို ရှုဆင်ခြင်ရာ ဆံဖြူခြင်း, အရေတွန့်လိပ်ခြင်းတို့ကိုမြင်၍ သံဝေဂရပြီးလျှင် ဂိရိဒတ္တမထေရ်၏အထံတော်၌ ရဟန်း ပြုပြီးလျှင် မဆုတ်မနစ်သော လုံ့လဖြင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာမကြာမြင့်မီ ရဟန္တာဖြစ်တော်မူလေသည်။ ဤကား-ဒဿနာနုတ္တရိယတည်း။

## ၂- သဝနာနုတ္တရိယ

၂။ သဝနာနုတ္တရိယ-နားမှ အမြတ်ဆုံး ကုသိုလ်ကို ရခြင်းတည်း။ နားသည် လောကီဝတ္ထုဖြစ်သော သီချင်းသံ၊ စောင်းသံ စသည်တို့ကို နားထောင်လျှင် ရာဂ၊ ဒေါသ၊ မောဟစသော အကုသိုလ်သာဖြစ်သည်။ ဘုရားရဟန္တာတို့ ဟောတော်မူအပ်သော တရားတော်ကိုနာရလျှင် ဓမ္မသဝနကုသိုလ်ဖြစ်သည်။ ထိုကုသိုလ်မျိုးလည်း သာသနာတော် တွင်း၌သာ ရနိုင်သောကြောင့် သဝနာနုတ္တရိယဖြစ်၏။ နားမှဖြစ်သောအမြတ်ဆုံးကုသိုလ်တည်း။ အဘယ်ကြောင့်မြတ်သနည်း။-တရားတော်ကို နာနေစဉ် ပရိယုဋ္ဌာန ကိလေသာတို့မှ ဝေးကွာ၍နေ သောကြောင့် နတ်ရွာ နိဗ္ဗာန်သို့ ရောက်ခြင်းအကြောင်းဖြစ်သည်။

## တရားနာ၍ နိဗ္ဗာန်သို့ရောက်ကြောင်း သာဓကများမှာ

အနာထပိဏ်သူဌေး၏သား ကာလမည်သော ဥပါသကာသည် မြတ်စွာဘုရား၏ကျောင်းဒကာသားဖြစ်လျက် ကျောင်းတော်သို့မသွား၊ဘုရားတရားတော်ကို မနာသောကြောင့် အနာထပိဏ်သူဌေးကြီးက ငါ့သားသည် ကျောင်းတော်သို့သွား၍ ဥပုသ်စောင့်လျှင် အသပြာတရာပေးမည်ဟု ဥစ္စာဖြင့်ဖြားယောင်းလေသော် ကာလဥပါသကာသည် ကျောင်းတော်သို့သွား၍ ဥပုသ်ယူပြီးလျှင် ချောင်တခု၌အိပ်၍ အိမ်သို့ပြန်လာ၏။ သူဌေးကြီးက သား၊ အိမ်သို့ ရောက်လျှင် ယာဂုတိုက်ကျွေးရာ အသပြာရမှ သောက်မည်ဟု ပြောသဖြင့် အသပြာတရာရမှ ယာဂုသောက်လေသည်။ နောက်တကြိမ်သူဌေးကြီးက ငါ့သားသည် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရား ဟောသော တရား တစိတ်တဝက်ကိုသင်ယူနိုင်လျှင် အသပြာတထောင်ပေးမည်ဟု ဖြားယောင်းပြန်၏။ ကာလဥပါသကာလည်း ကျောင်းတော်သို့သွား၍ မြတ်စွာဘုရား၏ တရားကို သင်ကြားမှတ်ယူလိုကြောင်း လျှောက်ထားလေသော် မြတ်စွာဘုရားက သင်ကြားပေးလေလျှင် မြတ်စွာဘုရား၏ [illegible]ချက်ကြောင့် တရားတော် တပုဒ်ကိုမျှ ရအောင်မမှတ်နိုင်သဖြင့် စိတ်ကို ကောင်းစွာ[illegible]၍ နာရ သောတာပတ္တိဖိုလ်၌ တည်လေသည်။

ဤဝတ္ထု၌ သင်ယူသော တရားကို ကျက်မှတ်သော သမာဓိဖြင့် ကောင်းမွန်စွာနာသော အလွန်မြတ်သော သဝနာနုတ္တရိယ ကုသိုလ်သည် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်း၏အကြောင်းဖြစ်လေသည်၊ ထို့မှတပါးလည်း မြတ်စွာဘုရား၏တရားသံကို အာရုံပြု၍ စုတိစိတ်ကျသော ဖားနတ်သား ဝတ္ထု၊ ရှင်သာရိပုတ္တရာဟောသော သံကိတ္တိသုတ်ကိုနာ၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်သော ရဟန်းတော်ငါးရာ။ အရှင်အာနန္ဒာ၏ တရားတော်ကို နာရ၍ သောတာပန် တည်သော အချင်သာရိ ပုတ္တရာကို၏ ဓမ္မသဝန ကုသိုလ်သည်လည်း သဝနာနုတ္တရိယပင် ဖြစ်ပါသည်။

## ၃-လာဘာနုတ္တရိယ

၃။ လာဘာနုတ္တရိယ-ဒုလ္လဘငါးပါးတွင် အပါအဝင်ဖြစ်သောကံ- ကံ၏အကျိုး ယုံကြည်နိုင်သော သဒ္ဓါတရားကို ရခြင်းသည် လာဘာ

နုတ္တရိယဖြစ်သည်။ ပစ္စည်းရကနာ သားသမီးတို့ကို ရခြင်းသည် တဏှာ သံယောဇဉ် တွဲယှဉ်၍ လာသောကြောင့် ကုသိုလ်မဖြစ်၊ သဒ္ဓါတရားကို ရလျှင် အရခဲဆုံးသော မဂ်ဖိုလ်ကိုလည်း ပေးတတ်သောကြောင့်လာဘာ နုတ္တရိယဖြစ်သည်။ အမြတ်ဆုံး လာဘ်ဟု ဆိုလိုသည်။ အဘယ်ကြောင့် မြတ်သနည်း။ သဒ္ဓါတရားနှင့်ကင်း၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လောကီရတနာ သားသမီးတို့ ပေးခြင်းငှါ မစွမ်းနိုင်။ ထို့ကြောင့် သဒ္ဓါတရားကို အမြတ် ဆုံးလာဘ်ဟု ဆိုရပေသည်။ သဒ္ဓါတရားဖြင့် နတ်ရွာနိဗ္ဗာန်သို့ ရောက် ကြောင်း ဝတ္ထုသက်သေများမှာ ထိုထိုကျမ်းဂန်တို့၌ များပြားစွာ ဆို လျက်ရှိပါသည်။ ထင်ရှားလှ၍ ဂန္ထဂရုဘေးဖြစ်မည်စိုး၍ မရေးတော့ပြီ။

## ၄-သိက္ခာ နုတ္တရိယ

၄။ သိက္ခာနုတ္တရိယ- သိက္ခာသုံးပါးကို ကျင့်ခြင်းသည် သိက္ခာနုတ္တ ရိယမည်၏။ ဆင်စီးအတတ်ကို သင်ခြင်းလေ့ကျင့်ခြင်း၊ မြင်းစီးအတတ်, ရထားမောင်းအတတ် စသည်ကို သင်ကြားလေ့ကျင့်ခြင်း၊ တိတ္ထိ၊ တိတ္ထိ တပည့်တို့၏အကျင့်ကို သင်ကြားလေ့ကျင့်ခြင်းသည် ရာဂ၊ ဒေါသ၊ မောဟ တို့ကို တိုးပွားစေတတ်သောကြောင့် ကုသိုလ်မဖြစ်၊ အဓိသီလ အဓိစိတ္တ အဓိပညာဟု ဆိုအပ်သော သိက္ခာသုံးပါးကို ကျင့်ခြင်းသည် ဝီတိက္ကမ ကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ၊ အနုသယကိလေသာတို့ကို ပယ်စွမ်း နိုင်သော သတ္တိထူးနှင့် ယှဉ်သည်ဖြစ်၍ နတ်ရွာနိဗ္ဗာန်ကို ရောက်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် သိက္ခာနုတ္တရိယ ဖြစ်သည်၊ အမြတ်ဆုံး အကျင့်ဟုဆိုလိုသည်။ အဘယ်ကြောင့်မြတ်သနည်း။ သတ္တဝါကိုပူလောင် စေတတ်သော ကိလေသာကို ပယ်ခြင်းငှါ သိက္ခာသုံးပါး၌ ပဟာန သတ္တိထူးရှိသောကြောင့် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သည်။ ထို့ကြောင့် အမြတ် ဆုံးအကျင့်ဖြစ်ပါသည်။

ဤသိက္ခာသုံးပါးကိုကျင့်၍ နတ်ရွာနိဗ္ဗာန်သို့ ရောက်သော ပုဂ္ဂိုလ် ပေါင်းကား သာသနာ(၂၅၀၀)အတွင်း၌ပင် ရဟန်းရှင် လူနတ်ဗြဟ္မာ ပေါင်းမှာ အရေအတွက် အပိုင်းအခြား မရှိတော့ပြီ။ သိက္ခာသုံးပါး သည် သာသနာတော်တွင်း၌သာတည်သည်။ သာသနာပ၌ကား ရှိမည် မဟုတ်။ ထို့ကြောင့် သာသနာတော်တွင်း၌ ကြိမ်ကြိုက်ကုန်သောသိက္ခာ

လက်ကိုင် ရှိကြသော-သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တို့သည် မိမိတို့၌ရရှိထားသော သိက္ခာကို ရိုသေစွာ ကျင့်ဆောင်အပ်လှပေသည်။ သိက္ခာကို မရိုသေလျှင် မရိုသေသော ပုဂ္ဂိုလ်မှာ သာသနာ ကွယ်ပျောက်ရုံမျှ မဟုတ်၊ သေလွန်သောအခါ ပြိတ္တာဘုံသို့ပင် ရောက်ရကြောင်း ကဿပမြတ်စွာဘုရားလက်ထက်တော်က သိက္ခာမရိုသေသော ဒုဿီလပါပရဟန်းများက ပါဠိတော်ထဲတွင် သက်သေခံလျက်ရှိလေပြီ။ ထို့ကြောင့် သိက္ခာနုတ္တရိယကို ရိုသေစွာ သတိပြုကြလေကုန်။

## သိက္ခာသုံးပါးကို ခွဲပြခြင်း

သိက္ခာသည် အဘယ်နည်း–သင်အပ် ကျင့်အပ်သော မြတ်စွာဘုရားပေးသောနည်းဖြစ်သော ဇိနေရိတနယသည် သိက္ခာမည်ပေသည်။ သိက္ခာမည်မျှရှိသနည်း—သိက္ခာသုံးပါးရှိပါသည်။ ၎င်းတို့မှာ—(၁) အဓိသီလ။ (၂) အဓိစိတ္တ။ (၃) အဓိပညာဟူ၍ သုံးပါးရှိပါသည်။ ထိုသုံးပါးတို့၏ သရုပ်ထင်ရှားစေခြင်းငှါ သီလ, အဓိသီလ။ စိတ္တ, အဓိစိတ္တ။ ပညာ, အဓိပညာ။ ဤသို့ ဝေဖန်ရာ၏။ ထိုတွင် ငါးပါးသီလ၊ ဆယ်ပါးသီလ စသော လောကီသီလစုသည် သီလမည်၏။ မြတ်စွာဘုရားပညတ်တော်မူသော ပါတိမောက္ခသံဝရသီလသည် အဓိသီလမည်၏။ လောကီသမာပတ် ရှစ်ပါးသည် စိတ္တမည်၏။ ဝိပဿနာ ပါဒကဖြစ်သောဈာန်သည် အဓိစိတ္တမည်၏။ ကမ္မဿကတပညာသည် ပညာမည်၏။ ဝိပဿနာပညာသည် အဓိပညာမည်၏။ တနည်းကား နိဗ္ဗာန်ကို တောင့်တလျက်စောင့်သော ပဉ္စသီလ ဒသသီလတို့သည်လည်း အဓိသီလမည်၏။ နိဗ္ဗာန်ကိုတောင့်တလျက် ဝင်စားသော သမာပတ်သည်လည်း အဓိစိတ္တမည်၏။ နိဗ္ဗာန်ကိုတောင့်တသော ကမ္မဿကတပညာသည်လည်း အဓိပညာမည်၏။ ထိုကြောင့် သုတ်ပါထေယျ အဋ္ဌကထာ၌—

> အပိ စ နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ အဓိသီလံ၊ ဒသသီလမ္ပိ အဓိသီလမေဝ။ သမာပန္နာ အဋ္ဌသမာပတ္တိယောပိ အဓိစိတ္တမေဝ။ သဗ္ဗံ ဝါ လောကိယံ သီလ မေဝ၊ လောကုတ္တရံ အဓိသီလံ။ စိတ္တပညာသုပိ ဧသေဝ နယော။
>
> (သံဂီတိသုတ္တဝဏ္ဏနာ။)

အပိ စ၊ တနည်းသော်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပတ္တယန္တေန၊ တောင့်တလျက်။ သမာဒိန္နံ၊ ဆောက်တည်အပ်သော။ ပဉ္စသီလမ္ပိ၊ ငါးပါးသီလသည်လည်း။ အဓိသီလံ၊ အဓိသီလမည်၏။ ဒသသီလမ္ပိ၊ ဆယ်ပါးသီလသည်လည်း။ အဓိသီလမေဝ၊ အဓိသီလသာဖြစ်၏။ သမာပန္နာ၊ ကောင်းစွာဝင်စားအပ်သော။ အဋ္ဌသမာပတ္တိယောပိ၊ ရှစ်ပါးသော သမာပတ်တို့သည်လည်း။ အဓိစိတ္တမေဝ၊ အဓိစိတ္တသာလျှင်ဖြစ်၏။(ဝ၁)၊ တနည်းကား။ သဗ္ဗံ၊ အလုံးစုံသော။ လောကိယံ၊ လောကီသီလသည်။ သီလမေဝ၊ သီလသာဖြစ်၏။ လောကုတ္တရံ၊ နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်သော သီလသည်။ အဓိသီလံ၊ အဓိသီလမည်၏။ စိတ္တပညာသုပိ၊ စိတ္တပညာတို့၌ လည်း။ ဧသေဝ နယော၊ ဤနည်းအတိုင်းသာ ဖြစ်၏။ ဤကားအနက်။

## သိက္ခာသုံးပါးနှင့် မိဂသိရပုဏ္ဏား

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလတိုင်း၌ မိဂသိနက္ခတ်နှင့်ယှဉ်၍ ဖွားသောကြောင့် မိဂသိရအမည်တွင်သောပုဏ္ဏားတယောက်ရှိ၏၊ ထိုမိဂသိရပုဏ္ဏားသည် ပုဏ္ဏားတို့ တတ်အပ်သော အတတ်တို့ကို အပြီးတိုင်တတ်၏။ အထူးသဖြင့် ဆဝသီသမန္တန်ကို လေ့ကျင့်သည်။ ထိုမန္တန်၏အစွမ်းကား သုံးနှစ်၏ အထက်၌ သေသောသူ၏ ဦးခေါင်းခွံကိုပြလျှင် ထိုဦးခေါင်းခွံကို လက်သည်းဖြင့် ကုတ်ခြစ်၍ မန္တန်ကိုရွတ်လျှင် ထိုသူ၏ ဂတိဟူသော ဖြစ်ရာဌာနကို မှန်ကန်စွာ ဟောပြောနိုင်သည်။ ထိုမိဂသိရပုဏ္ဏားသည် အိမ်ရာထောင်သော လူ့ဘောင်ကိုပယ်၍ ပရိဗိုဇ်ရဟန်းပြု၍ မြို့ရွာဇနပုဒ်တို့သို့ လှည့်လည်ပြီးလျှင် ဆဝသီသမန္တန်ဖြင့် သေသူတို့၏ဖြစ်ရာ ဘုံဘဝတို့ကို ဟောပြော၍ လာဘ်ပူဇော်သက္ကာကို ခံယူကာ မြို့ရွာများသို့ လှည့်လည်လေသော် အစဉ်အတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်း မြတ်စွာဘုရား၏ အထံတော်သို့ ရောက်လေရာ ပရိဗိုဇ်ရဟန်းက မိမိတန်ခိုးကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

## ဘုရားရှင်ထံ လျှောက်ထားခြင်း

လျှောက်ထားပုံကား—အရှင်ဂေါတမ သုံးနှစ်အထက်မှ သေသောသူ၏ ဦးခေါင်းခွံကိုပြလျှင် ထိုသူ၏ဖြစ်ရာဘဝကို အကျွန်ုပ်သိနိုင်ပါသည်

ဟု လျှောက်ထားလေသော် မြတ်စွာဘုရားက အသင်သိနိုင်သည် မှန်သလောဟု မေးတော်မူရာ မှန်ကြောင်းကို ဝန်ခံလေသော် မြတ်စွာဘုရားသည် တန်ခိုးဖြင့် ရဟန္တာ၏ ဦးခေါင်းခွံကိုယူ၍ ဤဦးခေါင်းခွံ၏အရှင်သည် အဘယ်ဘဝ၌ ဖြစ်သနည်းဟု မေးတော်မူ၏။ ထိုအခါ ပရိဗိုဇ်ရဟန်းသည် လက်သည်းဖြင့်ခြစ်လျက် မန္တန်ကို ရွတ်သော်လည်း ထိုထိုခေါင်းခွံရှင်၏ ဖြစ်ရာဘဝသည် အရိပ်အရောင်မျှ မပေါ်လာသောကြောင့် စိတ်နှလုံးမသက်မသာဖြစ်ကာ ရှက်ကြောက်စွာနှင့် အရှင်ဂေါတမ ဤခေါင်းခွံ၏ အရှင်ကို အကျွန်ုပ်မဟောနိုင်တော့ပါ။ ဖြစ်ရာဘဝကို မသိနိုင်ပါ၊ အရှင်ဂေါတမ သိတော်မူက အကျွန်ုပ်အား ဤခေါင်းခွံရှင်၏ဖြစ်ရာဘဝကို ဟောကြားတော်မူပါဟု လျှောက်ထားလေသော် ဤခေါင်းခွံရှင်သည် ဝဋ်သုံးပါးကင်းပြတ်၍ နိဗ္ဗာန်သို့ ကူးပြောင်းသွားလေပြီဟု မြတ်စွာဘုရား၏ မိန့်တော်မူသော စကားတော်ကို ကြားလျှင် ငါတတ်သိသော မန္တန်သည် နိဗ္ဗာန်သို့သွားသောသူကိုကား မသိ၊ အရှင်ဂေါတမ၏ မန္တန်ကမူကား သိနိုင်ပေသည်။ ငါသည် ယခုပင် အရှင်ဂေါတမ၏မန္တန်ကို သင်အံ့ဟု နှလုံးသွင်း၍ မြတ်စွာဘုရားအား တောင်းပန်လေသော် မြတ်စွာဘုရားက ရဟန်းပြုစေ၍ သမထကမ္မဋ္ဌာန်းကို ရှေးဦးစွာ အားထုတ်စေရာ ဈာန်အဘိညာဉ်ကိုရမှ ဝိပဿနာကို ညွှန်ပြတော်မူ၏။ ဝိပဿနာကို အားထုတ်၍ မကြာမြင့်မီပင် ရဟန္တာဖြစ်၍ မိဂသိရထေရ်ဟု သာသနာတော်တွင် ထင်ရှားလေသည်။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ မိဂသိရပုဏ္ဏားတတ်သော ဆဝသီသမန္တန်သည် လောကီပညာသာဖြစ်၍ မြတ်စွာဘုရားပေးသော သမထဝိပဿနာသည် အဓိစိတ္တအဓိပညာဖြစ်သည်။ လောကီပညာသည် တဏှာမာနကို ပွါးစေတတ်သော ပစ္စည်းဥစ္စာ လာဘ်ပူဇော်သကာကိုသာ ပေးနိုင်သည်။ မြတ်စွာဘုရား ပေးတော်မူသော သမထဝိပဿနာသည် တဏှာမာနစသည် ကင်းပြတ်သော မဂ်ဖိုလ် နိဗ္ဗာန်ကို ပေးနိုင်သည်။ ထို့ကြောင့် သိက္ခာသုံးပါးသည် သိက္ခာနုတ္တရိယ ဖြစ်သည်။

## ၅-ပါရိစရိယာနုတ္တရိယ

မြတ်သောပုဂ္ဂိုလ်ကို လုပ်ကျွေးမွေးမြူခြင်းကို ဆိုလိုသည်။ လောကဥ္စ မင်းကို လုပ်ကျွေးခြင်း၊ ပုဏ္ဏားကို လုပ်ကျွေးခြင်း၊ တိတ္ထိ၊ တိတ္ထိတို့၏ တပည့်ကို လုပ်ကျွေးခြင်း၊ သားမယားတို့ကို လုပ်ကျွေးခြင်းတို့သည် မိမိတို့ တောင့်တသော လောဘတဏှာ အဆာပြေရုံမျှသာ၊ လောကီဥစ္စာ ရတနာ လာဘ်လာဘမျှကိုသာ ပေးနိုင်သည်။ မဂ်ဖိုလ် နိဗ္ဗာန်ကို မပေးနိုင်။ ဘုရားရဟန္တာတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည် လောကီ ဥစ္စာ စည်းစိမ်ချမ်းသာ အမျိုးမျိုးနှင့်တကွ မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ ချမ်းသာသုခတို့ကို ပေးစွမ်းနိုင်သောကြောင့် ဘုရားရဟန္တာ တပည့်သာဝကတို့ကို လုပ်ကျွေးခြင်းသည် ပါရိစရိယာနုတ္တရိယဖြစ်၏။ အမြတ်ဆုံးသော လုပ်ကျွေးခြင်းဟု ဆိုလိုသည်။

မြတ်စွာဘုရား လက်ထက်တော်တွင် မြတ်စွာဘုရားကို အမြဲလုပ်ကျွေးသော ဥပဋ္ဌာက ဧတဒဂ်ရ အရှင်အာနန္ဒာ၊ သံဃာတော်ကို အမြဲလုပ်ကျွေးသော သံဃုပဋ္ဌာက ဧတဒဂ်ရ ဟတ္ထိဂါမမှ ဥဂ္ဂတသူကြွယ်၊ ဂိလာနပုဂ္ဂိုလ်ကိုပေါင်သားလှီး၍လှူသော ဂိလာနုပဋ္ဌာက ဧတဒဂ်ရ သုပ္ပိယာ ဒါယိကာမ၊ ဤပုဂ္ဂိုလ်တို့၏ လုပ်ကျွေးခြင်းသည် သာသနာတော်၌ အထွတ်အထိပ်သို့ ရောက်သော ပါရိစရိယာနုတ္တရိယ ပေတည်း။ အရှင်ဂေါတမ မြတ်စွာဘုရား သာသနာတော်ကွင်းမှာ အထက်ပါပုဂ္ဂိုလ်များထက် သာလွန်မြင့်မြတ်သော လုပ်ကျွေးခြင်းမရှိတော့ပြီ။ အမြတ်ဆုံး ပါရိစရိယာနုတ္တရိယ ကုသိုလ်ကြီးကို လက်ကိုင်ရထားသော ပုဂ္ဂိုလ်ကြီးတို့ပေတည်း။ ထို့ကြောင့် ဥပဋ္ဌာက ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းများကို ခံကြရပေသည်။

### အဇာတသတ်မင်းနှင့် သာမညဖလသုတ်

အဇာတသတ်မင်းသည် ဂယာသီသ၌ ကျောင်းဆောက်၍ ဒေဝဒတ်ကို ကိုးကွယ်လုပ်ကျွေးပူဇော်ချီးမြှောက်ရာ ဒေဝဒတ်၏ ညွှန်ကြားတိုက်တွန်းချက်အရ ဝန်လေးလှစွာသော ပိတုဃာတကကံ အဖကို သတ်မိလေသည်။ နောင်အခါ ဒေဝဒတ်ကို မြေမျိုကြောင်း ကြားရလျှင် မိမိကိုပင် ဆရာကဲ့သို့ မြေမျိုဦးမည်လောဟု တွေးတောစဉ်းစား၍လျက်

ပြင်းစွာ ထိတ်လန့်တုန်လှုပ်သဖြင့် မင်း၏ချမ်းသာခြင်းသုခကို မရ၊ စက်တော်မခေါ်နိုင်သဖြင့် တညတွင် "ယနေ့ည အလွန် သာယာတင့်တယ်လှသည်၊ မည်သည့်ပညာရှိများနှင့် မေးမြန်းနှီးနှောသင့်သနည်း" ဟု အမတ်တို့ကို မေးတော်မူရာ အချို့အမတ်က ပူရဏကဿပ၊ အချို့က မက္ခလိဂေါသာလ စသည်ဖြင့် မိမိတို့ဆရာများကို ညွှန်ကြားသော်လည်း မင်းကြီး ဆိတ်ဆိတ်သာ နေတော်မူသဖြင့် ဆရာဇီဝကက မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ရှိခိုးချီးမွမ်းလျက် ယခု မြတ်စွာဘုရားသည် သံဃာတော် (၁၂၅၀) တို့နှင့် ကျွန်ုပ်၏ ဥယျာဉ်တွင် သီတင်းသုံးလျက် ရှိပါသည်။ မြတ်စွာဘုရားနှင့် နှီးနှောမေးလျှောက်တော်မူပါဟု လျှောက်ထားလေသော် အဇာတသတ်မင်းက ကောင်းပြီ၊ သင်သည် ငါ့ကိုယူ၍ မြတ်စွာဘုရားအထံသို့ ပို့ဆောင်ပါဟု ဇီဝကကို အမိန့်ပေးလေသည်။

ဇီဝက မပါလျှင် ဘုရားအထံတော်သို့ မသွားဝံ့၊ အကြောင်းမူကား မြတ်စွာဘုရား၏ ကျောင်းဒကာ အရိယာဖြစ်သော အဖ ဗိမ္ဗိသာရမင်းကြီးကို သတ်မိသော ဝန်လေးလှသည့် အပြစ်ကြီးရှိသောကြောင့် မဆည်းကပ်ဝံ့ပေ။ ထိုအခါ ဇီဝကသည် စစ်သည်တော်တို့နှင့်တကွ မင်းကြီးကို ဥယျာဉ်တော် ဘုရား၏အထံသို့ ခေါ်ဆောင်၍ ဘုရားရှေ့တော်သို့ရောက်လျှင် မြတ်စွာဘုရားနှင့်တကွ တပည့်သံဃာတော်တို့ ငြိမ်သက်စွာ နေတော်မူသည်ကို ဖူးတွေ့ရလျှင် များစွာကြည်ညိုနှစ်သက်သောကြောင့် မင်းခွင်တွင်ရှိသော သားတော် ဥဒယဘဒ္ဒသည် ယခုကဲ့သို့ တည်ကြည်ငြိမ်သက်လျှင် ကောင်းလေစွဟု စဉ်းစားပြီးလျှင် မြတ်စွာဘုရားအား ပုစ္ဆာမေးလျှောက်ရန် ခွင့်တောင်း၍ ရဟန်းတို့၏ ပစ္စက္ခ ရရှိခံစားအပ်သော ရဟန်းပြုကျိုးကို မေးလျှောက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဒါသောပမာ စသည်တို့ဖြင့် တန်ဆာဆင်အပ်သော သာမညဖလသုတ်ကို ဟောတော်မူလေ၏။ အဇာတသတ်မင်းသည် တရားတော်ကို နာရသောအခါ များစွာကြည်ညိုနှစ်သက် သဘောကျသဖြင့် သာသနာတော်တွင် ပုထုဇဉ်၏ ကြည်ညိုခြင်းဖြင့် မတုန်မလှုပ် ကြည်ညိုသောသဒ္ဓါကို ထိုအခါမှစ၍ ရရှိပြီးလျှင် နန်းတော်သို့ ပြန်သွားလေ၏။

## မြတ်စွာဘုရား၏ ဗျာဒိတ်တော်

အဇာတသတ်မင်း ပြန်သွားလျှင် မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့၊ အဇာတသတ်မင်းသည် မိမိကိုယ်ကို မိမိဖျက်ဆီး၏။ ယုတ်မာသော ဒေဝဒတ်ကို ကိုးကွယ်ချီးမြှောက်မိသောကြောင့် အရိယာသူတော်ကောင်းဖြစ်သော အဖ ဗိမ္ဗိသာရမင်းကိုသတ်၍ ပိတုဃာတက အနန္တရိယကံ ထိုက်လေသည်။ ဤပိတုဃာတကကံ မရှိလျှင် ငါဟောသော သာမညဖလသုတ်၏အဆုံး၌ သောတာပန် တည်လေရာ၏။ ယခုမူကား ထိုအဖသတ်မိသောကံကြောင့် သေလွန်လျှင် ငရဲသို့ ရောက်လတ္တံ့၊ ရောက်သော်လည်း ငါ့တရားကိုနာရ၍ သာသနာ၌ မတုန်မလှုပ် ကြည်ညိုခြင်း အစလသဒ္ဓါကြောင့် ငရဲကြီး၌မကျပဲ လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်း ခံရလတ္တံ့။ ထိုငရဲမှ လွတ်သောအခါ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု ဗျာဒိတ်စကားကြားတော်မူ၏။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ အဇာတသတ်မင်းသည် မကိုးကွယ်မလုပ်ကျွေးသင့်သော အကျင့်ယုတ်သော ဒေဝဒတ်ကို ကိုးကွယ် လုပ်ကျွေးမိသောကြောင့် ဒေဝဒတ်က စေခိုင်းသဖြင့် မပြစ်မှားထိုက်သော အဖကို သတ်မိသော ပိတုဃာတကကံကြောင့် မဂ်ဖိုလ်မှ ဆုံးရှုံးရလေသည်။ နောက်မှ ကိုးကွယ်လုပ်ကျွေးထိုက်သော မြတ်စွာဘုရားနှင့် တပည့်သံဃာတော်များကို ကိုးကွယ် လုပ်ကျွေးရသော ပါရိစရိယာနုတ္တရိယ ကုသိုလ်ကြောင့် ရှေးကမင်း၏ ချမ်းသာကို ပရသော်လည်း ဘုရားကို ကြည်ညိုသောအခါမှစ၍ မင်း၏ချမ်းသာကို ရပြီးလျှင် သေလွန်သောအခါ အဝီစိငရဲသို့ မရောက်ပဲ လောဟကုမ္ဘီငရဲ၌သာ ကျခံရခြင်းသည် ပါရိစရိယာနုတ္တရိယ ကုသိုလ်ကြောင့် သက်သာရရသည်ဟူ၍ မှတ်ရမည်။

## ၆-အနုဿတာနုတ္တရိယ

အနုဿတာနုတ္တရိယ-သတိရခြင်းတကာတို့ထက် အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရားနှင့်တကွ လောကုတ္တရာတရား ကိုးပါး၊ အရိယာသံဃာ

တော်တို့ကို သတိရခြင်းကို ခေါ်ပါသည်။ လောက၌ သားကိုသတိရခြင်း၊ မယားကို သတိရခြင်း၊ ဥစ္စာကို သတိရခြင်း၊ မှားသောအလေ့အကျင့်တို့ကို သတိရခြင်းတို့သည် ရာဂ, ဒေါသ, မောဟတို့ကို ဖြစ်စေသည်။ ကုသိုလ်ကောင်းမှု မဖြစ်၊ စိတ်၏ချမ်းသာခြင်းကို မရ၊ မြတ်စွာဘုရားကို အဖန်တလဲလဲ သတိရခြင်းသည် ရာဂ, ဒေါသ, မောဟမဖြစ်၊ ပရိယုဋ္ဌာန ကိလေသာကို ဝိက္ခမ္ဘနသတ္တိဖြင့် ပယ်ခွာနိုင်သည်။ ဘုရားကို ကြည်ညိုသော သဒ္ဓါသတိပညာ ကောင်းမှု ပွားများသည်။ ကြောက်ဖွယ်ကောင်းသော ဘေးကို သည်းခံနိုင်သည်။ ဗုဒ္ဓါနုဿတိကို အစဉ်လေ့လာသည်ရှိသော် ထိုလေ့လာသူ၏ကိုယ်သည် စေတီအိမ်နှင့်တူသဖြင့် အပူဇော်ကို ခံထိုက်သည်။ ယခုဘဝ နိဗ္ဗာန်မရလျှင် နတ်ရွာသုဂတိသို့ ရောက်နိုင်သည်။ ထို့ကြောင့် အနုဿတာနုတ္တရိယဖြစ်သည်။ အမြတ်ဆုံး သတိရခြင်းပေတည်း။

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့သည် ကျယ်ဝန်းများပြား၍ ဂုဏ်တော်တပါးကိုပင်လျှင် ပုထုဇဉ်တို့ လွန်စွာသိနိုင်ခဲအောင် နက်နဲလှသဖြင့် မဟာနာမသုတ်၊ ဝေခဿုတ်၊ သမ္ပာဒေကာသသုတ်၊ ဥပေါသထသုတ်၊ ကောဒသနိပါတ်တို့၌ အရိယာသာဝကတို့ အလို့ငှါသာ ဟောတော်မူသည်။ ပုထုဇဉ်တို့အလို့ငှါမဟုတ်။ သို့သော်လည်း ပုထုဇဉ်တို့ ဉာဏ်မှီသမျှနှင့်ပင် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို နှလုံးသွင်း၍ ဆင်ခြင်ကြည်ညိုပါလျှင် နှစ်သက်ခြင်းပီတိပါမောဇ္ဇကိုရ၍ ဝိပဿနာကို အားထုတ်လျှင် မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ပေသည်။

## ဥပမာဖြင့် ထင်ရှားစေအံ့

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့သည် မဟာသမုဒ္ဒရာ၌ရှိသော ချင်တွယ်ပိုင်းခြား၍ မဖြစ်အောင် အလွန်များပြားသော ရေအစုနှင့်တူသည်။ ပုထုဇဉ်အရိယာတို့၏ဉာဏ်သည် ရေကိုခပ်ယူရန် ပုံး, အိုး, စည်တို့နှင့် တူပေသည်။ ပုထုဇဉ်တို့၏ ဉာဏ်သည် ဂုဏ်ကျေးဇူးတော်ကို များစွာ မသိနိုင်သောကြောင့် အိုးငယ်, ခွက်ငယ်နှင့်သာ တူလေသည်။ အရိယာသာဝကတို့၏ ဉာဏ်သည် အိုးကြီး ခွက်ကြီးနှင့်သာ တူသောကြောင့် ပုထုဇဉ်တို့ထက်ပိုလွန်၍ သိနိုင်သည်။ အရိယာသာဝကတို

၁၅၉၆၀

တွင်လည်း သောတာပန် တရားတထောင်ထက် သကဒါဂါမိတယောက်က ပို၍သိနိုင်သည်။ သကဒါဂါမိတရားတထောင်ထက် အနာဂါမိ၊ အနာဂါမိထက် ရဟန္တာ၊ ပကတိသာဝက၊ ၎င်းထက်မဟာသာဝက။ ၎င်းထက် မဟာဘိညာပတ္တမထေရ်များ။ ၎င်းထက် အရှင်မဟာမောဂ္ဂလ္လာန်။ ၎င်းထက် အရှင်သာရိပုတ္တရာ။ ၎င်းထက်ပစ္စေကဗုဒ္ဓါ။ ပစ္စေကဗုဒ္ဓါအဆူများစွာထက်-သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည်သာ မြတ်စွာဘုရား တဆူ၏ဂုဏ်ကျေးဇူးကို ကုန်စင်အောင်သိနိုင်ကြောင်း ပါဠိတော်အဋ္ဌကထာ သမ္မောဒနီယသုတ္တဝဏ္ဏနာ၌ ဖွင့်ပြလေသည်၊ သမုဒ္ဒရာရေသည် များလှသော်လည်း မိမိတို့ပါသမျှ အိုးဖြင့် ခပ်ယူသည်ရှိသော်၊ အိုးအလိုက်ပါသောရေသည်ခပ်ယူသောသူမှာအသုံးဝင်သကဲ့သို့ပုထုဇဉ်တို့သည်လည်း မိမိတို့မှီသမျှ ဉာဏ်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ဆင်ခြင်နှလုံးသွင်းက လောကီ၊ လောကုတ္တရာ ချမ်းသာကျေးဇူးကို ရနိုင်ပေသည်။

## သစ်ခုတ်သမားသားကလေးနှင့် ဗုဒ္ဓါနုဿတိ

ရာဇဂြိုဟ်ပြည်၌ ရဟန္တာသုံးပါးကို ကြည်ညိုသော သစ်ခုတ်သမားတယောက်မှာ သားတယောက်ရှိ၏။ ထိုကလေးသည် အမိအဖတို့က ဗုဒ္ဓါနုဿတိကို သင်ကြားထားသဖြင့် အလေ့အထဖြစ်၍ အိပ်ရာမှ နိုးသောအခါ တစုံတခုလုပ်သောအခါတိုင်း "နမော ဗုဒ္ဓဿ" ဟု နှုတ်ကရွတ်ဆိုလေ့ရှိ၏။ ထိုသူငယ်သည် ဒိဋ္ဌိ၏တပည့်ဖြစ်သော သူငယ်တယောက်နှင့် ဂေါ်လီကစားကြရာ ဂေါ်လီကို ပစ်သောအခါ မြတ်စွာဘုရားကို အာရုံပြု၍ နမော ဗုဒ္ဓဿဟု ဆို၍ပစ်၏၊ အခြားသူငယ်ကလည်းအတုယူ၍ ဒိဋ္ဌိများကို အာရုံပြုလျက် နမော အရဟန္တာနံ ဟု ဆို၍ပစ်၏ ကစားတိုင်း မြတ်စွာဘုရားတပည့်ကသာနိုင်၍ ဒိဋ္ဌိတပည့်က ရှုံးသောကြောင့် ဒိဋ္ဌိတပည့် သူငယ်သည် ဗုဒ္ဓါနုဿတိ တန်ခိုးကြီးကြောင်း ယုံကြည်၍ အမြဲလေ့လာဆောင်ရွက်လေတော့သည်။ တနေ့သ၌ သစ်ခုတ်သမားသည် သားကလေးကိုခေါ်၍ လှည်းဖြင့် သစ်များကိုယူရန် တောသို့သွားပြီးလျှင် သစ်သားများကိုတင်၍ မြို့သို့ပြန်လာရာ သုသာန်၏အနီး၌ ခေတ္တနားနေရန် လှည်းကိုနား၍ နွားများကို လှည်းမှ ဖြုတ်ထားရာ အခြား နွားတို့နှင့်ရောေ၍ မိုးချုပ်သောကြောင့် မြို့တွင်းသို့ပါသွားရာ

သစ်ခုတ်သမားမြင်၍ လျင်မြန်စွာ နွားများကို ဖမ်းရန် မြို့တွင်းသို့ လိုက်သွားလေ၏။ နွားတို့ကိုဖမ်းနေစဉ် မြို့တံခါးမှာပိတ်ထားနှင့်လေပြီ။ မြို့ပြင်မှာ သူငယ်ကလေးနှင့် လှည်းသာ ကျန်ရစ်သဖြင့်သူငယ်မှာလှည်းအောက်၌ တယောက်ထည်းအိပ်နေလေ၏။

## မိစ္ဆာဘီလူးနှင့် သမ္မာဒိဋ္ဌိဘီလူး

ရာဇဂြိုဟ်မြို့သည် ပကတိအားဖြင့် ဘီလူးပြိတ္တာတို့ ပေါများသည့်အတိုင်း သန်းခေါင်ယာမ်အချိန်တွင် ဘီလူးနှစ်ယောက်လာ၍ မိစ္ဆာဘီလူးက သူငယ်ကို စားအံ့ဟု ခြေထောက်ကိုဆွဲရာ သူငယ်က ဘုရားကိုအာရုံပြု၍ နမော ဗုဒ္ဓဿဟု ရွတ်ဆိုသောအခါ မိစ္ဆာဘီလူးသည် ခြေကိုလွှတ်၍ နောက်သို့ဆုတ်ပြီးလျှင် ကြောက်လန့်တုန်လှုပ်၍ နေသည်ကို သမ္မာဒိဋ္ဌိဘီလူးမြင်လျှင် သင်သည် မြတ်စွာဘုရားတပည့်ကို ပြစ်မှားသည်။ သူငယ်ကို ကန်တော့ရမည်၊ မကန်တော့လျှင် သင်နှင့်မဆက်ဆံ မပေါင်းသင်းနိုင်ဟု ဆိုသဖြင့် မိစ္ဆာဘီလူးသည် မြို့တွင်းသို့ဝင်၍ ဘုရင်၏ပွဲတော်အုပ်ကိုခိုးယူပြီးလျှင် ရှင်ဘုရင်သာ မြင်နိုင်အောင် မိမိတန်ခိုးဖြင့် အက္ခရာတို့ကိုရေး၍ သူငယ်အား ကန်တော့၍ မိဖ၏၊ အသွင်ဖြင့် ကျွေးမွေးလေ၏။ နံနက်မိုးသောက်သောအခါ နန်းတော်၌ပွဲတော်အုပ်ပျောက်သဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်၍ မြို့တွင်းမြို့ပြင် ရှာလေရာ မြို့ပြင်တွင် ဖြုတ်ထားသော သစ်လှည်းပေါ်မှာတွေ့သဖြင့် လှည်းတွင်ရှိသော သူငယ်ကိုဖမ်းဆီး၍ ပွဲတော်အုပ်နှင့်တကွ မင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း ပွဲတော်အုပ်၌ အက္ခရာတို့ကိုဖတ်၍ အကျိုးအကြောင်းကို သိတော်မူသော်လည်း မင်းတို့၏ပရိယာယ်ဖြင့် မေးတော်မူရာ သူငယ်က အမိအဖတို့ ကျွေးမွေးလာသည်ကို သာ သိပါသည်။ မည်ကဲ့သို့ ရသည်ကို မသိပါဟု အစစ်ခံသဖြင့် ဘုရားကျောင်းတော်သို့ ခေါ်သွား၍ မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက သုပ္ပဗုဒ္ဓ ပဗုဇ္ဈန္တိစသော ဂါထာကိုဟောတော်မူရာ သစ်ခုတ်သမားမောင်နှံနှင့်တကွ သူငယ်ကလေးပါသောတာပန်တည်လေသည်။ဤကားဗုဒ္ဓါနုဿဘိကိုပွား၍အပူဇော်ခံရပုံတည်း။

## ဗုဒ္ဓါနုဿတိနှင့် ရဟန်းတော် ဖုဿဒေဝထေရ်

ကင္ဒအန္ဓကာရ အရပ်၌ သီတင်းသုံးနေသော ဖုဿဒေဝ မထေရ်သည် တနေ့သောအခါ မာရ်နတ် သားနှင့်တွေ့၍ မြတ်စွာ ဘုရား၏

အသွင်ကို ဖူးမြင်လိုပါသည်။ ဖန်ဆင်း၍ပြပါဟု တောင်းပန်လေရာ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော် ငယ်တို့ဖြင့် တင့်တယ်စွာ ဖန်ဆင်း၍ ပြလေသော် ဖုဿဒေဝ မထေရ်ဖူးမြင်၍ ရာဂ၊ ဒေါသ၊ မောဟစသည် မကင်းသော မာရ်နတ် ဖန်ဆင်းသော အတုအယောင်မျှသည် ယခုလောက် ကြည်ညိုဖွယ် ကောင်းပါလျှင် ရာဂ ့စသည် ကင်းသော မြတ်စွာဘုရားအစစ်မှာ ကြည်ညို၍ ဆုံးနိုင်တော့မည်မဟုတ်။ အလွန်ချီးမွမ်း အံ့ဩဖွယ် ပေတကားဟု များစွာ ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿဖြစ်၍ ပီတိကိုခွာပြီးလျှင် ဝိပဿနာသို့တင်၍ ရှုသဖြင့် ထိုနေရာတွင်ပင် ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူလေသည်။

ဤကား ဗုဒ္ဓါနုဿတိကို အရင်းခံ၍ ရဟန္တာဖြစ်ပုံတည်း။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထုနှစ်ခု၌ သစ်ခုတ်သမားသား သူငယ်သည် ပရိစယ ပြုထားသော ဗုဒ္ဓါနုဿတိကို အာရုံပြုလျက် နမော ဗုဒ္ဓဿဟုရွတ်ဆိုသောကြောင့် သာ နတ်ဘီလူး၏ ပူဇော်ခြင်းကို ခံရခြင်းသည် ဘုရားကို သတိရခြင်း တည်းဟူသော အနုဿတာနုတ္တရိယ ဖြစ်ပေသည်။

ဖုဿဒေဝမထေရ်သည် မာရ်နတ် ဖန်ဆင်း၍ပြသော မြတ်စွာဘုရား ပုံတော်ကို ဖူးတွေ့ရသဖြင့် မြတ်စွာဘုရား၏ သရီရဝဏ္ဏ ဂုဏ်ကျေးဇူးကို အောက်မေ့သောကြောင့် နှစ်သက်ခြင်းပီတိဖြစ်၍ ပီတိကိုခွာလျက် ဝိပဿနာသို့တက်၍ရှုသဖြင့် ရဟန္တာဖြစ်ခြင်းသည် မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်ကို သတိရခြင်းတည်းဟူသော အနုဿတာနုတ္တရိယ ကုသိုလ်ကြီး ဖြစ်ပေသည်။ ထို့ကြောင့် သာသနာတော်တွင်း၌ ရခဲလှစွာသောအမြတ်ဆုံး အနုတ္တရိယ ကုသိုလ်ကြီးတို့နှင့် ရင်ဆိုင်တွေ့နေကြသော သပ္ပုရိသ အပေါင်းတို့သည် အလွန်တွေ့ကြုံခဲလှသော သာသနာတော်နှင့် တွေ့ရသည်ကို ထောက်ထား၍ သာသနာ၌သာ ပေါ်ပေါက်သော အနုတ္တရိယ ကုသိုလ်အမြတ်ထွက်အောင် လေ့ကျက်အားထုတ်သင့်ကြပေသည်၊ အားထုတ်ကြလေကုန်။

အင်္ဂုတ္တိုရ်အဋ္ဌကထာ ဆက္ကနိပါတ် အာဟုနေယျဝဂ် အဋ္ဌမသုတ် အဖွင့်၌—

နိဝိဋ္ဌသဒ္ဓော ပန နိဝိဋ္ဌပေမဝသေန ဒသဗလေ ဝါ ဘိက္ခုသံဃေ ဝါ ကသိဏအသုဘနိမိတ္တာဒီနံ အညတရေ ဝါ ဒဿနံ ဒဿနာနုတ္တရိယံ နာမ ဟု ဖွင့်ပြလေသည်။

## အနက်မြန်မာပြန်ကား

နိဝိဋ္ဌသဒ္ဓော ပန၊ သဒ္ဓါရှိသောပုဂ္ဂိုလ်အားကား။ နိဝိဋ္ဌပေမဝသေန၊ နိက္ခမ္မသိတပေမ၏ အစွမ်းဖြင့်။ ဒသဗလေ ဝါ၊ မြတ်စွာဘုရားအား၎င်း။ ဘိက္ခုသံဃေ ဝါ၊ ဘုရားတပည့်သား ရဟန်းသံဃာအား၎င်း။ ကသိဏ အသုဘနိမိတ္တာဒီနံ၊ ကသိုဏ်းနိမိတ်, အသုဘနိမိတ် စသည့်တို့တွင်။ အညတရေ ဝါ၊ တခုခုအား၎င်း။ ဒဿနံ၊ ရှုမြင်ရခြင်းသည်။ ဒဿနာနုတ္တရိယံ နာမ၊ ဒဿနာနုတ္တရိယ မည်၏။

ဤအဋ္ဌကထာ၌ ကသိုဏ်းနိမိတ်,အသုဘနိမိတ်တို့ကို ဒဿနာနုတ္တရိယ၌ သွင်း၍ ကောက်ယူထားသည်။ ပါထေယျ အဋ္ဌကထာ သံဂီတိသုတ်, ဆက္က၌လည်း ထို့အတူ။ ပါထေယျ အဋ္ဌကထာ သံဂီတိသုတ် အဖွင့် တီကာ၌ကား ဝိပဿနာသည် ဒဿနာနုတ္တရိယ၊မဂ်သည် ပဋိပဒါနုတ္တရိယ၊ ဖိုလ်သည် ဝိမုတ္တာနုတ္တရိယ။ တနည်း၊ ဖိုလ်သည် ဒဿနာနုတ္တရိယ။ မဂ်သည် ပဋိပဒါနုတ္တရိယ။ နိဗ္ဗာန်သည် ဝိမုတ္တာနုတ္တရိယ။ တနည်း- နိဗ္ဗာန်သည် ဒဿနာနုတ္တရိယ။ မဂ်သည် ပဋိပဒါနုတ္တရိယ။ ဖိုလ်သည် ဝိမုတ္တာနုတ္တရိယဖြစ်ကြောင်း ဖွင့်ပြတော်မူသည်။ ဤအဋ္ဌကထာ တီကာ၌ ဝိမုတ္တာနုတ္တရိယ တပါးတိုးလာသည်။ တီကာ၌ သမထမပါ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာနှင့် သံဂီတိဆက္က၌ပါသော သမထကို ဝိပဿနာ၏အခြေခံဟု ယူမှ အနုတ္တရိယဖြစ်မည်ထင်သည်။ စဉ်းစားဆင်ခြင်ဖွယ်ရာပင်။

## သာသနာတော် နိယျာနိကဖြစ်ပုံ

ယဿ တေ အတ္ထာယ ဓမ္မော ဒေသိတော၊ သော န နိယျာတိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယာတိ နေတံ ဌာနံ ဝိဇ္ဇတိ။ (ဇိနာလင်္ကာရဋီကာ)

တေ တေသံ၊ ထိုတပည့်သာဝကတို့အား။ ယထာ၊ အကြင်ဝဋ်သုံးပါးမှ ကျွတ်လွတ်ခြင်း၏။ အတ္ထာယ၊ အကျိုးငှါ။ ဓမ္မော တရားတော်ကို။ ဒေသိတော၊ ဟောတော်မူအပ်၏။ သော၊ ထိုတရားသည်။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယာယ၊ ဝဋ်ဒုက္ခမှ ကင်းကွာ ကျွတ်လွတ်ခြင်းငှါ။ တက္ကရဿ၊ ထိုတရားကိုကျင့်သောပုဂ္ဂိုလ်အား။ န နိယျာတိ၊ မကျွတ်လွတ်စေနိုင်။ ဣတိ၊ ဤသို့။ တေ ဌာနံ၊ ဤသို့သောအရာသည်။ န ဝိဇ္ဇတိ၊ မရှိ။

မြတ်စွာဘုရား၏ ဒသဗလ ဉာဏ်တော် ဆယ်ပါးတို့တွင် ဌာနာ ဌာန ဉာဏ်တော်ကိုပြသော ပါဠိတည်း။

စတုဝေသာရဇ္ဇဉာဏ်တော်လေးပါး၌လည်း-

(၁) သမ္မာသမ္ဗုဒ္ဓဿ တေ ပဋိဇာနတော ဣမေ ဓမ္မာ အနဘိသမ္ဗုဒ္ဓါတိ၊ ဟတြ ဝတ မံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ သဟဓမ္မေန ပဋိစောဒေဿတီတိ။ နိမိတ္တမေတံ ဘိက္ခဝေ န သမနုပဿာမိ၊ ဧတမှာဟံ ဘိက္ခဝေ နိမိတ္တံ အသမနုပဿန္တော ခေမပ္ပတ္တော အဘယပ္ပတ္တော ဝေသာရဇ္ဇပ္ပတ္တော ဝိဟရာမိ။

(၂) ခီဏာသဝဿ တေ ပဋိဇာနတော ဣမေ အာသဝါ အပရိခီဏာတိ။ တတြ ဝတ မံ။ပ။

(၃) ယေ ဝါ ပန တေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ။ တေ ပဋိသေဝတော နာလံ အန္တရာယာယာတိ။ တတြ ဝတ မံ။ ပ။

(၄) ယဿ ခေါ ပန တေ အတ္ထာယ ဓမ္မော ဒေသိတော၊ သော န နိယျာနိကော၊ န နိယျာတိ တက္ကရဿ သမ္မာဒုက္ခက္ခယာယာတိ။ တတြ ဝတ မံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ သဟဓမ္မေန ပဋိစောဒေဿတီတိ။ နိမိတ္တမေတံ ဘိက္ခဝေ န သမနု

ပဿာမိ။ ဧတမ္ပာဟံ ဘိက္ခဝေ နိမိတ္တံ အသမနုပဿန္တော ခေမပတ္တော အဘယပတ္တော ဝေသာရဇ္ဇပတ္တော ဝိဟရာမိ။ ။

အနက်လွယ်၏။

စတုတ္ထမြောက်ဖြစ်သော ဉာဏ်တော်သည် သာသနာတော် နိယျာနိကဖြစ်ကြောင်း ကောင်းကောင်းကြီး ဝန်ခံရဲသော ဉာဏ်တော်တည်း။

ဒသဗလ ဉာဏ်တော် ဆယ်ပါးသည် ကျယ်ဝန်း များပြားသောကြောင့် မပြတော့ပြီ။ အလိုရှိလျှင် ဇိနာလင်္ကာရဋီကာဝတ္ထုသောဓနီ ဂါထာ ဝဏ္ဏနာမှာ ယူလေ။

## ဝေသာရဇ္ဇဉာဏ် လေးပါး

စတုဝေသာရဇ္ဇဉာဏ်လေးပါးကို အမြွက်မျှပြအံ့။

(၁) ခပ်သိမ်းသော တရားတို့ကို မဖေါက် မပြန် ကိုယ်တော်တိုင် သိမြင်သည်ဟု ဝန်ခံတော်မူသော မြတ်စွာဘုရားအား ဤတရားတို့ကို မသိသေးပါဟု တစုံတယောက်သော လူနတ်ဗြဟ္မာ မည်သည့်သတ္တဝါက မဆို တရားသဖြင့် စိစစ်မေးမြန်းသည့် ဩဘာနိမိတ် အရိပ်အရောင် မမြင်သောကြောင့် ရဲဝံ့တည်ကြည်စွာ နေတော်မူရခြင်း။

(၂) အာသဝေါကုန်ပြီဟု ဝန်ခံတော်မူသော မြတ်စွာဘုရားအား ဤအာသဝေါကြွင်းကျန်ပါသေးသည်ဟု တစုံတယောက်သော လူ နတ် ဗြဟ္မာ မည်သည့် သတ္တဝါမဆို တရားသဖြင့် စိစစ် မေးမြန်းမည့် ဩဘာ နိမိတ် အရိပ် အရောင် မမြင်သောကြောင့် ရဲဝံ့တည်ကြည်စွာ နေတော်မူရခြင်း။

(၃) ဤတရားတို့သည် ဈာန် မဂ် ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူသည်ကို ထိုတရားတို့ကို မှီဝဲသောသူအား ဈာန် မဂ် ဖိုလ်၏ အန္တရာယ်ကို မပြုတတ်ဟု တစုံတယောက်သော လူ နတ် ဗြဟ္မာ မည်သည့်သတ္တဝါမဆို တရားသဖြင့် စိစစ်မေးမြန်းမည့် အကြောင်း နိမိတ် အရိပ်အရောင်မမြင်သောကြောင့် ရဲဝံ့တည်ကြည်စွာ နေတော်မူရခြင်း။

(၄) ဝဋ္ဋဒုက္ခမှ ကျွတ်လွတ်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်း အကျိုးငှာ ဟောတော်မူသောတရားတော်သည် ကျင့်ကြံသော ပုဂ္ဂိုလ်အား ဝဋ္ဋဒုက္ခမှ မကျွတ်လွတ်၊ နိဗ္ဗာန်ကို မျက်မှောက် မပြုရဟု တစုံတယောက်သော လူ နတ် ဗြဟ္မာ မည်သည့် သတ္တဝါမဆို တရားသဖြင့် စိစစ်မေးမြန်းမည့် အကြောင်း နိမိတ် အရိပ်အရောင် မမြင်သောကြောင့် ရဲဝံ့တည်ကြည်စွာ နေတော်မူရခြင်း။

စတုဝေသာရဇ္ဇ ဉာဏ်တော်လေးပါးတည်း။

ဤသို့ ဒသဗလ ဉာဏ်တော် ဆယ်ပါးတို့တွင် ဌာနာ ဌာန ပဌမ ဒသဗလဉာဏ်တော်၊ စတုဝေသာရဇ္ဇဉာဏ်တော် လေးပါးတို့တွင် စတုတ္ထ ဝေသာရဇ္ဇဉာဏ်တော် နှစ်ထပ်ဖြင့် သင်ခြင် ဆုံးဖြတ်တော် မူပြီးသော သဒ္ဓမ္မဟု ဆိုအပ်သော သာသနာတော်သည် မချွတ်မုချ နိယျာနိက ဖြစ်သည်ဟု ယုံကြည်စိတ်ချရန် ကောင်းလှပေသည်။ ဤသို့ ယုံကြည်စိတ်ချရသောကြောင့် မြတ်စွာဘုရား ပဌမဝါ၊ တဝါသာ ရသေး၍ ဒုတိယဝါ မကပ်မီ နေပြည်တော် ကပိလဝတ္ထုသို့ ကြွတော်မူသောအခါ နောက်တော်မှ သံဃာတော် နှစ်သောင်း ခြံရံလျက် ပါသည်။ အကျွတ်တရားကို ရသော ပုဂ္ဂိုလ်တို့ပေတည်း။ လူဒါယကာတို့သည်လည်း ရာဇဂြိုဟ်ပြည် တရားပွဲကြီးတွင် ဗိမ္ဗိသာရမင်းကို အမှူးထား၍ တသိန်းတသောင်းသော ပုဂ္ဂိုလ်တို့ သောတာပန် တည်သည်။ တသောင်းသောသူတို့မှာ သရဏဂုံ တည်သည်။ နတ်ဗြဟ္မာမူကား ပဌမဝါ ဣသိပတန မိဂဒါဝုန်တော၌ မမ္မစက္က ပဝတ္တနသုတ္တန်၏ အဆုံး၌ပင်လျှင် တဆဲ့ရှစ်ကုဋေမျှ အကျွတ်တရားကို ရကြပေသည်။ ဤသို့ ထိုထိုမြို့ရွာ ဇနပုဒ်စသည်တို့တွင်လည်း တရားပွဲတွေ ပြီးဆုံးသမျှ၌လည်း အကျွတ်တရားရကြသည်မှာ ရာလုံး ထောင်လုံး မက များပြားလှပေသည်။ သက်တော်ထင်ရှားရှိတော်မူစဉ် လေးဆဲ့ငါးဝါအတွင်း သတ္တဝါပေါင်း နှစ်ဆဲ့လေးသင်္ချေအကျွတ်တရားရကြသည်ဟူ၍—

ဣဒါနိ ဘာဗ္ဗုသုတံ ပဘုာ စတုဝီသတိ အသင်္ချေယျပ္ပမာဏော သတ္တေ ဝိမုတ္တိရသံ ပါယေသိ၊

ဇိနာလင်္ကာရ ဋီကာ ၅-နံပါတ် ပဏ္ဏာမဂါထာ လောကေကဗန္ဓု အဖွင့်တွင် ဖွင့်ပြလေသည်။

**အနုက်ကား။** ။ဣဓ၊ ဤလောက၌။ ပစ္ဆိမယာမေ၊ နောက်ဆုံးယာမ၌။ သဗ္ဗညုတ၊ သဗ္ဗညုတ ဉာဏ်ကိုရသော သမ္မာသမ္ဗုဒ္ဓအဖြစ်သို့။ ပတ္တာ၊ ရောက်၍။ စတုဝီသတိ အသင်္ချေယျပ္ပမာဏော၊ နှစ်ဆဲ့လေးသင်္ချေမျှပမာဏရှိကုန်သော။ သတ္တေ။ သတ္တဝါတို့ကို။ ဝိမုတ္တိရသံ၊ နိဗ္ဗာန်၏အရသာကို။ ပါယေသိ၊ တိုက်ကျွေး တော်မူ၏။

## ဗုဒ္ဓဘာသာကိုးကွယ်သူများခြင်း

ပရိနိဗ္ဗာန်စံတော်မူသည့်နောက်၌ အကျွတ်တရားရကြသော ပုဂ္ဂိုလ် တို့သည်လည်း များလှပေသည်။ သာသနာတော် အနှစ်ငါးထောင် မကုန်မခြင်း သတ္တဝါတို့ နတ်, ရွာ နိဗ္ဗာန်သို့ ရောက်ခြင်းအကျိုးငှါ တရားတော်ကို ရုပ်သိမ်းတော်မမူပဲ သရီရဓာတ်တော်များကို ထားတော် မူခဲ့လေသည်။ ထိုသို့ သာသနာတော်၏ နိယျာနိက ဖြစ်ခြင်းကြောင့် ကိုးကွယ်ယုံကြည်ကြသူအပေါင်းတို့ တဖြည်းဖြည်း တိုးတက်များပြား လာပေသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ၏ လေးဆယ် ရာနှုန်းသည် သို့မဟုတ် ကုဋေငါးဆယ်သည် ဗုဒ္ဓဘာသာကို ကိုးကွယ် ယုံကြည်ကြ ကြောင်း၊ ကိုးကွယ်သောနိုင်ငံများမှာ အာဖဂန်နစ္စတန်ပြည်၊နီပေါ(လ်) ပြည်၊ အရှေ့ဘက် တူရကီစ္စတန်ပြည်၊ တိဗက်ပြည်၊ မောင်းဂွတ်ပြည်၊ မန်ချူးရီယာပြည်၊ တရုတ်ပြည်၊ ဇပန်ကျွန်း၊ (ဂျပန်)၊ အရှေ့ဘက် ပင်လယ်ကျွန်းစု၊ ယိုးဒယားပြည်၊ မြန်မာပြည်။ သီဟိုဠ်ကျွန်း၊ အိန္ဒိယ ကစိတ်ဒေသ၊ ဤတိုင်းပြည်များသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ ကြောင်း ဟန်တာ စီရင်ရေးသားသော အိန္ဒိယရာဇဝင်အကျဉ်းချုပ်၌ ဆိုထားလေသည်။ ယခုပြည်ထောင်စုအစိုးရ လက်ထက်၌ နိုင်ငံခြား သာသနာပြု၊ တောင်တန်းသာသနာပြုတို့၏ လုံ့လစိုက်မှုကြောင့် ပြခဲ့ သောစာရင်းထက် များစွာ ပိုမို တိုးတက်လာလောက်ပေပြီ။ မြတ်စွာ ဘုရား၏ မဟာကရုဏာတော်ကို ဆင်ခြင်အပ်ပေစွ။

## သာသနာတော်နှင့် သာဝတ္ထိမြို့သား သူဌေးသားတယောက်

သာဝတ္ထိပြည်တွင် သူဌေးသားတယောက်သည် မိမိ၏အလုပ် ရဟန်း တပါး အိမ်သို့ ကြွလာသောအခါ--

**သူဌေး။** ။တပည့်တော် ဆင်းရဲဒုက္ခမှ လွတ်လိုလှပါသည်၊ ဆင်းရဲ ဒုက္ခမှ လွတ်စေတတ်သော အကျင့်တရားကို ဟောတော်မူပါဘုရား။

**ရဟန်းတော်။** ။ဆင်းရဲဒုက္ခမှ လွတ်လိုလျှင် သံဃာတော်အား သလာကဘတ် စသော ဆွမ်းကို လှူရမည်။

ရဟန်းတော်ဟောသည့်အတိုင်း လှူဒါန်း၍ ဆင်းရဲဒုက္ခမှ မလွတ် သေးလျှင်--

**သူဌေး။** ။ယခုအကျင့်ထက် မြန်စွာလွတ်နိုင်သော အကျင့်တရား ရှိသေးလျှင် ထပ်၍ ဟောစေလိုပါတယ်၊ ဟောတော်မူပါဘုရား။

**ရဟန်းတော်။** ။သို့ဖြစ်လျှင် သရဏဂုံ, ငါးပါးသီလ၊ ဆယ်ပါး သီလတို့ကို အစဉ်အတိုင်း စောင့်သုံးပါ

အစဉ်အဲတိုင်းလိုက်၍ စောင့်သုံးပြီးနောက်--

**သူဌေး။** ။ထိုထက် ဒုက္ခမှ ကျွတ်လွတ်လွယ်သော အကျင့်တရား ရှိပါသေးလျှင် ဟောတော်မူပါဦးဘုရား။

**ရဟန်းတော်။** ။ကျွတ်လွတ်လွယ်သောတရားရှိပါသည်။ တတ်နိုင် ပါက သာသနာတော်သို့ဝင်၍ ရဟန်းပြုပေတော့ဒကာကြီး။

ထိုအခါ ဆရာရဟန်းတော် ညွှန်ကြားသည့် အတိုင်း ဇေတဝန် ကျောင်းတော်သို့သွား၍ ရဟန်းခံလေသည်။ ရဟန်းခံသောသိမ်အပြင်၌ ဝိနည်းမိုရ်ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍ အာဘိဓမ္မိကပုဂ္ဂိုလ်က ကမ္မဝါဆရာ လုပ်၍ ရဟန်းခံပြီးလေသော် ဥပဇ္ဈာယ်ဆရာနှင့် ကမ္မဝါဆရာတို့က "ရဟန်းမည်သည် ဤအမှုကို မပြုအပ်၊ ဤအမှုကို ပြုအပ်၏" စသည် ဖြင့် ဆုံးမသွန်သင်လေရာ ရဟန်းက ဩော်-ရဟန်းအဖြစ်သည် အလွန် ဝန်လေးပေစွ၊ လက်ကိုပင် ဆန့်ဝံ့စရာမရှိအောင် ကျပ်တည်း ကျဉ်းမြောင်း လေစွတကား။

## ရဟန်းသစ်၏ အကြံသစ်ဖြစ်ပေါ်လာခြင်း

ငါသည် ဆင်းရဲဒုက္ခမှ လွတ်လိုသောကြောင့် ရဟန်းပြုပါသည်၊ ရဟန်းဖြစ်မှ သာ၍ကျဉ်းကျပ်သဖြင့် ဒုက္ခတွေပိုလာတော့သည်။ လူထွက်၍ လူ၏အဖြစ်နှင့်ပင် သီလ, ဒါနတို့ကို ဆည်းပူး အားထုတ်ရလျှင် ကောင်းလိမ့်မည်ဟု သာသနာတော်တွင် ငြီးငွေ့ပျင်းရိသောကြောင့် ကမ္မဋ္ဌာန်း ဓုတင်္ဂ သိက္ခာရကို မစီးဖြန်း၊ ပါဠိတော်ကိုမသင်၊ ပိန်ကြုံ ခြောက်သွေ့၍ နေလေရာ သာမဏေယ်များက အရှင်ဘုရား ပိန်လှပါကလား ဘာရောဂါရှိသလဲဟုမေးကြရာ ရဟန်းက ရောဂါမရှိ၊ ငါသည် ဆင်းရဲဒုက္ခမှ လွတ်လိုသောကြောင့် ရဟန်းပြုရာ ရဟန်းဖြစ်မှ သာ၍ကျပ်တည်းကျဉ်းမြောင်းသောကြောင့် သာသနာတော်၌မပျော်သဖြင့် ပိန်ကြုံကြောင်း ပြောသောအခါ သာမဏေယ်များက ဆရာဥပဇ္ဈာယ်တို့အား တိုင်ကြားသဖြင့် ဆရာဥပဇ္ဈာယ်တို့သည် တပည့်ရဟန်းကိုခေါ်၍ မြတ်စွာဘုရား အထံတော်သို့ တပည့်ရဟန်းကို ဆောင်ယူသွားကြလေသည်။ မြတ်စွာဘုရားသည် ထိုရဟန်းကို မြင်တော်မူလျှင် ဤရဟန်းကို အဘယ်အကြောင်းကြောင့် ငါ့ထံသို့ ခေါ်ဆောင်ခဲ့ကြသနည်းဟု မေးတော်မူလျှင် ဆရာဥပဇ္ဈာယ်တို့က ဤရဟန်းသည် သာသနာတော်၌မပျော်ပိုက်သောကြောင့် အရှင်ဘုရား အထံတော်သို့ ခေါ်ဆောင်ခဲ့ပါကြောင်း လျှောက်ထားကြလေသော်—

**မြတ်စွာဘုရား။** ။ရဟန်း၊ သင်သည် သာသနာတော်၌ မပျော်ဟု ငါကြားရသည်၊ ကြားတော်မူတိုင်း မှန်သလား။

**ရဟန်း။** ။မှန်ပါတယ်ဘုရား။

**မြတ်စွာဘုရား။** ။ငါ့သာသနာသို့ ရောက်ပြီးမှ မပျော်မွေ့သော အကြောင်းကိုလျှောက်ထားစမ်းပါ။

**ရဟန်း။** ။တပည့်တော် ဆင်းရဲဒုက္ခမှလွတ်လိုလှသောကြောင့် တပည့်တော်၏ ဆရာရဟန်းတပါးကို ဆင်းရဲဒုက္ခမှ ကျွတ်လွတ်စေတတ်သော အကျင့်တရားကိုတောင်းရာ ဆရာရဟန်းက ဆွမ်းကျွေး သရဏဂုံယူသီလစောင့်ရမည်။ သာသနာတော်ကို ထမ်းဆောင်ရမည်ဟု ဟောပြသောကြောင့် ဟောပြသည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ရာ ယခုသာသ

တော်၌ ရဟန်းဖြစ်ခဲ့ပါသည်။ ရဟန်းဖြစ်မှပင် ဆရာဥပဇ္ဈာယ်များက ဤအမှုသည် မအပ်၊ ဤအမှုသည် အပ်သည်၊ ဤအလုပ်သည် ရဟန်းတို့နှင့် မလျော်၊ ဤအမှုသာ ရဟန်းတို့နှင့်လျော်သည်ဟုဆိုးမကြသဖြင့် လက်ကို ဝင်ရဲဝံ့စွာဆန့်တန်းရန် နေရာမရှိအောင် ကျပ်တည်း ကျဉ်းမြောင်းလှပါသည်၊ ထို့ကြောင့်-လူ၏အဝတ်နှင့်ပင် တရားအားထုတ်၍ နေလိုပါတော့သည်။ ထိုအကြောင်းများကြောင့် သာသနာတော်၌မပျော်မွေ့ပါဘုရား။

မြတ်စွာဘုရား။ ။ရဟန်း၊ ဤလောက် စောင့်ရမည့် သိက္ခာပုဒ်တွေ များလွန်း၍ ကျပ်တည်းလျှင် တပါးတည်းပေးလျှင်ကော စောင့်ရှောက်နိုင်မလား။

ရဟန်း။ ။တပါးတည်းဖြစ်လျှင် စောင့်ရှောက်နိုင်ကြောင်းပါဘုရား။

မြတ်စွာဘုရား။ ။သို့ဖြစ်လျှင် တပါးတည်းကိုပင် ပေးမည်၊ စိတ်တပါးတည်းကို စောင့်ရှောက်စေဟု မိန့်တော်မူ၍။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေယျ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

မေဓာဝီ၊ ပညာရှိသောသူသည်။ သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲထသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့ထသော။ ယတ္ထကာမနိပါတိနံ၊ အကြင် အလိုရှိသောအာရုံ၌ ကျတတ်သော။ စိတ္တံ၊ စိတ်ကို။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ စောင့်ရှောက်၍လုံခြုံသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ နိဗ္ဗာန် မဂ် ဖိုလ်ချမ်းသာကို ရွက်ဆောင်နိုင်၏။

ဤကားအနက်။ ဓမ္မပဒပါဠိတော်စိတ္တဝဂ်။

ဤဂါထာ အဆုံးတွင် ပျင်းရိသောရဟန်းသည် သောတာပန်တည်လေ၏။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ပျင်းရိသောရဟန်းသည် သာသနာတော်၌သိက္ခာပုဒ်များ၍ ကျပ်တည်း ကျဉ်းမြောင်းသောကြောင့် မပျော်မွေ့ပဲလျက် စိတ်တခု

တည်းကိုသာစောင့်ရှောက်ပါဟု မြတ်စွာဘုရားက နည်းပေးတော်မူသော အခါ သောတာပန်တည်သည်မှာ ကျင့်ဝတ် ပဋိပတ်ဖြစ်သော သာသနာတော် နိယျာနိက ဖြစ်၍သာ သောတာပန်တည်သည်ဟူ၍ ယုံကြည်စိတ်ချရသည်။ နိယျာနိကမဖြစ်သော ကျင့်ဝတ်ဖြင့် မည်မျှလောက်ပင် ဆုံးမသော်လည်း မဂ် ဖိုလ် နိဗ္ဗာန်ကိုမရနိုင်ရာ။

## ရှင်တော်ဘုရားနှင့် ဥပါလိသူကြွယ်

မြတ်စွာဘုရား သခင်သည် နာလန္ဒမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်ကျောင်း၌ သံဃာတော် အပေါင်း ခြံရံလျက် သီတင်းသုံးနေတော်မူ၏။ ထို နာလန္ဒမြို့၌ပင် နိဂဏ္ဌနာဋပုတ္တသည်လည်း နိဂဏ္ဌတပည့်တို့နှင့်တကွ နေကြလေသည်။ ထိုနိဂဏ္ဌနာဋပုတ္တ၌ ဒီဃတပဿီမည်သော လက်ထောက်တပည့်ကြီး တယောက်သည် နိဂဏ္ဌနာဋပုတ္တ၏ ယုံကြည်ရသော အတိုင်ပင်ခံ သာဝကပေတည်း။ ထိုတပည့်ကြီး ဒီဃတပဿီသည် နာလန္ဒမြို့၌ ဆွမ်းခံ၍ ဆွမ်းစားပြီးသော် မြတ်စွာဘုရားကျောင်းတော်သို့သွား၍ ဘုရားအထံတော်သို့ရောက်လျှင် နိမ့်သောနေရာ တခု၌ထိုင်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြပြီးနောက် စကားပြောဟောကြသည်မှာ—

**ရှင်တော်ဘုရား။** ဒီဃတပဿီ၊ သင်တို့ဆရာ နိဂဏ္ဌသည် အကုသိုလ်ဖြစ်ဖို့ရန် ကံ,အမျိုး မည်မျှ ပညတ်ထားပါသလဲ။

**ဒီဃတပဿီ။** အရှင်ဂေါတမ၊ ကျွန်ုပ်တို့ နိဂဏ္ဌဝါဒ၌ ကံဟု ပညတ်ခေါ်ဝေါ်လေ့မရှိပါ။ ဒဏ်ဟူ၍သာ ခေါ်ဝေါ်သုံးစွဲလေ့ရှိပါသည်၊ မကောင်းမှုဖြစ်ရာ၌ ဒဏ်ကို ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟု သုံးမျိုး ပညတ်ခေါ်ဝေါ်ပါသည်။

**ရှင်တော်ဘုရား။** ထိုဒဏ်သုံးမျိုးတို့တွင် ဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟု ပညတ်ပါသလဲ။

**ဒီဃတပဿီ။** ကာယဒဏ်ကို အပြစ်အကြီးဆုံးဟု ပညတ်ပါတယ်။

**ရှင်တော်ဘုရား။** ကာယဒဏ်ကို အပြစ်အကြီးဆုံးဟု ဆိုသလား။

သာသနာ ၅

ဒီဃတပဿီ။ ကာယဒဏ်ကို အပြစ်အကြီးဆုံးဟု ဆိုပါတယ်။ သုံးကြိမ်တိုင်မေး၍ သုံးကြိမ်ပင် ပြေဆိုဝန်ခံသည်။

ဒီဃတပဿီ။ အရှင်ဂေါတမ၊ အရှင်ဂေါတမက မကောင်းမှု ဖြစ်ဖို့ရာ ဒဏ်ဘယ်နှစ်မျိုး ပညတ်ပါသလဲ။

ရှင်တော်ဘုရား။ ငါ့သာသနာတော်မှာ မကောင်းမှုဖြစ်ရန် ဒဏ် ဟူ၍ ခေါ်ဝေါ် လေ့မရှိ။ ကံဟူ၍သာ ခေါ်ဝေါ်သုံးစွဲလေ့ ရှိပါတယ်။

ဒီဃတပဿီ။ ကံ ဘယ်နှစ်မျိုးဟု ပညတ်ပါသလဲ။

ရှင်တော်ဘုရား။ ကာယကံ၊ ဝစီကံ၊ မနောကံဟု ကံသုံးမျိုးလို့ ပညတ်ပါတယ်၊

ဒီဃတပဿီ။ ဘယ်ကံကို အပြစ်အကြီးဆုံးဟု ပညတ်ပါသလဲ။

ရှင်တော်ဘုရား။ မနောကံကို အပြစ်အကြီးဆုံးဟုပညတ်ပါတယ်။

ဒီဃတပဿီ။ မနောကံကို အပြစ်အကြီးဆုံးဟု ဆိုပါသလား။

ရှင်တော်ဘုရား။ မနောကံကို အပြစ်အကြီးဆုံးလို့ ဆိုလိုပါတယ်။ သုံးကြိမ်တိုင်မေး၍ သုံးကြိမ်ပင် ပြေဆိုဝန်ခံတော်မူသည်။

ဒီဃတပဿီသည် မြတ်စွာဘုရားနှင့် ဤမျှလောက် မေးမြန်းဆွေးနွေးပြီးလျှင် ကျောင်းသို့ ပြန်သွားလေတော့သည်။

## နိဂဏ္ဌဆရာကြီးက ဒီဃတပဿီကို ပရိသတ်အလယ်၌ အားရနှစ်သက်လှ၍ သာဓုခေါ်ခြင်း

ဒီဃတပဿီ ကျောင်းသို့ပြန်သွား၍ ရောက်သောအခါ နိဂဏ္ဌဆရာကြီးသည် ဥပါလိအမှူးရှိသော ပရိသတ်အလယ်၌ ထိုင်နေသောအခိုက် ဖြစ်၏။ နိဂဏ္ဌသည် တပည့်ကြီး ဒီဃတပဿီကိုမြင်လျှင် ယခု ဘယ်က လာခဲ့သလဲဟု မေးရာ အရှင်ဂေါတမ အထံမှ လာခဲ့ကြောင်း ပြောသဖြင့် အရှင်ဂေါတမနှင့် တစုံတရာ ဘာစကားများ ပြောခဲ့သေးသလဲဟု

မေးရာ တပည့်တော်က ကာယဒဏ် အပြစ်ကြီးကြောင်းပြောရာ ရှင်ဂေါတမက မနောကံအပြစ်ကြီးသည်ဟု ပြောပါသည်ဟု လျှောက်ထားလေလျှင် နိဂဏ္ဌ ဆရာကြီးက တပည့် ဒီဃတပဿီကို သာဓု သာဓု သာဓု သုံးကြိမ်ခေါ်၍ ဘော်ပေစွ၊ ဆရာ၏ဝါဒအတိုင်း ကျနပိုင်နိုင်စွာ ဖြေဆိုနိုင်ပါပေသည်။ မကောင်းမှုဖြစ်ရန် ကာယ ဒဏ်လောက် အပြစ်ကြီးတာ မရှိ။ ဝစီ၊ မနောတို့က အပြစ်မကြီးပါဟု ပရိသတ်အလယ်၌ ထပ်၍ ဆုံးဖြတ်ချက် ချလေသည်။

## ဥပါလိက ရှင်တော်ဘုရားကို အထင်သေးခြင်း

ဒီဃတပဿီ လျှောက်ထားပြောဆိုသော စကားကို ဥပါလိသူကြွယ်ကြားလျှင် အားရနှစ်သက်စွာ ပရိသတ်ထဲမှနေ၍ ယခု အရှင် ဒီဃတပဿီ လျှောက်ထားသည့်အတိုင်း မနောဒဏ်အပြစ်ကြီးသည်ဟု ပြောရိုးမှန်လျှင် ယခုပင်တပည့်တော် ဂေါတမအထံသို့သွား၍ အပြစ်တင်ချေမည်၊ တပည့်တော်ကိုလည်း အရှင် ဒီဃတပဿီကို ပြော လိုက် သလိုမနောဒဏ် အပြစ်ကြီးကြောင်း အရှင်ဂေါတမ ပြောပြန်လျှင် အမွေးရှည်သော သိုးကလေးကို အမွေးမှ ဆွဲကိုင်၍ မွှေ့ရမ်းသလို အရှင်ဂေါတမကို ဝါဒဖြင့် မွှေ့ရမ်းရအောင် တပည့်တော် အရှင်ဂေါတမနှင့် ဝါဒပြိုင်သွားပါရစေဟု ခွင့်တောင်း လျှောက်ထားလေရာ နိဂဏ္ဌဆရာကြီးက ဥပါလိ လျှောက်ထားသည်ကို ကျေနပ်စွာခွင့်ပေးသော်လည်း ဒီဃတပဿီက ဥပါလိ မသွားသင့်ပါ၊ အရှင် ဂေါတမသည် လှည့်ပတ်သော မာယာတတ်လှသည်၊ ဥပါလိကို လှည့်ပတ်၍ အရှင်ဂေါတမဘက်သို့ ဆွဲသွားမှာစိုးရသည်ဟု ကန့်ကွက်လေသည်။ နိဂဏ္ဌဆရာကြီးက စိုးရိမ်ရန် မရှိပါ၊ ရှင်ဂေါတမကသာ ဥပါလိဘက်သို့ပါလျှင်သာ ပါရန်ရှိပါသည်၊ ဥပါလိက အရှင်ဂေါတမဘက်သို့ ပါရန်မရှိပါ၊ သွားသာသွားပါဟု ခွင့်ပေးလိုက်ရာ ဥပါလိလည်း ဆရာကိုဦးချ၍ စိတ်အားတက်သန်စွာ မြဂ်စွာဘုရားသီတင်းသုံးတော်မူရာ သရက်ဥယျာဉ် ကျောင်းတော်သို့ သွားလေသည်။

## ဝါဒပြိုင်ကြခြင်း

ကျောင်းတော်သို့ ရောက်လျှင် သင့်တော်သောနေရာမှာထိုင်၍--

ဥပါလိ။ ။နိဂဏ္ဌတပဿီ ဒီဃတပဿီ ဤအရပ်သို့ လာရောက်ပါသလား။

ရှင်တော်ဘုရား။ ။လာရောက်ပါတယ်။

ဥပါလိ။ ။ရောက်ပါလျှင် စကားစမြည်ပြောကြသေးသလား။

ရှင်တော်ဘုရား။ ။ပြောကြပါသေးတယ်။

ဥပါလိ။ ။ဘာများပြောကြပါသလဲ။

ရှင်တော်ဘုရား။ ။(ဒီဃတပဿီနှင့် ပြောသမျှကို ပြန်ပြောပြီး။) ဒီဃတပဿီက ကာယဒဏ် အကုသိုလ်၌ အပြစ်ကြီးသည်ဟု ပြော၍ ငါဘုရားက အကုသိုလ်ဖြစ်ရာ၌ မနောကံသာအပြစ်ကြီးသည်ဟု ပြောပါတယ်။

ဥပါလိ။ ။ဒီဃတပဿီသည် ဆရာ၏ဝါဒအတိုင်း ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်ပါပေတယ်။ ကာယဒဏ်နှင့် စာနာလျှင် မနောဒဏ်ဟာ ဘာပြောပလောက်တော့မှာလဲ၊ ကိုယ်နှင့်ထိထိရောက်ရောက် ကျူးလွန်သော ကာယဒဏ်သာ အပြစ်ကြီးရမှာပေါ့။

ရှင်တော်ဘုရား။ ။ဥပါလိ မှန်သောစကားဖြစ်လျှင် မှန်သည်ဟု ဝန်ခံသော ပညာရှိတို့ ဆွေးနွေးခြင်းဖြင့် ဆွေးနွေးလိုလျှင် ကာယဒဏ်နှင့် မနောကံ မည်သည်က အပြစ်ကြီးကြောင်းကို စိစစ်ဆွေးနွေးလိုလျှင် ဆွေးနွေးနိုင်ပါတယ်။

ဥပါလိ။ ။မှန်သည့်အတိုင်း ဝန်ခံသော ပညာရှိတို့၏ ဆွေးနွေးခြင်းဖြင့်ပဲ ဆွေးနွေးလိုပါတယ်။ (အနိုင်ငြင်းခုံခြင်း မဟုတ်ဟုလို)

ရှင်တော်ဘုရား။ ။ဥပါလိ, နိဂဏ္ဌတယောက်မှာ သည်းခြေရောဂါ ရောက်နေတယ်ဆိုပါတော့၊ နိဂဏ္ဌသည် ရေအေးကို မသောက်မချိုးရလျှင် ရောဂါတိုးတော့မယ်။ ရေအေးကိုလည်း စိတ်ကအလွန်တောင့်တ

တယ်၊ ရေအေးကို သောက်ချင်တယ်လို့ နှုတ်ကပြောလျှင် ဝစီဒဏ်ထိုက်မည်၊ ရေအေးကို သောက်လျှင် ကာယဒဏ်သင့်မည်၊ ထိုဒဏ်တို့ကို ရှောင်ကြဉ်၍ သောက်ချင်လျက်, မသောက်ရပဲ သေခဲ့သော်၊ ဘယ်ဘဝမှာ ထိုနိဂဏ္ဌဖြစ်မည်ဟု ယူသလဲ၊ ရေအေးကိုသောက်ချင်တဲ့ စိတ်ရှိနေသဖြင့် မနောဒဏ်သင့်နေပြီ မဟုတ်လား။

**ဥပါလိ။** ။ဟုတ်ပါတယ်၊ ရေအေးကိုတောင့်တ၍ သေသောကြောင့် နတ်ပြည်၌ မနောသတ္တနတ်ဖြစ်တယ်လို့ နိဂဏ္ဌတို့ ပညတ်ကြပါတယ်။

**မှတ်ချက်။** ။နိဂဏ္ဌဝါဒမှာ ရေအေးမှာ အသက်ရှိသည်ဟု ရေအေးကို ပယ်၍ ရေနွေးကိုသာ သောက်သုံးရသည်။

**ရှင်တော်ဘုရား။** ။ဥပါလိ၊ သတိထား၍ ရှေ့နောက်စကားညီအောင် ဖြေပါ၊ ယခုအဖြေဟာ ရှေ့စကားနှင့် နောက်စကား မညီဘူး၊ အပြစ်ကြီးသော ကာယဒဏ်နှင့် ဝစီဒဏ်တို့ကို မလွန်ကျူးပဲလျက် မပြောပလောက်သော မနောဒဏ်က နတ်ဘဝကို ရောက်အောင် ပို့နိုင်စရာအကြောင်းမရှိဘူး မဟုတ်လား။

ဤသို့ မိန့်တော်မူလျှင်ပင် နဂိုရ်ခါတ်ခံက ပညာရှိသောသူဖြစ်၍ ကိုယ်ကလည်းမလှုပ်၊ နှုတ်ကလည်း မပြောနိုင်သော်လည်း စိတ်ရှိသေး၍ မသေသောသူကို သတိရကာ မနောကံက ကာယဝစီကံတို့ထက် ထက်မြက်ကြောင်း စဉ်းစားမိ၍ သဘောပေါက် လာလေ တော့သည်။ သို့သော်လည်း ဘုရားရှင်၏ ဆန်းကြယ်သော ဥပမာကရားစကားတို့ကို ဆက်၍ နာလိုသောကြောင့်--

**ဥပါလိ။** ။အရှင်ဘုရားက သည်လိုအမိန့်ရှိသော်လဲ ကာယဒဏ်ကသာ ပို၍ တန်ခိုးသတ္တိကောင်းလှပါတယ်။

**ရှင်တော်ဘုရား။** ။ဥပါလိ၊နိဂဏ္ဌဆရာက သွားရင်းလာရင်း မတော်တဆနင်းမိသော သတ္တဝါကလေးတွေသေလျှင် ဘယ်လို အပြစ်ရှိသည်ဟု ပညတ်သလဲ။

ဥပါလိ။ သေစေလိုသော စေတနာမရှိသောကြောင့် အပြစ်မရှိဟု ပညတ်ပါသည်။

ရှင်တော်ဘုရား။ စေတနာဟာ ကာယလား, ဝစီလား, မနောလား။

ဥပါလိ။ စေတနာဟာ မနောပါ။

ရှင်တော်ဘုရား။ သေစေ လိုသော စေတနာပါလျှင် အပြစ်ရှိသည်ဟု ပညတ်သလား။

ဥပါလိ။ သေစေလိုသော စေတနာပါရှိလျှင် အပြစ် ရှိတယ်လို့ ပညတ်ပါတယ်။

ရှင်တော်ဘုရား။ ဥပါလိ သတိထား၍ စဉ်းစားပြီး ဖြေပါ၊ သင်၏ အဖြေသည် ရှေ့စကားနှင့်နောက်စကား မညီတော့ဘူး၊ ကာယကသာ အပြစ်ကြီးသည်ဟု ဆိုပါလျှင် ယခုမေးခွန်းမှာ စေတနာ မပါသော်လဲ ခြေနှင့် နင်းသော ကာယ ပါသောကြောင့် အပြစ် ထိုက်သင့်သည်၊ သေစေလိုသော စေတနာ မနော မပါလို့ အပြစ်မထိုက်ပါလျှင် မနော သည် သာ၍ အပြစ်ကြီးကြောင်းဝန်ခံရာ ရောက်နေပြီ၊ ဤကာယသည် မနောမပါလျှင် ဘာမှ အသုံးမဝင် သတ္တိမရှိတော့ဘူး မဟုတ်လား။

ဥပါလိသည် နိဂဏ္ဍဆရာကြီးက စေတနာမပါသော ကာယဒဏ်ကို တော့ အပြစ်ရှိတယ်၊ စေတနာ သက်သက် ဖြစ်တဲ့ မနောဒဏ်ကိုတော့ အပြစ်မရှိဘူးလို့ ပညတ်ထားတာဟာ လက်တွေ့ သဘာဝနှင့် မညီဘူး၊ ရှင်ဂေါတမ၏ ပညတ်ချက်, မနောကံက သာ၍ အပြစ်ကြီးတယ်ဆိုတဲ့ စကားသည်သာလျှင် လက်တွေ့သဘောနှင့် ကိုက်ညီပါပေတယ်၊ သို့သော် လဲ ခန်းကြယ်သော ဥပမာတွေကို နာရဦးမည်ဟု စဉ်းစား တွေးတော သဘောထားကာ။

ဥပါလိ။ ဟုတ်ပါတယ်၊ သို့သော်လဲ - ကာယဒဏ်ကသာ ပိုပြီး အပြစ်ကြီးပါတယ်။

ရှင်တော်ဘုရား။ ဥပါလိ အလွန်စည်ကားသော ဤနာလန္ဒ ရွာကြီးကို လက်နက်ကိုင်လူတကျိပ် လာ၍ ရွာနေလူအားလုံးကို တချိန်တည်း သေအောင် ' သတ်နိုင်ပါမည်လား။

ဥပါလိ။ မသိနိုင်ပါ။

ရှင်တော်ဘုရား။ စိတ်တန်ခိုး အဘိညာဉ်ရှိသော ရသေ့-သို့မဟုတ် နတ်တယောက်မှာ ဤနာလန္ဒ ရွာသူရွာသားအားလုံးကို တချိန်တည်း သတ်နိုင်ပါမည်လား။

ဥပါလိ။ စိတ်တန်ခိုးရှိလျှင် နာလန္ဒရွာမျိုးနှစ်ဆယ်မှာရှိတဲ့ လူအားလုံးကို သတ်နိုင်ပါတယ်။

ရှင်တော်ဘုရား။ ဥပါလိ၊ ကလိင်္ဂတော၊ ဒဏ္ဍကီတော၊ မာတင်္ဂတောတို့ အကြောင်းကို ကြားဘူးရဲ့လား။

ဥပါလိ။ ကြားဘူးပါတယ်။

ရှင်တော်ဘုရား။ အလွန်စည်ကားသော ကလိင်္ဂတိုင်း၊ ဒဏ္ဍကီတိုင်း၊ မဇ္ဈတိုင်းများသည် ယခု ဘာ့ကြောင့် တောဖြစ်ကုန်ရသလဲ။

ဥပါလိ။ သီလရှိသော ကိသဝစ္ဆ မာတင်္ဂ စသော ရသေ့တို့ကို နာလိကေရမင်း၊ မဇ္ဈမင်းတို့က သတ်ညှဉ်းဆဲကြသောကြောင့် မနောပဒေါသိက နတ်များသည် တန်ခိုးဖြင့် လက်နက်မိုး၊ ရွှံ့ညွန်မိုး စသည်ဖြင့် အကြိမ်ကြိမ် ရွာသောကြောင့် မင်းရေ တိုင်းပြည်ပါ မြုပ်၍ တောဖြစ်သည်ဟု ကြားဘူးပါတယ်၊ လူတွေကတော့ စိတ်တန်ခိုးကြီးသော ရသေ့တို့ စိတ်ဆိုးသောကြောင့် လက်နက်မိုး ရွာတယ်လို့ ပြောတာ ကြားဘူးပါတယ်။

ရှင်တော်ဘုရား။ ဒါဖြင့် မနောကံဟာ - သယ့်ကို အရောက်ဆုံးလို့ ဆိုမလား။ ဥပါလိ သတိထားပြီး ရှေ့စကား နောက်စကား ညီအောင် ပြောပါ၊ မသွေ့ဆွေးမိက မှန်သည်ကို ပညာရှိသဘောဖြင့် ဝန်ခံကြရန်ဟု ကတိပေးထားခဲ့ကြသည်ကို သတိရပါ။

## ဥပါလိသည် နိဂဏ္ဌဝါဒကိုစွန့်၍ ဗုဒ္ဓဝါဒကို ဝန်ခံလျက် သရဏဂုံ ယူခြင်း

ဥပါလိ။ မှန်ပါတယ်၊ တပည့်တော် အရှင်ဘုရား ဟောသော ပဌမ ဥပမာ ကပင် ကြည်ကပင် အမှ ဘုရား၏ ဝါဒတော်ကို နှစ်သက်

သဘောကျလှပါတယ်။ သို့သော်လည်း အရှင်ဘုရား၏ ဆန်းကြယ်သော တရားစကားတို့ကို ဆက်လက်နာလိုသောကြောင့် ဆန့်ကျင်ဘက်စကားကို လျှောက်ထားခြင်း ဖြစ်ပါတယ်။ အရှင်ဘုရားဟောပြသော တရားတော်သည် မှောင်မိုက်သောအခါ ဆီမီးထွန်းလိုက်သလို ထင်ရှားပေါ်လွင်အောင် ဟောပြနိုင်သည်မှာ အံ့ဩချီးမွမ်းဖွယ် ဖြစ်ပါတယ်။ တပည့်တော်သည် ယနေ့ကစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ဆည်းကပ်ပါတယ်။ အသက်ကိုစွန့်၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်ယူတော်မူပါဘုရား။

ရှင်တော်ဘုရား။ ။ဥပါလိ၊ သင်တို့လို ထင်ရှားတဲ့ လူကြီးလူကောင်းတယောက်ဆိုတာ စဉ်းစားနိုင်းချိန်၍ပြုလုပ်လျှင် ကောင်းတယ်။ ဥပါလိဆိုတဲ့သူကြွယ်ဟာ တွေ့ရာမြင်ရာ ကိုးကွယ်တာပဲလို့ အများက ပြောဆိုတတ်တယ်။

ဥပါလိ။ ။သည်လို သတိပေးပြန်တာကိုပဲ အလွန် အားရနှစ်သက်ပါတယ်။ အခြားဆရာကြီးများ၊ တပည့်တော်လို ဒကာရလျှင် နာလန္ဒမြို့ထဲမှာ တံခွန်စိုက်ပြီး ဥပါလိ တို့တကာဖြစ်ပြီလို့ ဝါဒဖြန့်ကြပါတယ်။ အရှင်ဘုရားကတော့ စဉ်းစားနိုင်းချိန်ပြီး ပြုလုပ်ရမယ်လို့ သတိပေးသည်ကို အလွန် နှစ်သက်လှပါတယ်။ တပည့်တော် နှစ်ကြိမ်မြောက် ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ပါတယ်။ အသက်စွန့်၍ ရတနာသုံးပါးကို ဆည်းကပ်သော ဒါယကာဟူ၍ မှတ်ယူတော်မူပါဘုရား။

ရှင်တော်ဘုရား။ ။ဥပါလိ၊ သင်၏အိမ်သည် နိဂဏ္ဌတို့ အမြဲဝင်ထွက်စားသောက်နိုင်သော ရေတွင်းကြီးနှင့် တူနေတယ်။ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်သော်လဲ နိဂဏ္ဌတို့လာလျှင် ပေးလှူသင့်တယ်လို့လဲ မှတ်ယူစေချင်တယ်။

ဥပါလိ။ ။သည်လိုဆုံးမတာကိုလဲ တပည့်တော် အရှင်ဘုရားကို ပို၍ကြည်ညိုပြန်ပါတယ်။ ငါ့ကိုသာလှူရမယ် အခြားသူတွေကို မလှူထိုက်၊ ငါ့တပည့်တွေကိုသာလှူထိုက်သည်၊ အခြားသူတွေရဲ့ တပည့်တွေကို မလှူထိုက်၊ ငါနှင့် ငါ့တပည့်တွေကိုလှူမှ အကျိုးကြီးတယ်၊ သူတပါးလှူလျှင် အကျိုးမကြီးဘူးလို့ အရှင်ဘုရားကမဟောသလိုလို ကြားဘူးပါတယ်။ယခု

တော့ နိဂဏ္ဌတို့ကိုလဲပေးလှူသင့်တယ်လို့ ဟောပြန်တော့ သာ၍ပင် အရှင်ဘုရားအပေါ်မှာ အားရနှစ်သက်ပြန်ပါတယ်။ သုံးကြိမ်မြောက် ဘုရား, တရား, သံဃာကို ဆည်းကပ်ကိုးကွယ်ပါတယ်။ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်သော ဥပါသကာဟူ၍ အသက်ထက်ဆုံး မှတ်ယူတော်မူပါဘုရား။

## ဥပါလိ သောတာပန်တည်ခြင်း

မြတ်စွာဘုရားသည် ဥပါလိအား ဒါနအကြောင်း, သီလအကြောင်း နတ်ပြည်အကြောင်း, မဂ်ဖိုလ်နိဗ္ဗာန်အကြောင်း, ကာမဂုဏ်၏ အပြစ်၊ ဟောထွက်ခြင်း၏ အကျိုးတို့ကို အစဉ်အတိုင်းဟော၍ သစ္စာလေးပါးတို့ကို ပြတော်မူသောအဆုံး၌ သောတာပန်တည်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးလျက် အိမ်သို့ ပြန်သွားလေသည်။ အိမ်သို့ရောက်လျှင် တံခါးမှူးကိုခေါ်၍ တံခါးမှူး ယနေ့ကစ၍ နိဂဏ္ဌ ယောကျ်ားမိန်းမတို့လာလျှင် ဝင်ခွင့်မပြုပဲ တံခါးပိတ်ထားရမည်။ မြတ်စွာဘုရားနှင့် ဘုရား၏ တပည့်သာဝကတို့လာလျှင် ဝင်ခွင့်ပေး၍ တံခါးကိုဖွင့်ထားရမည်ဟု အမိန့်ပေးထားလေ၏။

## ဒီဃတပဿီ စုံစမ်းရန်လိုက်လာခြင်း

ဒီဃတပဿီသည် နဂိုရ်ကပင် ဥပါလိကိုစိတ်မချသူဖြစ်၍ ဥပါလိ ဘုရား၏တပည့် ဖြစ်သွားပြီတဲ့ဟု ကြားလျှင် ချက်ခြင်း ဥပါလိအိမ်သို့ လိုက်လာရာ အိမ်တံခါးသို့ရောက်သောအခါ မဝင်ရသဖြင့် ကျောင်းသို့ ပြန်၍ နိဂဏ္ဌဆရာကြီးအား ဥပါလိ ရှင်ဂေါတမဘက်သို့ပါသွားကြောင်း ပြောရာ နိဂဏ္ဌဆရာကြီး မယုံသဖြင့် နိဂဏ္ဌများခြံရံလျက် ဥပါလိ အိမ်သို့သွားလေသော် တံခါးမှူးက တားထားပြန်သောကြောင့် ငါတို့ လာကြောင်း ဥပါလိကို ပြောပေးပါဟု တောင်းပန်သဖြင့် တံခါးမှူးက ဥပါလိအားပြောရာ စတုတ္ထတံခါးမုခ်၌ နေရာပေးလိုက်ဟု ဆိုသဖြင့် စတုတ္ထတံခါးမုခ်၌ နေရာခင်းပေးသည်။ ဥပါလိသည် နိဂဏ္ဌဆရာကြီး မရောက်မီလာ၍ အမြတ်ဆုံးနေရာကနေပြီးလျှင် နိဂဏ္ဌဆရာကြီးများကို သင့်တော်သောနေရာတို့၌နေစေ၏။

နိဂဏ္ဌဆရာကြီး။ ။ဥပါလိ၊ သင်ရှုံးသလား၊ ထိုင်းမှိုင်းတွေဝေလာခဲ့သလား၊ သင်သည် ရဟန်းဂေါတမကိုအပြစ်တင်ရန်သွားပါလျက် ရဟန်းဂေါတမက ဝါဒဖြင့် စွပ်လိုက်ပြီလား၊ ရဟန်းဂေါတမ၏ လှည့်ပတ်သောမှိုင်းမိ၍ပြန်လာခဲ့ရသလား။

ဥပါလိ။ ။ရသော သောတာပတ္တိမဂ်ကိုရည်ညွှန်း၍ ယခုလိုမှိုင်းမိတာ အလွန် ကျေးဇူးများပါတယ်။ တပည့်တော်၏ အိမ်သူအိမ်သား မင်းနှင့် တတွတကမ္ဘာလုံးပင် မှိုင်းမိက သာ၍ကျေးဇူးများပါလိမ့်ဦးမယ်။ တပည့်တော် ဥပမာတခုပြောပါရစေ၊ မျောက်ကလေးတကောင်ရ၍ ပင်းမင်းပေးလေသော် ပင်းမင်းဆရာက ဤမျောက်ကလေးကို အပေါ်ရံက ဆေးဆိုးရင်သာ ဖြစ်နိုင်သည်၊ အဖွပ်အလျှော် အထုအရိုက် မခံနိုင်ဘူးလို့ ပြောသလို နိဂဏ္ဌဝါဒဟာလဲ အပေါ်ရံက အမွန်းတင်ရန်သာ ဖြစ်ပါတယ်၊ ဉာဏ်နှင့် စူးစူးစိုက်စိုက် အကြိတ်အနယ် မခံနိုင်ပါ၊ မြတ်စွာဘုရား၏ ဝါဒကတော့ နှစ်မျိုးလုံးပင် ခံနိုင်ရည်ရှိပါတယ်။

နိဂဏ္ဌဆရာကြီး။ ဥပါလိ၊ သင့်ကို မင်းနှင့်တကွ ပရိသတ်အားလုံးက နိဂဏ္ဌတပည့်ဟု သိမှတ် နေကြသည်၊ ယခု ဘယ် သူ့ တ ပည့် ဟု မှတ်ယူရမလဲ။

ဥပါလိ။ နေရာကထ၍ ဘုရားရှိရာသို့ လက်အုပ်ချီပြီးလျှင် ဘယ်သူ့ တပည့်ဟု သိလိုက နားထောင်ကြဟု ပြောပြီးလျှင် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ဖွဲ့စီ၍ ဆယ်ဂါထာလောက် ထုတ်ဖော် ရွတ်ပြကာ မြတ်စွာဘုရား၏တပည့်ဖြစ်ပါကြောင်း ကောင်းကောင်းကြီး မှတ်သားစေလိုပါတယ်။

နိဂဏ္ဌဆရာကြီး။ ရှင်ဂေါတမ၏တပည့်တော့ ယခုမှ ဖြစ်လာတယ်၊ ဂုဏ်တွေကို ဘယ်တုန်းက ဂါထာစီထားသလဲ။

ဥပါလိ။ သည်လိုပါ၊ ပန်း အမျိုးမျိုး စုံတဲ့ ပန်းပုံကြီး တွေ့လျှင် ကောက်ကာငင်ကာ စီကုံးရုံမှာ မခက်တော့သလို ဂုဏ်တော်တွေ တပုံကြီး ရှိနေမှတော့ ကောက်ကာငင်ကာ ဂါထာစီလိုက်ရုံပါပဲ၊ ရှာမနေရတော့ပါဘူး။

နိဂဏ္ဌဆရာကြီးသည် မိမိ၏ အားကိုး ဒကာ၊ ချမ်းသာသော လက်ရုံးကောင်း သူဌေး မြတ်စွာဘုရားကို စိတ်ရော ကိုယ်ပါ နှစ်နှစ် ကာကာ ကြည်ညိုသွားသည်ကို စိတ်ဆိုးသော ဒေါသမီး၊ နက်ဖန်ကစ၍ ဥပါလိ အိမ်မှ ဆွမ်း စသော လာဘ်လာဘကို ရတော့မည် မဟုတ်ဟု လောဘမီး၊ ထိုမီးနှစ်ခုလုံး လောင်မြိုက်၍ ထိုနေရာ၌ပင် နှလုံးသွေးဆူ၍ သွေးအန်လေသော် တပည့်တို့ကအမ်း၍ ပါဝါပြည်သို့ ယူဆောင်သွားရာ ပါဝါပြည်မှာပင် ကွယ်လွန်လေတော့သည်။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ ဥပါလိသူကြွယ်သည် နိဂဏ္ဌတို့၏တပည့်ခံ၍ တာရှည်စွာ ကျင့်ကြံအားထုတ်ပါသော်လည်း ဆေးမှားသော ရောဂါကဲ့သို့ ကိလေသာကို မပယ်နိုင်၊ မြတ်စွာဘုရား၏ တရားတော်ကို တကြိမ်နာရုံမျှနှင့် သောတာပန် တည်သည်မှာ ဆေးတွေ့သော ရောဂါကဲ့သို့ ဆေးကောင်း ပမာ သာသနာတော်၏ နိယျာနိကဖြစ်ကြောင်း ကောင်းကောင်းကြီး သိသာနိုင်လေသည်။

## မဟာဝါတကာလ ဥပါသကာနှင့် ဒွတ္တိံသာကာရ

ဂင်္ဂါမြစ်ကြားရှိ ရွာတရွာ၌ မဟာဝါတကာလ ဥပါသကာသည် သောတာပတ္တိမဂ်ရခြင်း၏ အကြောင်း ဖြစ်သော ဒွတ္တိံ သာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းရာ အနှစ် သုံးဆယ် ကြာသော်လည်း မဂ်၏ နိမိတ် ဩဘာသမျှ မပေါ်လာပဲ မထူးခြားပဲ နေလေ၏။

## ဥပါသကာ အယူဖောက်ပြန်လာခြင်း

ငါသည် ကမ္မဋ္ဌာန်းအားထုတ်သည်မှာ အနှစ်သုံးဆယ် ကြာလေပြီ။ နိမိတ်ဩဘာသမျှလည်း မထင်၊ မြတ်စွာဘုရား၏သာသနာဟာ နိယျာနိက ဖြစ်တယ်မထင်ဟု ပါရမီကို မဆင်ခြင်ပဲ အယူလွဲ၍ သေလွန်လေသော် ဂင်္ဂါမြစ်ထဲ၌ ကိုးဥသျှံဘရှိသော မိကျောင်း ပြိတ္တာကြီး ဖြစ်ရလေသည်။

## ထိုမိကျောင်းကြီး လှည်းတို့ကို ဖမ်း၍မျိုခြင်း

အခါတပါး ကစ္ဆကဆိပ်က ကူးဖြတ်သွားသော ကျောက်တိုင်တိုက် လှည်းခြောက်ဆယ်တို့ကို နွားရော လှည်းပါ အားလုံးကို ဖမ်း၍ မျိုလေ၊ တော့သည်ဟု တိကနိပါတ် အဋ္ဌကထာ ဒေဝဒူတဝဂ်၌ ဆိုလေသည်။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ ဥပါသကာသည် ဒွတ္တိံသာကာရကို စီးဖြန်းသော်လည်း မဂ်ကို မရသည်မှာ ပါရမီ မစုံညီသေး၍သာ မရသေးသည်၊ သာသနာ နိယျာနိက မဖြစ်၍မဟုတ်၊ ဥပမာကား သုံးနှစ်ကြာမှ သီးမည့် သစ်ပင် က ၂-နှစ်နှင့် သီးအောင် တနေ့ တနေ့လျှင် ရေ အကြိမ် တ ရာ ပင် လောင်းသော်လည်း မသီးနိုင်ရာ၊ မသီးသော်လည်း ဤအမျိုးသီးသော အမျိုးမဟုတ်ဟု မဆိုသင့်၊ အချိန်ရောက်လျှင် သီးမည်အမှန် ဖြစ်သကဲ့သို့ ပါရမီစုံက မဂ်ရမည်အမှန်ဟု ယုံကြည် စိတ်ချ သင့်ပေသည်၊ ယုံကြည် စိတ်ချကြလေကုန်။

ပဌမကဏ္ဍ အခန်း(၁) ပြီးပြီ။

—:o:—

# အခန်း (၂)

## ပရိယတ္တိသာသနာကို ခွဲဝေ၍ပြခြင်း

ပရိယတ္တိဟူသော မြတ်စွာဘုရား၏ စကားတော်သည် ဝိမုတ္တိရသ ဟု ဆိုအပ်သော အရဟတ္တဖိုလ်သို့ ရောက်စေခြင်းကိစ္စအားဖြင့် တပါး တည်းသာ ဖြစ်၏။

ဓမ္မဝိနယ ပိုင်းခြားသောအားဖြင့် နှစ်ပါးဖြစ်၏။ ပိဋကတ်အားဖြင့် သုတ္တန်-ဝိနည်း-အဘိဓမ္မာအားဖြင့် သုံးပါးဖြစ်၏။ ဒီဃနိကာယ်၊ မဇ္ဈိမ နိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်။ ခုဒ္ဒကနိကာယ် ဟူ၍ နိကာယ်အားဖြင့် ငါးပါးရှိ၏။

သုတ္တ-ဂေယျ-ဝေယျာကရဏ-ဂါထာ-ဥဒါန-ဣတိဝုတ္တက-ဇာတက အဗ္ဘုတဓမ္မ-ဝေဒလ္လ ဟူ၍ အင်္ဂါ အစိပ်အပိုင်း အားဖြင့် ကိုးပါးရှိ၏။ တရားအစုအားဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိ၏။

## ပိဋကတ်သုံးပုံ၏ ပါဠိပမာဏ

ဝိနည်း ပိဋကတ်သည် ဘာဏဝါရအားဖြင့် (၁၆၉) ကရာခြောက် ဆဲ့ကိုး ဘာဏဝါရ ရှိ၏။

ဒီဃနိကာယ်သည် သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ် ဟူ၍ ဝဂ်အားဖြင့် သုံးပါး၊ သုတ်အားဖြင့်(၃၄) သုံးဆဲ့လေးသုတ်၊ ဘာဏ ဝါရအားဖြင့် (၆၄) ခြောက်ဆဲ့လေး ဘာဏဝါရ ရှိ၏။

မဇ္ဈိမနိကာယ်သည် မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ ဟူ၍ ကျမ်းအားဖြင့် သုံးကျမ်း၊ ဝဂ်အားဖြင့် (၁၅) တဆဲ့ငါးဝဂ်၊ သုတ်အားဖြင့် (၁၅၂) တရာငါးဆဲ့နှစ်သုတ်၊ ဘာဏဝါရ အားဖြင့် (၈၀) ရှစ်ဆယ် ဘာဏဝါရ ရှိ၏။

သံယုတ္တနိကာယ်သည် သဂါထာဝဂ္ဂ သံယုတ်၊ နိဒါနဝဂ္ဂ သံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ် ဟူ၍ ကျမ်း

အားဖြင့် ငါးကျမ်း၊ သုတ်အားဖြင့် (၇၇၆၂) ခုနစ်ထောင် ခုနစ်ရာ ခြောက်ဆဲ့နှစ်၊ ဘာဏဝါရ အားဖြင့် (၁၀၀) တရာ အရေအတွက် ရှိ၏။

အင်္ဂုတ္တရနိကာယ်သည် ကျမ်းအားဖြင့် ဆဲ့တကျမ်း၊ သုတ်အားဖြင့် (၉၅၅၇) ကိုးထောင် ငါးရာ ငါးဆဲ့ ခုနစ်၊ ဘာဏဝါရအားဖြင့် (၁၂၀)တရာ့နှစ်ဆယ် အရေအတွက် ရှိ၏။

ခုဒ္ဒကနိကာယ် အဝင်ဖြစ်သော အဘိဓမ္မာ ပိဋကတ်သည် ခြောက်ကျမ်း၌ ဘာဏဝါရ(၁၄၃)ဘာဏဝါရ ရှိ၏။ ပဋ္ဌာန်း ကျမ်းသည် ကျယ်ဝန်းများပြား၍ အရေအတွက် အပိုင်းအခြားမရှိ။

## မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီ

## အရှင်အာနန္ဒာအား ထားတော်မူသော ဗျာဒိတ်တော်

ဝက်ဟာရဇနပုဒ်မှ ဥပက, စာပါတို့၏သား သုဘဒ္ဒပရိဗိုဇ်သည် ဘုရားအထံတော်သို့ ရောက်လာ၍ သုဘဒ္ဒပရိဗိုဇ်ကို ရဟန်းပြုပြီးသော အခါ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ဗျာဒိတ် စကား ထားတော်မူသည်မှာ—

> ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ သော ဝေါ မမစ္စယေန သတ္ထာ။ ။
> သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်။

မြန်မာပြန်။ ။အာနန္ဒာ-ငါဘုရား ပရိနိဗ္ဗာန် စံတော်မူသဖြင့် ဆုံးမမည့် ဆရာ မရှိတော့ဟု မမှတ်လင့်၊ ငါဘုရားသည် သုတ် အဘိဓမ္မာကိုလည်း ဟောထားပြီ၊ ဝိနည်းတော်ကိုလည်း ပညတ်ပြီးလေပြီ။ ထိုသို့ ဟောကြား ပညတ်ပြီးသော သုတ် အဘိဓမ္မာ ဝိနည်းသည် ငါဘုရား ပရိနိဗ္ဗာန်စံဝင်သဖြင့် အသင်တို့ကို ဆုံးမတတ်သော ငါဘုရား နေရာ ဆရာ့အရာ၌ တည်ရစ်လတ္တံ့။

ဤဗျာဒိတ်တော် အရ သုတ် အဘိဓမ္မာ ဝိနည်းသည် ဘုရားအရာ၌ တည်သည်ဖြစ်၍ ပရိယတ္တိစာပေကျမ်းဂန်မှထွက်သော အနက်အဓိပ္ပာယ်

ကို လေးလေး နက်နက် ဆောင်ရွက် မှတ်သား လိုက်နာကြစေကုန်သတည်း။

ယခုအခါ အချို့ ပုဂ္ဂိုလ်များက "စာသင်ခြင်းသည် နိဗ္ဗာန် ရောက်ကြောင်း မဟုတ်၊ စာသည် အလကားဟာ" စသည်ဖြင့်ရင်း၊ "သင်္ဂြိုဟ်ကို သင် မိန်းမပင် တတ်ကဲ့မောင်ရယ်၊ ရုပ်နာမ်ကျခါမှ အ,မှန်းလူသိတယ်" စသည်ဖြင့်ရင်း၊ ပရိယတ်ကို ပြောင်လှောင်ပြောဆိုရေးသားကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် သာသနာ၏အတွင်း၌နေ၍ သာသနာတော်ကို ဖျက်ဆီးရာ ရောက်သည်၊ ပရိယတ်လည်း သာသနာပင် မဟုတ် ပါလော၊ အဆောက်အဦပေါ်မှာနေ၍ အမိုးကို မဖျက်သင့်သည်ကို သတိကြီးစွာ ရှိသင့်ပေသည်၊ ဆင်ခြင်စဉ်းစားကြလေကုန်။

## ပရိယတ်သည် ဘာအသုံးဝင်သလဲ

သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏံ။ ။ပါထေယျ အဋ္ဌကထာ သမ္ဗသာဒနီယ။

အနက်ကား။ သာသနဋ္ဌိတိယာ ပန၊ သာသနာတော် အရှည်တည် ထွန်း ဖို့ ရာ ၌ ကား။ ပရိယတ္တိပမာဏံ၊ ပရိယတ် တည်သမျှသာ တည်မည့်ကာလ အပိုင်းအခြားရှိ၏။

ပရိယတ်သည် သာသနာ၏ မူလပမာနဖြစ်၏။ လောကုတ္တရာတရားရတနာသည် ပဋိပတ်၌တည်၏၊ ကျင့်ဝတ် ပဋိပတ်သည် ပရိယတ္တိ၌ တည်သည်၊ ပရိယတ် ကွယ်ပျောက်လျှင် ကျင့်သောပုဂ္ဂိုလ်တို့ ရှိသော်လည်း ၎င်းပုဂ္ဂိုလ်တို့သေလျှင် သို့မဟုတ် အကျင့်ကို စွန့်လွှတ်လျှင် သာသနာ ကွယ်ပျောက်ရမည်၊ ပရိယတ်မကွယ်မပျောက်လျှင် ကျင့်သူမရှိသော်လည်း သာသနာတော် မကွယ်ပျောက်နိုင်၊ ပရိယတ်ကို သင်ကြားတတ်မြောက်သော ပုဂ္ဂိုလ်ရှိမှသာ ပရိယတ် တည်သည်ဟု ဆိုနိုင်လေသည်၊ ပရိယတ်သည် ပေ၌ စာအုပ်၌သာ ရှိနေ၍ အနက်အဓိပ္ပာယ်ကို သိသူ မရှိပါလျှင် ပရိယတ် ကွယ်သည်ပင် မည်သောကြောင့် သာသနာတော်ကို မြင့်ရှည်စွာ တည်ထွန်းစေခြင်းအကျိုးငှာ စာပေ ကျမ်းဂန်တို့ကို သင်ကြားလေ့ကျက်

ဆောင်ရွက်နိုင်ပါစေသတည်း။ ထို့ကြောင့် သာသနာတော်ကို တာရှည် တည်စေနိုင်သော သတ္တိထူးရှိ၍ အသုံးဝင်ပါသည်။

ပရိယတ်ကို သင်ခြင်းသည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်မဖြစ်၊ ပရိယတ်ကို သင်ခြင်းသည် သာမန်အားဖြင့် စိတ်မဝင်စားပဲ သင်လျှင် ဓမ္မဒေသနာ ကုသိုလ်ဖြစ်သည်၊ ကုသိုလ် ဖြစ်လျှင်လည်း အပြစ် မရှိခြင်း ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိပါသည်၊ စိတ်ဝင်စား၍ သင်ကြား ပါလျှင် သင်ကြားဆဲ၌ ကိလေသာအခွင့်မရပဲ ဝိက္ခမ္ဘနသတ္တိဖြင့် ပယ် ထားနိုင်ပါသည်။

**ကိလေသာကို ကြာကြာပယ်နိုင်သော တရားများ**

(၁) တဆဲ့လေးပါးသော ခန္ဓကဝတ်ကို ဆောင်ရွက်ခြင်း။

(၂) စာပေ ကျမ်းဂန် တို့ကို သင်အံလေ့ကျက် ဆောင်ရွက်ပို့ချ ဟောပြောခြင်း။

(၃) ဓုတင် တဆဲ့သုံးပါးကို ကျင့်ဆောင်ခြင်း။

(၄) သမထ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်း။

(၅) ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်း။

(၆) ကျောင်းဆောက်ခြင်း စသော နဝကမ္မပြုလုပ်ခြင်း။

(၇) ပြဟ္မာ့ဘုံ၊ ကာလာသော ကိလေသာမှ စင်ကြယ်သော သတ္တဝါ ဖြစ်ခြင်း။

ဤပုဂ္ဂိုလ် ခုနစ်ယောက်တို့မှာ မိမိတို့၏ အလုပ်များက ကိလေသာကို တာရှည်စွာ ပယ်ထား နိုင်လေသည်၊ အခွင့်မရနိုင်၊ လောဘ နေယျ အာရုံနှင့်တွေ့မှ ဖြစ် ပေါ် ၍ လာ လေ သည်။ ထိုအာရုံမျိုးမပေါ်က ကမ္မဋ္ဌာန်းကို အားထုတ်ပါလျှင် နိဗ္ဗာန်သို့ ရောက်နိုင်သည်။ ရောက်နိုင် ကြောင်းကို ပြဦးအံ့။

ကေစ္စဿ ဝုတ္တနယေနေဝ ဂန္ထေ ယုတ္တာယံ ဂန္ထံ ဥဂ္ဂဏှန္တဿ သဇ္ဈာယန္တဿ ဝါစေန္တဿ ဒေသေန္တဿ ပကာသေန္တဿ စ ကိလေသော ဩကာသံ န လဘတိ၊ ဂန္ထဝသေန ဝိက္ခမ္ဘိတောဝ ဟောတိ။ သော တံ တထာ ဝိက္ခမ္ဘိတမေဝ ကတွာ ဝိဝဋ္ဋေတွာ အရဟတ္တံ ဂဏှာတိ။ ။အင်္ဂုတ္တိုရ် အဋ္ဌကထာ ကေနိပါတ် နိဝရဏ ပဟာနဝဂ်။

**မြန်မာပြန်။** ။အချို့သောပုဂ္ဂိုလ်အား ဆိုခဲ့သည့်အတိုင်း စာပေ၌ စည်းစားဆင်ခြင်ဆဲ၊ စာပေကို သင်ကြားဆဲ၊ ရွတ်အံဆဲ၊ ပို့ချဆဲ၊ ဟောပြောဆဲ၊ ထင်ရှားအောင်ပြဆဲ ခဏတို့၌ နိဝရဏစသော ကိလေသာတို့ အခွင့်မရ၊ စာပေ ပရိယယ်ဖြင့် ပယ်ခွါထားခြင်းမည်၏။ ထိုပုဂ္ဂိုလ်သည် ကိလေသာကို မထကြွအောင်ပြု၍ ဝဋ်မှကျွတ်လွတ်ပြီးလျှင် အရဟတ္တဖိုလ်ကို ရယူနိုင်သည်။

## မလိယဒေဝထေရ် စာသင်ယင်း ကမ္မဋ္ဌာန်းထိုင်ခြင်း

ထိုမထေရ် ရဟန်း သုံး ဝါ ရ သော အခါ မဏ္ဍလာရာမကျောင်း၌ စာပေတို့ကို သင်ကြားလျက် ကမ္မဋ္ဌာန်းကိုလည်း အားလပ်သောအခါ နှလုံးသွင်းသည်၊ တနေ့သော် ကလ္လဂ္ဂရွာသို့ ဆွမ်းခံ သွားသော အခါ ဒါယိကာမကြီး တယောက်က ယာဂုကပ်၍ သားကဲ့သို့ ချစ်ခင်ကြည်ညိုသောကြောင့်–

**ဒါယိကာမကြီး။** ဦးပဉ္စင်း ဘယ်ကျောင်းမှာ သီတင်းသုံးတော်မူပါသလဲဘုရား။

**မလိယဒေဝထေရ်။** ။မဏ္ဍလာရာမကျောင်းမှာ စာသင်နေပါတယ်။

**ဒါယိကာမကြီး။** ။သည်ကျောင်းမှာနေသမျှ ဤအိမ်မှာ ဆွမ်းအမြဲဘုဉ်းပေးပါ၊ ပစ္စည်းလေးပါးဒါယိကာ မှတ်တော်မူပါဘုရား။

မထေရ်သည် ကောင်းပြီဟုဝန်ခံ၍ ကျောင်းသို့ ပြန်သွားလေ၏။ ထိုနေ့ကစ၍ ဤဒါယိကာမကြီး၏အိမ်၌ အမြဲ ဆွမ်းဘုဉ်းပေးလေသည်။ ဆွမ်းစားပြီးသောအခါ သုခံ ဟောတု၊ ဒုက္ခာ မုစ္စတုဟု ဤနှစ်ပိုဒ်ကိုသာ နေ့စဉ်နေ့တိုင်း ဟောလေသည်။ ဝါတွင်းသုံးလပတ်လုံး ထိုဒါယ

ကာမကြီးကိုချီးမြှောက်၍ ဆွမ်းကိုရိုသေစွာဆင်ခြင်သည်ရှိသော် သီတင်း ကျွတ်လပြည့်နေ့တွင် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူသည်။ ထိုအခါ ကျောင်းပိုင် ဆရာတော်ကြီးက ငါ့ရှင် မလိယဒေဝ၊ ယနေ့ ကျောင်းမှာ ပရိသတ်များလိမ့်မည်။ ပရိသတ်တို့ကိုဧည့်ခံ၍ တရားဟောရမည်ဟု အမိန့် ပေးထားလေ၏။ ထိုအမိန့်ကို သာမဏေငယ်များကြား၍ မလိယဒေဝ ထေရ်၏ ဒါယကာမကြီးအိမ်သို့သွားပြီးလျှင်—

**သာမဏေ**။ ။ဒါယကာမကြီး၊ ယနေ့ကျောင်းသို့လာခဲ့ပါအုံး။

**ဒါယကာမကြီး**။ ။ဘာကိစ္စရှိပါသလဲ၊

**သာမဏေ**။ ။ယနေ့ည ဒါယကာမကြီးသားအရှင်မလိယဒေဝကရား ဟောလိမ့်မယ် ဒါယကာမကြီး။

**ဒါယကာမကြီး**။ ။ညာပါနဲ့၊ တပည့်တော်မသားဟာ နေ့တိုင်း နေ့တိုင်း အိမ်မှာ သုခံ ဟောတု ဒုက္ခာ မုစ္စတု ဤနှစ်ပိုဒ်သာ ဟောတတ် ပါသေးတယ်၊ များများမဟောတတ်သေးပါ။

**သာမဏေ**။ ။တတ်ထာ မတတ်ထာတွေ တွေးမနေပါနှင့်၊ တရားနာ ရအောင်သာလာခဲ့ပါ။ ဤသို့ပြော၍ကျောင်းသို့ပြန်သွားလေ၏။ ညချမ်း အခါ ဒါယကာမကြီးသည် ကျောင်းသို့သွား၍ တရားနာ၍နေလေ၏။ အရှင်မလိယဒေဝမထေရ်သည် တရားဟောပလ္လင်သို့တက်၍ ပရိသတ်ကို ကြည့်တော်မူလေသော် ဆွမ်းခံအိမ်က ဒါယကာမကြီးကိုမြင်၍ ငါသည် ဆွမ်းဒါယကာမကြီးအား တဝါတွင်းလုံး ဟောသော သုခံ ဟောတု ဒုက္ခာ မုစ္စတု ဟူသော တရားနှစ်ပိုဒ်ကို ပိဋကတ်သုံးပုံနှင့်နှီးနှော၍ အကျယ် ဟောမှ သင့်မည်ဟုဆင်ခြင်၍ အကျယ်ဝိတ္ထာရအားဖြင့် တညလုံးဟော တော်မူလေ၏။ တရားတော်၏အဆုံး၌ ဒါယကာမကြီးသည် သောတာပန် တည်လေတော့သတည်း။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ စာကို သင်ကြား ရွတ်အံ၍ နေသဖြင့် နီဝရဏ စသော ကိလေသာ အခွင့်မရပဲ ခွါ၍ထားစဉ် ဆွမ်းကို ဆင်ခြင်လိုက်သောအခါ

အနုသယကင်းကွာ၍ ရဟန္တာ ဖြစ်သွားလေသည်။ ထို့ကြောင့် စာပေ သင်ကြားခြင်းကို အရင်းခံ၍ နိဗ္ဗာန်သို့ရောက်ကြောင်း သိသာလေသည်။

## ပင်လယ်ခရီးသွားရဟန်းနှင့် ပဌာန်းကျမ်း

သီဟိုဠ်ကျွန်းမှ တိဿဒတ္တမထေရ်သည် မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်ကို ဖူးမြင်လိုသောကြောင့် အိန္ဒိယသို့ လှေဖြင့် ပင်လယ်ကို ကူးတော်မူရာ ပင်လယ်ပြင်သို့ရောက်ကာလ တောင်မြောက်လေးပါးကို မြော်ကြည့်ရာ ကမ်းကိုမမြင်ရပဲ ရေပြင်နှင့်လှိုင်းတို့ကိုသာတွေ့မြင်ရလေ၏။ ထိုအခါ မထေရ်သည် ဩော်-သမုဒ္ဒရာရေပြင်သည် ကျယ်ဝန်းပေစွတကား၊ ရေပြင်အနှံ့ပင် လှိုင်းတို့ဖြင့် ပြည့်လျှက်နေတော့၏။ ဤလှိုင်းလုံးကိုကပင် များလေသလော၊ အနန္တနယဖြစ်သော ပဌာန်းကျမ်း၌ ဟောတော်မူသော နည်းနယကပင် များလေသလောဟု စဉ်းစားတွေးတောလေလျှင် ပင်လယ်ရေပြင်နှင့်လှိုင်းတို့ကား အောက်၌အောက်ခံမြေ၊ အထက်မှာကောင်းကင်၊ တဖက်ကစကြဝဠာတောင်၊ သည်ဘက်မှာ ပင်လယ်ကမ်းတို့ဖြင့် ကန့်သတ်ပိုင်းခြားနိုင်လေသည်။ ပဌာန်းကျမ်းက နည်းနယ်မူကား ဤကဲ့သို့ကန့်သတ်ပိုင်းခြားခြင်းမရှိပါတကားဟု ဆင်ခြင်စဉ်းစားယင်းပင် များစွာ နှစ်သက် ဝမ်းမြောက်ခြင်းပီတိ ဖြစ်လာ၏။ ထိုပီတိကိုခွါ၍ ဝိပဿနာထင်လာသဖြင့် ထိုလှေပေါ်တွင်ပင် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်လေသတည်း။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ အဘိဓမ္မာပဌာန်းဒေသနာနည်းကို ဆင်ခြင်ရာ နီဝရဏစသော ကိလေသာအခွင့်မရသဖြင့် ဝိပဿနာသို့တက်သွားနိုင်လေသည်။ ထို့ကြောင့် ပရိယတ်က အရင်းခံ၍ နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်း ကောင်းကောင်းကြီး သိသာနိုင်လေသည်။

ဝိပဿနာသည်လည်း စာပေသင်ယူနေသကဲ့သို့ပင် ကိလေသာကို အခွင့်မရရှိသာ ပယ်နိုင်သေးသည်၊ မဂ်ကဲ့သို့ အကြွင်းမဲ့ မပယ်နိုင်၊ အနုသယမပြတ်သေး၊ သို့သော်လည်း ကိလေသာ တာရှည်စွာ အခွင့် မရ၍ ငြိမ်နေလျှင် မဂ် ဖိုလ်မရသေးပဲ ရပြီဟု အထင်ကြီးတတ်လေသည်။

## မြတ်စွာဘုရားနှင့်
## အထင်ကြီးသော ဝိပဿက ရဟန်းခြောက်ကျိပ်

မြတ်စွာဘုရားလက်ထက်တော်က ရဟန်းတော် ခြောက်ကျိပ်တို့သည် မြတ်စွာဘုရား၏ အထံတော်မှ ကမ္မဋ္ဌာန်း ယူလျက် ဆိတ်ငြိမ်ရာ တောသို့ ဝင်၍ ဝိပဿနာအလုပ်ဖြင့် ကမ္မဋ္ဌာန်း ထိုင်ကြလေသည်။ ဝိပဿနာ အလုပ်ကို လုပ်စဉ် ကိလေသာ ငြိမ်ဝပ်၍နေသောကြောင့် ငါတို့ရဟန္တာ ဖြစ်ပြီဟု အထင်ကြီး၍ အလုပ်ကို လက်လျှော့လျက် တရား ရသည်ကို လျှောက်ထားရန် မြတ်စွာဘုရားကျောင်းတော်သို့ သွားကြလေ၏။ ထို ရဟန်းတို့ ကျောင်း တော် သို့ မရောက်မီ မြတ်စွာ ဘုရားသည် အရှင် အာနန္ဒာကို ခေါ်တော်မူ၍ မိန့်တော်မူသည်မှာ "အာနန္ဒာ ယနေ့ ကမ္မဋ္ဌာန်း ထိုင်သော ရဟန်း ခြောက်ကျိပ် ကျောင်းတော်သို့ လာလိမ့် မည်၊ ငါ့ထံသို့ ဝင်ခွင့်မပေးနှင့်၊ သုသာန်သို့သွား၍ ရုပ်ဆင်းမပျက်သေး သော အသုဘကောင်ကို ရှုကြစေ" ဟု တင်ကြို၍ အမိန့် ပေးထားနှင့် လေ၏။ ထိုရဟန်းတို့ ရောက်လာလျှင် မြတ်စွာဘုရား၏အမိန့်ကို အရှင် အာနန္ဒာက ပြောကြားလေလျှင် ရဟန်းတို့က အကြောင်းထူးရှိ၍သာ မြတ်စွာဘုရား အမိန့်ချထားသည် ဖြစ်မည်ဟု သုသာန်သို့သွား၍ အသုဘ ရှုကြလေလျှင် တာရှည် ငြိမ်နေသော ရာဂစိတ် ဖြစ်ပေါ်လာ သဖြင့် မြတ်စွာဘုရား အတပ် သိပါကလားဟု လွန်စွာ ရှက်ကြောက်၍ မူလ ဝိပဿနာကိုပင် ပြန်၍စီးဖြန်းသောအခါ မြတ်စွာဘုရားသည် ကျောင်း တော်မှနေ၍ ဩဘာသဂါထာကို ဟောတော်မူလျှင် ဂါထာ၏အဆုံး၌ ရဟန္တာ ဖြစ်ကြလေကုန်သတည်း။

### စဉ်းစားစေဖန်ရန် နည်းဥပဒေသ

ဤ ဝတ္ထု၌ ရဟန်း ခြောက်ကျိပ် တို့သည် ဝိပဿနာကို စီးဖြန်း၍ နီဝရဏစသော ကိလေသာသည် အခွင့်မရ၍ တာရှည် ငြိမ်နေသည်ကို ရဟန္တာ ဖြစ်ပြီဟု ထင်နေကြသည်၊ မဂ်စိတ် ဖြစ်လာမှ ကိလေသာကို အနုသယ ထိအောင် ပယ်ခွါနိုင်ကြောင်း ထင်ရှားလေသည်။ ထို့ကြောင့် ဝိပဿနာသည်လည်း ကိလေသာကို အကြွင်းမဲ့ မပယ်နိုင်၊ စောကိုသင်အံ၍ နေသကဲ့သို့ပင်ကိလေသာအခွင့်မရရုံမျှသာဟုဆင်ခြင်စဉ်းစားမှတ်သားကြ

စေကုန်။ ကြွင်းကျန်သောဝတ်ကို ရှက်ဆောင်ခြင်း၊ ဓုတင်ဆောင်ခြင်း၊ သမာပတ်ဝင်စားခြင်း၊ နဝကမ္မကို ရှက်ဆောင်ခြင်း၊ ဗြဟ္မာ့ဘုံက လာခြင်းတို့ကြောင့် ကိလေသာ အခွင့်မရပုံတို့ကို အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကနိပါတ်၊နီဝရဏ ပဟာနဝဂ်၌ ကြည့်ရှု မှတ်သားကြလေကုန်။

## ပရိယတ်ကို မြတ်စွာဘုရားထံမှ ရဟန္တာများ သင်ယူ၍ အဆက်ဆက် ဆောင်ခဲ့ပုံ

ဤမျှလောက် သာသနာတော်၏ မူလ ပဓာန ဖြစ်၍ ဝိပဿနာ၏ ပါဒက အခြေခံ၊ ကျင့်ဝတ်ပဋိပတ်၏ တည်ရာဖြစ်သော ပရိယတ်တို့ကို မြတ်စွာဘုရား၏အထံတော်မှ အရှင်ဥပါလိ၊ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ စသော ရဟန္တာအရှင်မြတ်တို့ သင်ကြားနာယူ မှတ်သားခဲ့၍ ပဌမ သင်္ဂါယနာတင်ပြီးသောအခါ ပရိယတ္တိ ပျောက်ပျက်တိမ်ကော၍ သာသနာတော် ကွယ်ပမည်ကို မြင်တော်မူကြသဖြင့် ရဟန္တာအရှင်တို့သည် ပရိယတ်ကို တာဝန်ခံ၍ သင်ကြားပို့ချ ဆရာအဆက်ဆက်တို့ ဆောင်ယူတော်မူကြလေသည်။

## တာဝန်ယူကြပုံ

ဝိနည်းပိဋကတ်။ ။အရှင်ဥပါလိ၊ အရှင်ဒါသက၊ အရှင်သောဏက၊ အရှင်သိဂ္ဂဝ၊ အရှင် မဟာမောဂ္ဂလိပုတ္တ၊ ဤမထေရ်ကြီးများမှ ဆင်းသက်၍ တပည့်အဆက်ဆက်တို့ ဆောင်ယူသင်ကြားကြသည်။

## သုတ္တန်ပိဋကတ်မှ

ဒီဃနိကာယ်။ ။အရှင်အာနန္ဒာနှင့် ၎င်း၏တပည့် အဆက်ဆက်တို့ သင်ကြားဆောင်ယူတော်မူကြသည်။

မဇ္ဈိမနိကာယ်။ ။အရှင်သာရိပုတ္တရာ ၏ တပည့် အဆက်ဆက်တို့ တာဝန်ကျသည့်အတိုင်း သင်ကြားဆောင်ရှက်တော်မူကြသည်။

သံယုတ္တနိကာယ်။ ။အရှင်ကဿပမထေရ်ကြီးမှစ၍ တပည့်အဆက်ဆက် တာဝန်ယူ၍ သင်ကြားဆောင်ရှက်တော်မူကြသည်။

**အင်္ဂုတ္တရနိကာယ်။** ။အရှင်အနုရုဒ္ဓါမထေရ်ကစ၍ တပည့်အဆက်ဆက် တာဝန်ယူ၍ သင်ကြားဆောင်ရွက်တော်မူကြသည်။

**ခုဒ္ဒကနိကာယ်။** ။ခုဒ္ဒကပါဌ,ဓမ္မပဒ,ဉဒါန်း,ဣတိဝုတ် စသော အဘိဓမ္မာမှကြွင်းသောကျမ်းစုတို့ကိုဆရာအဆက်ဆက် သင်ယူဆောင်ရွက်တော်မူကြလေသည်။

## ခုဒ္ဒကနိကာယ်အဝင် အဘိဓမ္မာပိဋကတ်

**အဘိဓမ္မာပိဋကတ်။** ။အရှင်သာရိပုတ္တရာ, အရှင်ဘဒ္ဒဇိ, အရှင်သောဘိတ, အရှင်ပိယဇာလိ, အရှင်ပိယပါလ, အရှင်ပိယဒဿိ, အရှင်ကောလိယပုတ္တ, အရှင်သုဒတ္တ, အရှင်ဓမ္မိယ, အရှင်ဒါသက, အရှင်သောဏက,အရှင်ရေဝတစသော တပည့်အဆက်ဆက်တို့သင်ကြားပို့ချ၍ ပေထက်အက္ခရာ တင်သည်တိုင်အောင် သင်ယူ ဆောင်ရွက်တော်မူကြလေသည်။ ဤသို့ ဘုရားလက်ထက်တော်ကစ၍ ရဟန္တာ အရှင်မြတ်တို့သည် ဘုရားအထံတော်မှ နာယူသင်ကြားမှတ်သား၍ တပည့်အဆက်ဆက်တို့ မပျက်စဉ်လာ ဆက်ကာနှုတ်ဖြင့် ဆောင်ယူ သင်ကြားခဲ့ရခြင်းသည် ကာလအားဖြင့် ပေထက်အက္ခရာတင်သော သာသနာသက္ကရာဇ် (၄၅၀)နှစ်ပေါင်း လေးရာ့ငါးဆယ် တိုင်အောင် နှုတ်တွင် ထား၍ ဆောင်တော်မူကြလေသည်။သတိ,သမာဓိ,ဝီရိယတို့ကို လေးစားကြည်ညိုအပ်လှပေစွ။

## အဘိဓမ္မာပိဋကတ်သည် ဘုရားဟောဟုတ်မဟုတ်

မြတ်စွာဘုရားသည် သုတ္တန်နှင့်ဝိနည်းကိုသာဟောသည်၊ အဘိဓမ္မာကိုကား ဘုရားဟောသည်မဟုတ်။ နောက်မှ ဆရာကြီးများ ရေးသားစီစဉ်သည်ဟု အချို့ခေတ်ပညာသည်များ၏စကားကို ကြားဘူးသည်။ သူတို့၏ အကြောင်းပြချက်မှာ တာဝတိံသာမှာ ဟောသည်ဆိုရာမှာ ခြေရာပျောက်ပြောသည်၊ဟောသောမြို့ရွာဌာန မပါသောကြောင့် ဘုရားဟောမဟုတ်ဟု ပြောဆိုကြသည်။

## စဉ်းစားဆင်ခြင်ရန်

ဘုရားဟောမဟုတ်လျှင် အရှင်သာရိပုတ္တရာ မည်သည့် ပုဂ္ဂိုလ်၏ထံမှ နာယူ၍ လင်းနို့ ဖြစ်ခဲ့ဘူးသော ရဟန်း ငါးရာတို့ကို ဟောကြားပါမည်နည်း။

အရှင်ဘဒ္ဒဇိ, အရှင်သောဘိတစသော ပုဂ္ဂိုလ်တို့ မည်သည့်ပုဂ္ဂိုလ်ထံမှ သင်ယူသနည်း။

ဘုရားဟောမဟုတ်လျှင် ပဉ္စမသံဂါယနာတင်ပွဲတွင်သင်္ဂါယနာတင်နိုင်မည်လော။

ဤမေးခွန်းကို စိတ်ဝင်စား၍ စဉ်းစားလျှင် ဘုရားဟောဖြစ်ကြောင်း ထင်ရှားလတ္တံ့။ မြတ်စွာဘုရားသည် စန္ဒကူးတော၌ အရှင်သာရိပုတ္တရာကို ဟောကြောင်း အဋ္ဌသာလိနီအဋ္ဌကထာနိဒါန်း၌ ဖွင့်ပြထားသည်။ အရှင်သာရိပုတ္တရာထံမှ အရှင်ဘဒ္ဒဇိ၊ ၎င်းထံမှ အရှင်သောဘိတ၊ ၎င်းထံမှ အရှင်ပိယဇာလိ စသော တပည့်အဆက်ဆက်တို့ ဆောင်ယူခဲ့ကြောင်းကိုလည်း ၎င်းအဋ္ဌကထာနိဒါန်း၌ပင် ဖွင့်ပြလျက်ရှိသည်။ ဘုရားဟောဖြစ်ကြောင်းကို ၎င်းအဋ္ဌကထာ၌ပင်–

> ကဿ ဝစနန္တိ ဘဂဝတော ဝစနံ
>
> အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**အနက်ကား**။ ။ကဿ၊ အဘယ်သူ၏။ ဝစနံ၊ စကားနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။ အရဟတော၊ ပူဇော်အထူးကိုခံထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်တည်း။

### အဘိဓမ္မာကို ဘုရားဟောမဟုတ်ဟုဆိုသောအပြစ်

အဘိဓမ္မံ ပဋိဗာဟေန္တော ဣမသ္မိံ ဇိနစက္ကေ ပဟာရံ ဒေတိ၊ သဗ္ဗညုတညာဏံ ပဋိဗာဟတိ၊ သတ္ထု ဝေသာရဇ္ဇညာဏံ ပဋိ- နိဝတ္တေသိ၊ သောတုကာမံ ပရိသံ ဝိသံဝါဒေတိ၊ အရိယာမဂ္ဂေ

အာဝရဏံ ဗန္ဓတိ။ အဋ္ဌာရသသု ဘေဒကရဝတ္ထူသု ကေသ္မိံ သန္ဒိဿတိ။ ဥက္ကေပနီယကမ္မတဇ္ဇနီယကမ္မာရဟော ဟောတိ။ အဋ္ဌသာလိနီအဋ္ဌကထာ။

**အနက်ကား**။ ။အဘိဓမ္မံ၊ အဘိဓမ္မာကို။ ပဋိဗာဟေန္တော၊ ဘုရားဟောမဟုတ်ဟု တားမြစ်သောသူသည်။ ဇိနစက္ကေ၊ ဂုဏ်ပြည့်ဝမြတ်စွာဘုရား၏ ဓမ္မစက်၌။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ ဒေတိ၊ ပေးသည်မည်၏။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ ပဋိဗာဟတိ၊ တားမြစ်ရာရောက်၏။ သတ္ထုဝေသာရဇ္ဇညာဏံ၊ မြတ်စွာဘုရား၏ ဝေသာရဇ္ဇဉာဏ်တော်ကို။ ပဋိနိဝတ္တေသိ၊ ဆုတ်နစ်စေ၏။ သောတုကာမံ၊ သင်လိုနာလိုသော။ ပရိသံ၊ လူ့ရှင်ပရိသတ်ကို။ ဝိသံဝါဒေတိ၊ ချွတ်ယွင်းစေ၏။ အရိယာမဂ္ဂေ၊ အရိယာမဂ်၌။ အာဝရဏံ၊ ပိတ်ပင်ခြင်းကို။ ဗန္ဓတိ၊ ဖွဲ့ရာရောက်၏။ အဋ္ဌာရသသု၊ တဆယ့်ရှစ်ပါးကုန်သော။ ဘေဒကရဝတ္ထူသု၊ ကွဲပြားခြင်းကို ပြုတတ်သော ဝတ္ထုတို့တွင်။ ကေသ္မိံ၊ တခုသော ဘေဒကရဝတ္ထု၌။ သန္ဒိဿတိ၊ ထင်၏။ ဥက္ကေပနီယကမ္မတဇ္ဇနီယကမ္မာရဟော၊ ဥက္ကေပနီယကံ၊ တဇ္ဇနီယကံထိုက်သည်။ ဟောတိ၊ ဖြစ်၏။

## အဋ္ဌကထာဆရာ၏ အပြစ်ကောက်ချက်

အဘိဓမ္မာကို ဘုရားဟောမဟုတ်ဟုဆိုသည်မှာ—

(၁) မြတ်စွာဘုရား၏ ဓမ္မစက်ကို ပုတ်ခတ်ထုရိုက်ရာရောက်ခြင်း။

(၂) သဗ္ဗညုတဉာဏ်ကို မယုံကြည်ဟု တားမြစ်ရာရောက်ခြင်း။

(၃) ဝေသာရဇ္ဇဉာဏ်ကို မဟုတ်ဟု တားမြစ်ရာရောက်ခြင်း။

(၄) နာလို သင်လိုသော လူ့ရှင်ပရိသတ်ကို မသင်လိုအောင် ပြုလုပ်ရာရောက်ခြင်း။

(၅) အရိယာမဂ်ကို ပိတ်ပင်ရာရောက်ခြင်း။

(၆) တဆယ့်ရှစ်ပါးသော ဘေဒကရဝတ္ထုတို့တွင် ဘေဒကရဝတ္ထုတပါးကို ကျူးလွန်ကျော်နင်းခြင်း။

(၇) ဥက္ကေဗ္ဗပနီယကံ တဇ္ဇနီယကံ နှစ်ပါးထိုက်ခြင်း။

ပြဆိုခဲ့ပြီးသော အပြစ်တို့သို့ ရောက်တတ်ကြောင်းကို အဌကထာ ဆရာကြီး ညွှန်ပြသဖြင့် အဘိဓမ္မာကို ဘုရား ဟောခဲ့သည် ဟူ၍ အမှန် ယုံကြည်ရသည်၊ အမှန် ယုံကြည်ကြလေကုန်။

## ပရိယတ်ကို ဆင်းရဲငြိုငြင်စွာဆောင်ခဲ့ရပုံ

သာသနာတော် သက္ကရာဇ် (၄၃၀) လေးရာ့သုံးဆယ်နှစ်တွင် ဝဋ္ဋဂါမဏိမင်း လက်ထက် သီဟိုဠ်ကျွန်းတွင် ဗြာဟ္မဏတိဿ မည်သော ဒွန်းစဏ္ဍား သူပုန်ထသောအခါ မိုးလေဝသ ခေါင်းပါး၍ ဆွမ်း ကွမ်း အစာအာဟာရ လွန်စွာရှားပါးလေသည်။ လူတို့သည် အချို့ အရပ်၌ လူသားကိုပင် စားကြ၍ မံသခါဒက မနုဿ။ အချို့အရပ်မှာ သစ်ဥ သစ်ဖု သစ်ရွက်ကိုစား၍ ပဏ္ဏခါဒကမနုဿ ဟူ၍ ခေါ်လေ့ရှိကြသည်။ ထိုအခါ သိကြားမင်းသည် သီဟိုဠ်ကျွန်းသို့ဆင်း၍ သံဃာတော်တို့အား လျှောက်ထားသည်မှာ—

> "အရှင် ဘုရားတို့၊ အရှင် ဘုရားတို့သည် ဤ သီဟိုဠ်ကျွန်း၌ နေ၍ ပရိယတ် ပဋိပတ်ကို ဖြည့်ကျင့် အားထုတ်ရန် ခဲယဉ်းပါလိမ့်မည်၊ ဇမ္ဗူဒိပ်သို့ ကူး၍ အားထုတ်ပါလျှင် လွယ်ကူ ချမ်းသာ ပါလိမ့် မည်။ ကူးတော်မူလိုသော အရှင်များကို တပည့်တော်၏ တန်ခိုးဖြင့် ဘေးရန်မရှိအောင် ကာကွယ်ပါမည်၊အယုတ်သဖြင့် ပျဉ်ဘချပ်ထည်းနှင့်ပင် ကူးသော်လည်း ဘေးမဖြစ်ရပါ၊ တပည့်တော် တာဝန်ယူပါမည်"

ဟု လျှောက်ထားလေ၏။ ထိုအခါ များစွာသော သံဃာတော်တို့ ဇမ္ဗူဒိပ်သို့ကူးရန် သင်္ဘောဆိပ်သို့ကြွလာကြ၍ သိကြားပေးသော ဖောင်ဖြင့် ကူးတော်မူကြလေ၏။ သင်္ဘောဆိပ်သို့ ရောက်သော ရဟန်းတော် ထဲမှ ခြောက်ကျိပ်သော ရဟန်းတို့သည် မလိုက်တော့ပဲ သီဟိုဠ်ကျွန်း သို့ပင် ပြန်၍ ဒက္ခိဏမလယ ဇနပုဒ်တွင် သစ်ရွက် သစ်ဥ သစ်ဖု တို့ကို ရရာကိုပင် ဘုဉ်းပေး၍ မရလျှင် သည်းခံလျက် ပရိယတ်ကို နှုတ်ရအာဂုံ ဆောင်ရွက်တော်မူကြသည်။ ဆာလောင်ခြင်းပြင်း၍ နှုတ်ကမရွတ်ဆို

နိုင်သောအခါ သံဃာပုပ်သဲစုကို ဝမ်းအောက်ကခုခံ၍ စိတ်ဖြူသော ပရိယတ်ကို သရဇ္ဈာယ်ကြရသည်၊ ဤသို့ အဆင်းရဲခံ၍ တဆယ့် နှစ်နှစ်ပတ်လုံး ခဲယဉ်းစွာဆောင်တော်မူကြရလေသည်၊ တဆယ့်နှစ်နှစ် ကြာ၍ဘေးငြိမ်းသောအခါ ဇမ္ဗူဒိပ်မှ ရဟန်းတော်တို့ ပြန်ကြွလာတော်မူကြ၍ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ ကျန်ရစ်သော ရဟန်းတော်များနှင့် အဋ္ဌကထာနှင့် တကွသော ပရိယတ်ကို တိုက်ဆိုင်ကြသောအခါ အက္ခရာ တလုံးမျှ ယိုယွင်းခြင်းမရှိ၊ တညီတညွတ်ထည်း တူကြလေသည်။ ဤမျှလောက်ပင် သာသနာတော်ကို အလေးဂရုပြု၍ ဆောင်ရွက်တော်မူကြသည်ကို များစွာ ကြည်ညို၍ ကျေးဇူးတင်အပ်လှပေတော့သည်။

-း၀း-

## သံဃာတော်တို့ စည်းဝေးကြရာ၌ သာသနာ့ပြဿနာတခု ပေါ်လာပုံ

ပရိယတ်ကို တိုက်ဆိုင်ကြရာ သီဟိုဠ်ကျွန်း ကလ္လဂါမ ဇနပုဒ် မဏ္ဍလာရာမ ကျောင်းကြီး၌ သံဃာတော် ခုနစ်ရာ့ ခြောက်ဆယ်တို့ အစည်းအဝေးကြီး ဖြစ်လေသည်။ ထိုအစည်း အဝေး၌ သမ္မောဒနီယ ကထာ ပြောပြောဆိုင်း သာသနာ့ပြဿနာတခု ပေါ်လာသည်မှာ=

**ဓမ္မကထိက**။ မြတ်စွာဘုရား ဟောတော်မူသော ပိဋကတ်တော်ကို သာသနာတော် အရှည် တည်တံ့ခိုင်မြဲအောင် တပည့်များအား ကြိုးစား၍ သင်ကြားပို့ချတော်မူကြရန် တိုက်တွန်းပါတယ်။

**ပံသုကူလိက**။ ။ပရိယတ်ကို သင်ခြင်းထက်, သိက္ခာကို ကျင့်ဆောင်ခြင်းက ပို၍ သာသနာတော်ကို အရှည်တည်စေနိုင်လိမ့်မည်ဟု ယူဆပါတယ်။

**ဓမ္မကထိက**။ ။ပဋိပတ်ဆိုတာတ ပေါ်လိုက် ပျောက်လိုက်,ငုပ်ချည် ပေါ်ချည် ဖြစ်ပါတယ်၊ ပရိယတ်ကတော့ ငုပ်မိလျှင် မပေါ်တော့ဘူး၊ ဒါကြောင့် ပရိယတ်သာ သာသနာတော်တည်ဖို့ အရင်းခံပဓာန ဖြစ်ပါတယ်။

**ဓုတင်ဆောင်ပုဂ္ဂိုလ်။** ။မဟုတ်ပါ၊ အကျင့်သာ သာသနာတည် နိုင်ဖို့ လိုရင်းဖြစ်ပါတယ်။ အကျင့်ကို ကျင့်သူမရှိလျှင်၊ မဂ် ဖိုလ် နိဗ္ဗာန် တို့ ကွယ်လျှင် သာသနာတော် ကွယ်ရတော့မည် မဟုတ်လား။

**ဓမ္မကထိက။** ။မဟုတ်ပါ၊ ကျင့်သူမရှိသော်လည်း ပရိယတ်မကွယ် လျှင် သာသနာတော်မကွယ်ပါ၊ ကျင့်သူ ပေါများသော်လည်း ပရိယတ် ကို တတ်ကျွမ်းသူမရှိက သာသနာအမှန် ကွယ်ရပါမယ်။

**မထေရ်ကြီးတပါး။** ။အရှင်တို့ ယခုလို ပြောနေခြင်းဟာ အာဂမ သက်သေမပါ၍ မယုံကြည်သာ ဖြစ်နေပါတယ်၊ ဘုရားဟောသုတ္တန်ကို အာဂမသက်သေအဖြစ် ထုတ်ဆောင်၍ပြောမှ ယုံကြည်ဖွယ် ဖြစ်ပါ တယ်။

**ဓုတင်ဆောင်ပုဂ္ဂိုလ်။** ။ဘုရားဟော သုတ္တန်ကို ထုတ်ပြရပါလျှင်

ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော
လောကော အရဟန္တေဟိ အဿ၊

ဟု သုတ်မဟာဝါကို ထုတ်ပြသည်။ အနက်ကား။ သုဘဒ္ဒ၊ သုဘဒ်ရဟန်း။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ သမ္မာ၊ အကျင့်သိက္ခာ လုံခြုံစွာ။ ဝိဟရေယျုံ၊ နေကုန်ငြားအံ့။ ဧဝံ၊ ဤသို့ နေသည်ရှိသော်။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။ ။ဤပါဠိတော်ကို ထောက်၍ အကျင့်သာသနာ တော်သာ မူလဖြစ်ပါတယ်။

**ဓမ္မကထိက။** ။သာသနာတော်၏ မူလပဓာနသည် ပရိယတ်ဖြစ် ကြောင်း ထုတ်ဆောင်ရမည်ဆိုပါလျှင်-

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိ။

ဟု ထုတ်ပြသည်။

ဤသို့ ထုတ်ပြသောအခါ သံဃာတော်အားလုံး နှစ်သက်သဘော ကျသဖြင့် ပရိယတ်သည် သာသနာတော်၏ မူလပဓာနဖြစ်ကြောင်း ဆုံးဖြတ်ဝန်ခံကြလေကုန်၏။

## အနက်မြန်မာပြန်ကား

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သုတ္တန္တာ၊ သုတ် အဘိဓမ္မာ ပါဠိတို့သည်။ တိဋ္ဌန္တိ၊ ပေတွင်၊ ဘုတ်တွင်၊ နှုတ်တွင်၊ ကျောက်တွင် မပျောက် မပျက် ဆောင်ရွက်တည်ကုန်သေး၏။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိနယော၊ ဝိနည်းပါဠိတော်သည်။ ဒိပ္ပတိ၊ ထွန်းလင်းတောက်ပသေး၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အာလောကံ၊ သာသနာတော်တွင်း မဂ် ဖိုလ် နိဗ္ဗာန်ဟူသော အရောင်အလင်းကို။ ဒက္ခန္တိ၊ မြင်ရကုန်သေး၏။ သူရိယေ၊ နေသည်။ အဗ္ဘုဋ္ဌိတေ၊ ထွက်သည်ရှိသော်။ အာလောကံ၊ အလင်းရောင်ကို။ ဒက္ခန္တိ ယထာ၊ မြင်ရကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဒက္ခန္တိ၊ မြင်ရကုန်၏။

သုတ္တန္တေသု၊ သုတ္တန် အဘိဓမ္မာ ပါဠိတို့သည်။ အသန္တေသု၊ ထင်ရှားမရှိသည် ရှိသော်။ ဝိနယမှိ စ၊ ဝိနည်း ပါဠိတော်သည်လည်း။ ပမုဋ္ဌေ၊ တွေဝေမေ့လျော့သည် ရှိသော်။ လောကေ၊ လောက၌။ တမော၊ အမိုက်တိုက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ တမော၊ အမိုက်တိုက်သည်။ ဘဝတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ၊ လောကေ၊ လောက၌။ တမော၊ အမိုက်တိုက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သုတ္တန္တေ၊ မြတ်ဘုရား၏ စကားတော်မြတ် သုတ် အဘိဓမ္မာ ဝိနည်း ပိဋကတ်တော်ကို။ ရက္ခိတေ၊ စောင့်ရှောက်အပ်သည်။ သန္တေ၊ ဖြစ်လတ်သော်။ ပဋိပတ္တိ၊ ကျင့်ဝတ်ပဋိပတ်ကို။ ရက္ခိတာ၊ စောင့်ရှောက်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိပတ္တိယံ၊ ကျင့်ဝတ်ပဋိပတ်၌။ ဌိတော၊

တည်သော။ ဓိရော၊ သမာဓိရှိသော ပညာရှိသည်။ ယောဂကွေမာ၊ ယောဂတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်မှ။ န မံ သတိ၊ မပျက်စီး မဆုတ်ယုတ်နိုင်။

## နွားလားဥသဘ ဥပမာ

ဥပမာဖြင့် ထင်ရှားစေဦးအံ့။ နွားလား ဥသဘ အရာ အထောင်ပင်ရှိငြားသော်လည်း ပဝေဏီပါလက ဖြစ်သော နွားမတကောင်မျှ မရှိခဲ့ပါလျှင် နွားဆက်ပြတ်ရာ သကဲ့သို့ ထို့အတူ ကျင့်သောပုဂ္ဂိုလ် တရာတထောင်ပင် ရှိသော်လည်း ပရိယတ္တိ ကွယ်ပျောက်လျှင် ပဋိပတ် ပဋိဝေဓ ကွယ်ပျောက်၍ အဆက်ပြတ်တော့သည်။

## ရွှေအိုး ဥပမာ

ဥပမာတနည်းကား ရွှေအိုး မြှုပ်နှံသော လူတယောက်သည် မိမိရွှေအိုးကို မမေ့မပျောက်အောင် ဒုက္ခရာဖြင့် ရေးမှတ်၍ မည်သည့်နေရာ၌ မည်သည့်ဝတ္ထု၌ထည့်၍ မြှုပ်ထားကြောင်းကို ကောင်းစွာ ရေးမှတ်ထား၏။ ထိုရွှေအိုးကို လိုက်လံရှာဖွေသူမရှိသော်လည်း ရွှေအိုး ပျောက်ပြီဟု မဆိုရ၊ မှတ်သားသောစာရှိလျှင် ဖော်သောအခါ ရနိုင်လေသည်။ မှတ်ထားသောစာ မရှိလျှင် ဖော်ယူလိုသောသူ ရှိသော်လည်း မရနိုင်တော့ သကဲ့သို့ ပရိယတ်ရှိနေလျှင် ကျင့်သူ မရှိသော်လည်း သာသနာကွယ်သည်ဟု မဆိုနိုင်။ ပရိယတ်ကွယ်ခဲ့သော် ကျင့်လိုသူ ရာထောင်မကပေါ်သော်လည်း သာသနာ မတည်တော့ပဲ ကွယ်ပျောက် ရလေတော့သည်။ ထိုသို့ ပရိယတ်တခု ကွယ်လျှင် သာသနာ သုံးရပ်လုံး ကွယ်ပျောက်လေသောကြောင့် သာသနာ၏ မူလပဓာနဖြစ်သော ပရိယတ်ကို အလေးဂရုပြု၍ သင်ယူ မှတ်နာ ဟောပြော ပို့ချ သင့်ကြလေသည်။ သင်ယူဟောပြော ပို့ချနိုင်စေကုန်သတည်း။

## ပဋိပတ္တိသာသနာတော်

ပဋိပတ္တိသာသနာ ဟူသည်ကား ပရိယတ္တိ စာပေ ကျမ်းဂန်ကို သင်ယူ၍ ထိုကျမ်းဂန်မှ ပြဆိုသော ကျင့်ဝတ်ပဋိပတ်စုကို ပဋိပတ္တိ သာသနာခေါ်သည်။ ထိုပဋိပတ်ကို ယေမ်းစဉ်အတိုင်း ကျင့်၍ အဆုံးသို့ ရောက်လာ

သည်ကို အာဂမနီယ ပဋိပဒါဟု ခေါ်သည်၊ ကျင့်ရိုး လမ်းစဉ်ဟု ဆိုလိုသည်။

## မည်သူ၏ ကျင့်ရိုးလမ်းစဉ်နည်း

(၁) ဘုရားလောင်း။

(၂) ပစ္စေကဗုဒ္ဓါလောင်း။

(၃) အဂ္ဂသာဝကလောင်း။

(၄) မဟာသာဝကလောင်း။

(၅) ပကတိသာဝကလောင်း။

ဤအလောင်း ၅ ပါးတို့၏ ကျင့်ရိုးလမ်းစဉ်ကို အာဂမနီယ ပဋိပဒါဟု ခေါ်ပါသည်။

## အာဂမနီယ ပဋိပဒါ ငါးမျိုး

အာဂမနီယ ပဋိပဒါသည်-

(၁) ဘုရားလောင်း၏ ကျင့်ရိုးလမ်းစဉ်။

(၂) ပစ္စေကဗုဒ္ဓါလောင်း၏ ကျင့်ရိုးလမ်းစဉ်။

(၃) အဂ္ဂသာဝကတို့၏ ကျင့်ရိုးလမ်းစဉ်။

(၄) မဟာသာဝကတို့၏ ကျင့်ရိုးလမ်းစဉ်။

(၅) ပကတိသာဝကတို့၏ ကျင့်ရိုးလမ်းစဉ် ဟူ၍ ၅ မျိုး ရှိပါသည်။

## ဘုရားလောင်း ကျင့်ရိုးလမ်းစဉ်

(၁) ဘုရားလောင်း၏ ကျင့်ရိုးလမ်းစဉ်မှာ။ ပညာဓိက ဘုရားလောင်းမှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း။ သဒ္ဓါဓိက ဘုရားလောင်းမှာ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။ ဝီရိယာဓိက ဘုရားလောင်းမှာ တဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတသိန်း ပတ်လုံး ပါရမီဆယ်ပါး ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီဆယ်ပါး၊ ပေါင်း သုံးဆယ်နှင့်တကွ စွန့်ခြင်းကြီး ငါးပါး၊ စရိယ သုံးပါး၊ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါးတို့ကို

ဖြည့်ကျင့်၍ အဆုံးသို့ရောက်မှ အာဂမနီယ ပဋိပဒါပြည့်စုံ၍ သစ္စာလေးပါးကိုသိသော သမ္မာ သမ္ဗောဓိဉာဏ်ကိုမှ၍ ကျွတ်လွတ်နိုင်သည်။

**ပစ္စေကဗုဒ္ဓါလောင်း ကျင့်ရိုးလမ်းစဉ်**

(၂) ပစ္စေကဗုဒ္ဓါလောင်း၏ ကျင့်ရိုးလမ်းစဉ်မှာ။

ပညာဓိက ပစ္စေကဗုဒ္ဓါလောင်းမှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းလုံးလုံး ပါရမီဆယ်ပါး၊ ဥပ ပါရမီဆယ်ပါး၊ ပေါင်း ပါရမီနှစ်ဆယ်နှင့် ဟာဒ္ဓ ဒွေ့သမ္ဘာရ၊ သီလ, သမာဓိ, ပညာသိက္ခာ သုံးပါးကို ဖြည့်ကျင့်မှ ပစ္စေကဗောဓိဉာဏ်ကို ရနိုင်သည်။ သဒ္ဓါဓိက ပစ္စေကဗုဒ္ဓါလောင်းမှာ ဆိုခဲ့ပြီးသော ကာလ အပိုင်းအခြားထက် နှစ်ကမ္ဘာ, သုံးကမ္ဘာ ပို၍ ဖြည့်ကျင့်ရသည်။ ဝီရိယာဓိက ပစ္စေက ဗုဒ္ဓါလောင်းမှာ ပညာဓိက ပစ္စေကဗုဒ္ဓါလောင်း၌ ဆိုခဲ့သော ကာလအပိုင်းအခြားထက် ငါးကမ္ဘာ ခြောက်ကမ္ဘာ စသည် ပို၍ ဆိုခဲ့ပြီးသော ပါရမီ, သိက္ခာတို့ကို ဖြည့်ကျင့်မှ ပစ္စေကဗောဓိဉာဏ်ကို ရနိုင်သည်။

**သာဝကတို့ ကျင့်ရိုးလမ်းစဉ်**

(၃) အဂ္ဂသာဝကလောင်းမှာ တစ်သင်္ချေနှင့် ကမ္ဘာ တသိန်းလုံးလုံး ပါရမီဆယ်ပါး၊ သိက္ခာသုံးပါးတို့ကို ဖြည့်ကျင့်မှ သာဝက ပါရမီဉာဏ်ကို ရနိုင်သည်။

(၄) မဟာသာဝကတို့မှာ ကမ္ဘာတသိန်းလုံးလုံး ပါရမီ ဆယ်ပါး သိက္ခာသုံးပါးတို့ကို ဖြည့်ကျင့်မှ မဟာသာဝကဉာဏ်ကို ရနိုင်သည်။

(၅) ပကတိသာဝကလောင်းတို့မှာ ဘဝငါးရာပတ်လုံး ပါရမီဆယ်ပါး၊ သိက္ခာသုံးပါးတို့ကို ဖြည့်ကျင့်မှ ပကတိသာဝက ဖြစ်နိုင်ကြောင်း၊ လယ်တီဆရာတော် စီရင်ရေးသားသော ပါရမီဒီပနီ၌ ပြဆိုလျက်ရှိသည်။ ဤကဲ့သို့ အလောင်းငါးပါးတို့သည် ဆိုခဲ့ပြီးသော ကာလအပိုင်းအခြားကို အယုတ် အပိုမရှိ ဖြည့်ကျင့်၍ လာရသော ကျင့်ရိုး လမ်းစဉ်ကို အာဂမနီယ ပဋိပဒါဟု ခေါ်ပါသည်။

ထို့ကြောင့် ထေရဂါထာ အဋ္ဌကထာနိဒါန်းအဖွင့်၌။

တိဝိဓာပေသာ တိဏ္ဏံ ဗောဓိသတ္တာနံ ယထာသကံ
အာဂမနီယ ပဋိပဒါယ မတ္ထကပ္ပတ္တိယာ သတိပဋ္ဌာနာဒီနံ

သတ္တတိံသာယ ဗောဓိပက္ခိယဓမ္မာနံ ဘာဝနာပါရိပူရိတိ ဝေဒိ-တဗ္ဗာ။ ဟူ၍ ဖွင့်ပြလေသည်။

## အနက်မြန်မာပြန်

တိဏ္ဏံ၊ သုံးပါးကုန်သော။ ဗောဓိသတ္တာနံ၊ ဗောဓိအလောင်းတို့အား။ ယထာသကံ၊ မိမိတို့၏ ဥစ္စာဖြစ်သော။ အာဂမနီယ ပဋိပဒါယ၊ အစဉ်အတိုင်း ကျင့်လာရသော ကျင့်ဝတ်ပဋိပတ်၏။ မတ္ထကပတ္တိယာ၊ အပြီးအဆုံးသို့ ရောက်သဖြင့်။ သတိပဋ္ဌာနာဒီနံ၊ သတိပဋ္ဌာန် အစရှိကုန်သော။ သတ္တတိံသာယ ဗောဓိပက္ခိယဓမ္မာနံ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့၏။ တိဝိဓာပိ၊ သုံးပါးအပြားရှိသည်လည်းဖြစ်သော။ ဧသာ ဘာဝနာ၊ ဤသို့ ကာယစိတ္တ ပညာတို့ကို ပွားများအပ်သော ဘာဝနာကို။ ပါရိပူရိ၊ ပြည့်စုံအောင် ဖြည့်ခြင်းတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဤသို့ အဋ္ဌကထာဖွင့်ပြသောကြောင့် အလောင်းသုံးပါးတို့သည် ပြဆိုခဲ့ပြီးသော ကာလအပိုင်းအခြားကုန်အောင် ပါရမီဆယ်ပါး သိက္ခာ သုံးပါးတို့ကို ဖြည့်ကျင့်ပြီးမှ အာဂမနီယ ပဋိပဒါ ပြည့်စုံကြောင်းကို သေချာစွာ မှတ်သားရာသည်။

## ပိုင်းခြားသော ကာလမကုန်မီ အကျွတ်တရားကိုမရနိုင်

အလောင်းသုံးပါးတို့သည် ပြဆိုခဲ့သော ကာလမတိုင်မီ အကျင့်တရားကို မနားမနေ အားထုတ်သော်လည်း ဉာဏ်မရင့်သေးသောကြောင့် နိဗ္ဗာန်သို့မရောက်နိုင်ကြောင်းကို ၎င်းအဋ္ဌကထာ၌ပင်။

တတ္ထ တတ္ထ ဝုတ္တကာလပရိစ္ဆေဒံ အသမ္ပတ္တာ အန္တရာဝ ပစ္စေက သမ္ဗောဓိယာ ယထာဝုတ္တ သာဝက သမ္ဗောဓိယာ စ အဓိဂမော နတ္ထိ၊ ကသ္မာ၊ ဉာဏဿ အပရိ ပစ္စနတော။

## အနက် မြန်မာပြန်

တတ္ထ တတ္ထ၊ ထိုထိုသို့သော ဘဝတို့၌။ ဝုတ္တကာလ ပရိစ္ဆေဒံ၊ ဆိုအပ်ခဲ့ပြီးသော ကာလအပိုင်းအခြားသို့။ အသမ္ပတ္တာ၊ မရောက်သေး

ပဲလျက်။ အန္တရာဓေ၊ အတွင်း၌သာလျှင်။ ပစ္စေကဗောဓိယာ စ၊ ပစ္စေကဗုဒ္ဓါလောင်းအားဋင်း။ ယထာဝုတ္တ သာဝကဗောဓိယာ စ၊ ဆိုအပ်ခဲ့ပြီးသော သာဝကလောင်းအားဋင်း။ အဓိဂမော၊ ပစ္စေက ဗုဒ္ဓါဉာဏ်, သာဝကဉာဏ်ကို ရခြင်းသည်။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဉာဏဿ၊ ဉာဏ်၏။ အပရိပစ္စနတော၊ မရင့် သေးသောကြောင့်တည်း။

ဤသို့ အဋ္ဌကထာ ပြသောကြောင့် ကာလအပိုင်းအခြားကုန်အောင် ပါရမီသိက္ခာတို့ကို ဖြည့်ကျင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တို့ကို ရနိုင် ကြောင်း ကောင်းကောင်းကြီး ယုံကြည်အပ်လှပေသည်။

ဤကဲ့သို့မဟုတ်ပဲ ကျင့်လျှင်ဖြစ်ရမည်ဟု တထစ်ချယုံကြည်၍နေပါ လျှင် ကျင့်၍မဖြစ်သောအခါ မဟာကာလ ဥပါသကာကဲ့သို့ အကျင့် တရားကို မယုံကြည်ပဲ အယူလွဲမည်စိုးသဖြင့် ရေ့သားပြဆိုခြင်း ဖြစ် သည်။ ကျင့်သည်ကို မကြိုက်၍မဟုတ်၊ ကျင့်၍မဖြစ်သေးလျှင် အာဂမနီယ ပဋိပဒါခေါ်သော ကျင့်ရိုးလမ်းစဉ် မဆုံးသေး၍သာဟု မှတ်ယူရာသည်။ အကျင့်သည် နိဗ္ဗာန်သို့ရောက်ကြောင်း မဟုတ်ဟု ဒိဋ္ဌိအယူ မဖြစ်သင့်၊ အကျင့်ကိုမူကား မဂ်ဖိုလ်ကို ယခုဘဝရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ရှင်လူရဟန်းတိုင်းပင် ကျင့်အပ်ပါသည်၊ ကျင့်သင့်ကြောင်းကိုလည်း ဝန်ခံ၍ တိုက်တွန်းပါသည်။

## အာဂမနီယ ပဋိပဒါကိုနှစ်ပိုင်းခွဲပြခြင်း

အလောင်းတော်တို့၏ ကျင့်ရိုး လမ်းစဉ်ဖြစ်သော အာဂမနီယ ပဋိပဒါသည်-

(၁) ပုဗ္ဗဘာဂ ပဋိပဒါ၊

(၂) နိယာမ ဂါမိနီ ပဋိပဒါ ဟူ၍ နှစ်မျိုးရှိပါသည်။

(၁) ပုဗ္ဗဘာဂ ပဋိပဒါ။ ။ဋင်းမှာ ပါရမီဆယ်ပါး၊ အပြား သုံးဆယ်၊ ကမ္မဿကတာ၊ သမ္မာဒိဋ္ဌိ သီလ၊ သမာဓိတို့ကို ပုဗ္ဗဘာဂ ပဋိပဒါဟု ခေါ်သည်။

(၂) နိဗ္ဗေဓဂါမိနီ ပဋိပဒါ၊ ဝိပဿနာ မဂ်တို့ကို ခေါ်ပါသည်။ ပါရမီ ဆယ်ပါး။ ။၎င်းမှာ၊ ဒါန ပါရမီ၊ သီလပါရမီ၊ နိက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီဟူ၍ ဆယ်ပါးဖြစ်ပါသည်။

အဓိပ္ပါယ်ဖော်ပြချက်။ ။နိဗ္ဗာန်ကို တောင့်တသော စိတ်ဖြင့် ပစ္စည်းဥစ္စာကိုလှူခြင်းသည် ဒါနပါရမီ မည်၏။ နိဗ္ဗာန်ကို တောင့်တသောစိတ်ဖြင့် သီလဆောက်တည်ခြင်းသည် သီလပါရမီ။ နိဗ္ဗာန်ကို တောင့်တသောစိတ်ဖြင့် တောထွက်၍ ရသေ့ရဟန်းပြုလုပ်ခြင်းသည် နိက္ခမ္မပါရမီ။ နိဗ္ဗာန်ကို တောင့်တသောစိတ်ဖြင့် ပညာသင်ကြားချပို့ခြင်းသည် ပညာပါရမီ။ နိဗ္ဗာန်ကို တောင့်တသောစိတ်ဖြင့် ကုသိုလ်မှု၌ လုံ့လစိုက်ထုတ်ခြင်းသည် ဝီရိယပါရမီ။ နိဗ္ဗာန်ကို တောင့်တသော စိတ်ဖြင့် သည်းခံခြင်းသည် ခန္တီပါရမီ။ နိဗ္ဗာန်ကို တောင့်တသော စိတ်ဖြင့် မှန်သည်ကို ဆိုခြင်းသည် သစ္စာပါရမီ။ နိဗ္ဗာန်ကို တောင့်တသော စိတ်ဖြင့် ကုသိုလ်ကောင်းမှုကို ပြုလုပ်အံ့ဟု စိတ်ကိုခိုင်မြဲစွာ ဆောက်တည်ခြင်းသည် အဓိဋ္ဌာန်ပါရမီ။ နိဗ္ဗာန်ကို တောင့်တသောစိတ်ဖြင့် သတ္တဝါတို့ကို ကိုယ်နှင့်အမျှ ချစ်ခြင်းသည် မေတ္တာပါရမီ။ နိဗ္ဗာန်ကို တောင့်တသောစိတ်ဖြင့် သတ္တဝါတို့ကို လစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီ။ ဤကား-ပါရမီဆယ်ပါးတည်း။

ဥပပါရမီဆယ်ပါး။ ။၎င်းမှာ နိဗ္ဗာန်ကို တောင့်တ၍ ခြေလက် အင်္ဂါတို့ကို မငဲ့ပဲ စွန့်လွှတ်၍လှူခြင်း၊ သီလစောင့်ခြင်း၊ တောထွက်ခြင်း စသည်တို့ကို ဥပပါရမီဆယ်ပါးဟု ခေါ်ပါသည်။

ပရမတ္ထပါရမီ။ ။၎င်းမှာ နိဗ္ဗာန်ကိုတောင့်တ၍ အသက်ကိုစွန့်လွှတ်လှူဒါန်းခြင်း၊ အသက်ကို မငဲ့ပဲ သီလစောင့်ခြင်း၊ အသက်ကို မငဲ့ပဲ တောထွက်ခြင်း၊ အသက်ကိုမငဲ့ပဲ ပညာသင်ကြားပို့ချခြင်း စသည်ကို ပရမတ္ထပါရမီဆယ်ပါးဟု ခေါ်ပါသည်။

## ပါရမီ၏အဓိပ္ပါယ်ကို ဖော်ပြချက်

ပါရမီဟူသည် ဝဋ်သုံးပါး၏ ပြည်စုံခြင်းကို တောင့်တ၍ ပြုလုပ်သော ကုသိုလ်သည် ပါရမီမဟုတ်၊ ဝဋ်သုံးပါးမှ ကင်းလွတ်သော

နိဗ္ဗာန်ကို တောင့်တ၍ ပြုလုပ်သောကုသိုလ်သည်သာလျှင် ပါရမီဖြစ်ကြောင်း၊ ဝဋ်သုံးပါးကို တောင့်တလျှင် အဘိညာဏ်ငါးပါး သမာပတ်ရှစ်ပါးသော်လည်း ပါရမီမဖြစ်ကြောင်း၊ ဝဋ်သုံးပါးမှ လွတ်မြောက်သော နိဗ္ဗာန်ကို တောင့်တသော အယူတ်ဆုံးဆွမ်း တယောက်မလှူခြင်း၊ မြက်တဆုပ်လှူခြင်းစသော အလှူသည်ပင် ပါရမီဖြစ်၍ သမ္မာသမ္ဗောဓိဉာဏ်။ ပစ္စေကဗောဓိဉာဏ်။ သာဝကဗောဓိဉာဏ်တို့ကို ပေးနိုင်ကြောင်း နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ ဗုဒ္ဓဝဂ်တတိယသုတ် မိစ္ဆာပဋိပဒါ-သမ္မာပဋိပဒါအဖွင့်၌ ပြထားလေသည်၊ ထိုကြောင့် ပါရမီဖြစ်ရန် မည်သည့်ကုသိုလ်ကိုမဆို ပြုလုပ်သောအခါ နိဗ္ဗာနပစ္စယော ဟောတု-ဟူ၍ရင်း။ ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု-ဟူ၍ရင်း။ ဆုတောင်း၍ ပြုလုပ်ကြရာသည်။

## သမ္မာဒိဋ္ဌိဆယ်ပါး

ကမ္မဿကတာ သမ္မာဒိဋ္ဌိဆယ်ပါးမှာ။ ။အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ စသည်ဖြင့် ဆယ်ပါးရှိကြောင်းကို ကျမ်းဂန်တို့၌ ထင်ရှားသည်ဖြစ်၍ ကျယ်မည်စိုးသောကြောင့် မရေးတော့ပြီ၊ သီလ-ရင်းသီလမှာ သိက္ခာသုံးပါး၌ အပါအဝင်ဖြစ်သောကြောင့် လူတို့မှာ-ငါးပါးသီလ၊ သာမဏေမှာ ဆယ်ပါးသီလ၊ ရဟန်းမှာ စတုပါရိသုဒ္ဓိ သီလစသည် သီလမည်၏။

**သမာဓိ**။ ။ကမ္မဋ္ဌာန်းအာရုံ၌ စိတ်တည်မြဲခြင်း ဥပစာရသမာဓိ။ ဈာန်၌ စိတ်စွဲမြဲခြင်း အပ္ပနာသမာဓိ ဤနှစ်မျိုးလုံးသည် သမာဓိ မည်ပါသည်။

ထေရဂါထာ အဋ္ဌကထာ၌မူကား။ ။သမာဓိကို နိရောဓဂါမိနီ ပဋိပဒါ၌ ထည့်သွင်း၍ပြပါသည်။ ဤကျမ်း၌ကား နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာအရ ဖော်ပြပါသည်။ ရင်းအဋ္ဌကထာ၌။

သီလ သမာဓိ ကမ္မဿကတာ-ဒိဋ္ဌိသမ္ပဒါယ ပန ယောဇေ-
တွာ ပုဗ္ဗဘာဂပဋိပဒါ ဝုတ္တာ-အာစိက္ခတိ။

ဟူ၍ ဖွင့်ပြလေသည်။

အနက်ကား။ သီလ သမာဓိ၊ ကမ္မဿကတာဒိဋ္ဌိသမ္ပဒါယ၊ သီလ၊သမာဓိ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်။ ယောဇေန္တော၊ ယှဉ်လျက်။ ပုဗ္ဗဘာဂပဋိပဒါ၊ ပုဗ္ဗဘာဂပဋိပဒါကို။ တာဝ၊ ရှေးဦးစွာ။အာစိက္ခတိ၊ မိန့်ကြားတော်မူ၏။

## ပုဗ္ဗဘာဂပဋိပဒါသည် ဘုရားအဖြစ်ကို ပြုလုပ်တတ်သော တရားဟု အရှင်သာရိပုတ္တရာအား မိန့်ကြားပုံ

တနေ့သ၌ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံတော်သို့သွား၍ ရိုသေစွာရှိခိုးပြီးလျှင် လျှောက်ထားသည်မှာ--

**အရှင်သာရိပုတ္တရာ။** ။အရှင်ဘုရား၊ ဘုရားအဖြစ်သို့ ရောက်အောင် ပို့ဆောင်သော တရားများသည် အဘယ်တရားတို့ပါနည်း။

**ရှင်တော်ဘုရား။** ။သာရိပုတ္တရာ၊ ဘုရား အဖြစ်သို့ ရောက်အောင် ပို့ဆောင်တတ်သော တရားတို့သည် ဆယ်ပါးတို့တည်း။

**သာရိပုတ္တရာ။** ။ဆယ်ပါး၏သရုပ်ကို ညွှန်ပြတော်မူပါ ဘုရား။

**ရှင်တော်ဘုရား။** ။ဆယ်ပါးမှာ- ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမ္မပါရမီ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာပါရမီ၊ ဤဆယ်ပါးတို့ပေတည်း။

## ဤပါရမီဆယ်ပါးသည် အဘယ်သို့ ဘုရား အဖြစ်ကို ရောက်အောင် ပို့ဆောင်နိုင်သနည်း

ဉာဏ်ပညာကို ဖျက်ဆီး တတ်သော လောဘကို ဒါန ပါရမီဖြင့် ကာကွယ်သည်။ ဉာဏ်ပညာကို ဖျက်ဆီး တတ်သော ဒေါသကို သီလပါရမီ၊ခန္တီပါရမီ မေတ္တာပါရမီတို့ဖြင့် ကာကွယ်သည်။ဉာဏ်ပညာကို ဖျက်ဆီးတတ်သော မောဟ မိစ္ဆာဒိဋ္ဌိတို့ကို ပညာပါရမီဖြင့် ကာကွယ်သည်။ ဉာဏ်ပညာကို ဖျက်ဆီးတတ်သော ဝိစိကိစ္ဆာကို သစ္စာ သူပနိဿယဖြင့် ကာကွယ်သည်။ ဉာဏ်ပညာကို ဖျက်ဆီးတတ်သော မာနဥဒ္ဓစ္စတို့ကို အပစာယနဖြင့် ကာကွယ်သည်။ ဉာဏ်ပညာကို ဖျက် ဆီး တတ် သော ကာမရာဂကို နိက္ခမ္မပါရမီဖြင့် ကာကွယ်သည်။ ဉာဏ်ပညာကို ဖျက်ဆီး

တတ်သော မုသာဝါဒကို သစ္စာပါရမီဖြင့် ကာကွယ်သည်။ ဉာဏ်ပညာကို ဖျက်ဆီးတတ်သော ပျင်းရိခြင်း ကောသဇ္ဇကို ဝီရိယပါရမီဖြင့် ကာကွယ်သည်။ဤသို့လျှင် ဉာဏ်ပညာကို ဖျက်ဆီးတတ်သော ဉာဏ်ပညာ၏ ရန်သူတို့ကို ကာကွယ် စောင့်ရှောက် နိုင်သော ပုဗ္ဗဘာဂပဋိပဒါ အဝင် ပါရမီ ဆယ်ပါးဖြင့် ထုံအပ်သည်ရှိသော် ပန်းပွင့်၏ ပွင့်ဖတ်, ပွင့်ချပ်တို့သည် အသီး၏သန္ဓေကို ကာကွယ်ပေးမှသာလျှင် အသီးသည် သန္ဓေမှစ၍ တဖြည်းဖြည်း ရင့်လာသကဲ့သို့ ပါရမီ တည်းဟူသော ပုဗ္ဗဘာဂပဋိပဒါက ကာကွယ်စောင့်ရှောက်ပေးမှသာလျှင် ဗောဓိဉာဏ် ရင့်သန်ခြင်းသို့ ရောက်နိုင်သည်။ ထို့ကြောင့် ထေရဂါထာ အဋ္ဌကထာ၌။

> မဟာဗောဓိသတ္တာနံ ဒါနာဒိပါရမီဟိ ပရိဗြူဟိတာ ပညာပါရမီ အနုက္ကမေန ဂဗ္ဘံ ဂဏှန္တီ၊ ပရိပါကံ ဂစ္ဆန္တီ၊ ဗုဒ္ဓဉာဏံ ပရိပူရေတိ။ ။

အနက်ကား

မဟာဗောဓိသတ္တာနံ၊ ဘုရားအလောင်းတို့အား။ ဒါနာဒိပါရမီဟိ၊ ဒါနအစရှိသော ပါရမီတို့ဖြင့်။ ပရိဗြူဟိတာ၊ အစဉ်ပွားများအပ်သည်ရှိသော်။ အနုက္ကမေန၊ အစဉ်အတိုင်း။ ပညာပါရမီ၊ ပညာပါရမီသည်။ ဂဗ္ဘံ၊ မဟာဗောဓိဉာဏ်၏ သန္ဓေကို။ ဂဏှန္တီ၊ ယူနိုင်ကုန်၏။ ပရိပါကံ၊ ရင့်ကျက်ခြင်းသို့။ ဂစ္ဆန္တီ၊ ရောက်ကုန်၏။ ဗုဒ္ဓဉာဏံ၊ ဘုရားဉာဏ်ကို။ ပရိပူရေတိ၊ ပြည့်စေ၏။

ဤသို့ ပါဠိတော် အဋ္ဌကထာတို့၌ မိန့်ဆိုကြသဖြင့် ပါရမီဆယ်ပါး အပါအဝင်ဖြစ်သော ပုဗ္ဗဘာဂ ပဋိပဒါသည် ဘုရားအဖြစ်သို့ ရောက်အောင် ပို့ဆောင်နိုင်ပါသည်။ ပစ္စေကဗုဒ္ဓါ အဖြစ်၊ သာဝကအဖြစ်တို့မှာလည်း ဤကဲ့သို့ပင် ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်တို့ကို ရင့်သန်စေသဖြင့် အတူတူပင် ဖြစ်ပါသည်။

## အဓိသီလသိက္ခာကိုမြှခြင်း

လူတို့မှာ နိစ္စသီလဖြစ်သော ငါးပါးသီလ၊ ရဟန်းတို့မှာ စတုပါရိသုဒ္ဓိသီလ၊ အထူးအားဖြင့် အကျဉ်း(၂၂၇)ပါး။ အကျယ် အားဖြင့် ကုဋေပေါင်း (၉၀၀၀) ကျော်၊ ကိုးထောင်ကျော်မျှသော သိက္ခာပုဒ်ရှိသော ပါတိမောက္ခသံဝရ သီလနှင့် တကွ အာဘိသမာစာရိကဝတ်အပေါင်းသည် အဓိသီလ မည်၏။ လူများနှင့် ရဟန်းတို့သည် မိမိတို့ဆိုင်ရာ သီလများကို ကျိုးပေါက်ပျောက်ကြားခြင်းမရှိပဲ ကောင်းစွာ သွေးအပ်သော ကျောက်မျက်ရတနာ၊ ဦးသစ်သောရွှေကဲ့သို့ စင်ကြယ်စေ၍ မနောမျှဖြင့်လည်း လွန်ကျူးလိုခြင်းမရှိ၊ အညစ်အကြေးမှ ကင်းစင်သော၊ အသက်၏ အန္တရာယ်ကြောင့်သော်လည်း သိက္ခာပုဒ်ကို မလွန်ကျူးပဲ စောင့်ရှောက်သော သီလ သာလျှင် မဂ်ဖိုလ်၏ နီးစွာသော အကြောင်းဖြစ်၏ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖွင့်ပြလေသည်။

### မဟာသံဃရက္ခိတထေရ် သီလစောင့်ရှောက်ပုံ

ထိုမထေရ်သည် သက်တော် ခြောက်ဆယ်လွန်သည် အထိ ကျင့်ဝတ်သိက္ခာတို့ကို မနောကံ မျှဖြင့်လည်း မကျူးလွန်မိပေ၊ အသက်တော် ခြောက်ဆယ် ကျော်တွင် ပျံလွန်တော်မူခါ နီးလျှင် အလုပ် အကျွေး ရဟန်းငယ်များက လျှောက်ထားသည်မှာ—

**အလုပ်အကျွေး**။ ။အရှင် ဘုရား၊ အားထုတ်၍ ရရှိသော မဂ်ဖိုလ် တရားထူးများကို မိန့်ကြားတော်မူပါဘုရား၊

**မထေရ်**။ ။ငါ့မှာ, ဘယ်မဂ်, ဘယ်ဖိုလ်မှ မရှိသေးဘူး။

**အလုပ်အကျွေး**။ ။အရှင်ဘုရားကို ပတ်ဝန်းကျင်အရပ်ရှိ လူ့ရှင် ရဟန်းတို့က ရဟန္တာဟု သမုတ်၍၊ ငါတို့ရဟန္တာ, ပရိနိဗ္ဗာန် စံတော်မူသည်ကို ဖူးမြင်ရအောင်ဟု ရှင်ရော လူပါ, စည်းဝေးရောက်လာကြပါတယ်။ အရှင်ဘုရား အရိယာ မဟုတ်သေးလျှင် တပည့်များနှင့် တကွ၊ လူရောရှင်ပါ နှလုံးမသာပဲ ရှက်စရာဖြစ်နေပါတယ်ဘုရား။

မထေရ်။ ။ငါသည် မေတ္တာယျ ဘုရားသခင်ကို ဖူးတွေ့လို၍ ဝိပဿနာကို အားမထုတ်ပဲနေပါတယ်။ သည်လို တပည့်တကာများက မကျေနပ်ကြပါက ငါ့ကိုထူ၍ သင်တို့ကျောင်းခန်းပြင်ဘက်သို့ ထွက်ပေးကြပါ။ ထိုအခါ အလုပ်အကျွေးတို့သည် မထေရ်ကိုထူ၍ မှီအုံးဖြင့် မှီထား၍ အခန်းပြင်သို့ ထွက်သွားကြရာ၊ အပြင်သို့ ရောက်လျှင်ရောက်ခြင်း မထေရ်သည် ရဟန္တာဖြစ်၍ လက်ဖျစ်တီး၍ ခေါ်လိုက်သောအခါ တပည့်သံဃာတို့ ပြန်ဝင်၍ မထေရ်ကို ဝိုင်းအုံလျက်-

အလုပ်အကျွေး။ ။အရှင်ဘုရား၊ အလွန်အားနည်း၍ သေခါနီး အခါမှာ လွန်စွာခဲယဉ်းတဲ့ အလုပ်ကို ထမြောက်အောင် လုပ်နိုင်သည်မှာ များစွာအံ့ဩ ချီးမွမ်းစရာကောင်းလှပါတယ် ဘုရား။

မထေရ်။ ။ယခုအလုပ်ဟာ အံ့ဩလောက်အောင် ခဲယဉ်းသည် မဟုတ်၊ အံ့ဩလောက်အောင် ခဲယဉ်းသောအလုပ်ကို ငါပြောမယ်၊ ငါရဟန်းဖြစ်သည်ကစ၍ မေ့လျော့၍သော်၎င်း၊ မသိ၍သော်၎င်း ကျူးလွန်မိသည်ကို မတွေ့ဘူးပါ။ ။ဤသို့ မိန့်တော်မူ၍ ပရိနိဗ္ဗာန်စံတော်မူလေသည်။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤရဟန္တာအရှင်၏ စကား၌ သီလစင်ကြယ်မှ မဂ်ဖိုလ်ကိုရနိုင်သောကြောင့်၊ မဂ်ဖိုလ်ထက် သီလစင်ကြယ်ရန် ခက်ကြောင်း မိန့်တော်မူသည်။ သီလသည် မဂ်ဖိုလ်ထက်, ကျင့်ဆောင်ရာ၌ လွယ်သော်လည်း စောင့်ရှောက်ရန်ကာလမှာ မဂ်ရသည်အထိ စောင့်ရှောက်ရမည် ဖြစ်၍ ကာလအားဖြင့် ကြာသောကြောင့် မဂ်ဖိုလ်ထက် ခက်သည်ဟု ဆိုလိုသည်။

## သမာဓိကို ခွဲပြချက်

သမာဓိသည် ချွန်ရအောင်ပွားသော သမာဓိ,ဝိပဿနာ၏အခြေခံ သမာဓိဟူ၍ နှစ်ပါးရှိသည်။ ချွန်ရအောင်ပွားသော သမာဓိသည်

ဝိပဿနာသို့မရောက်လျှင် သမာဓိသာဖြစ်သည်။ ဝိပဿနာ၏ အခြေခံဖြစ်လျှင် အဓိစိတ္တ-သမာဓိဖြစ်၍ သိက္ခာသုံးပါး၌ ပါဝင်သည်။

## သမာဓိ ထူထောင်ပုံ

ကသိုဏ်းစသော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးကို စီးဖြန်းလျှင် ပရိကမ္မ သမာဓိဖြစ်သည်။ ဥဂ္ဂဟနိမိတ်ရလျှင် ဥပစာရ သမာဓိဖြစ်သည်။ ဈာန်ကိုရလျှင် အပ္ပနာသမာဓိဖြစ်သည်။ ဗုဒ္ဓါနုဿတိစသော အနုဿတိရှစ်ပါး၊ အာဟာရသညာ ဝဝတ္ထာန်၊ ဤကမ္မဋ္ဌာန်းဆယ်ပါးမှ လွဲလျှင် ကျန်ကမ္မဋ္ဌာန်း သုံးဆယ်တို့ ဈာန်ကိုရစေနိုင်သည်။ (ဤနေရာ၌ သမထ လုပ်နည်းကို ရေးသင့်သော်လည်း သာသနာသန့်ရှင်းရေးနှင့် မသက်ဆိုင်သောကြောင့် မရေးသာတော့ပြီ။)

## အာနာပါန ကမ္မဋ္ဌာန်း

အာနာပါနသည် အခြားကသိုဏ်း စသည်တို့ထက် ကိစ္စနည်းခြင်း၊ အလုပ်လွယ်ကူခြင်းတို့ကြောင့် အာနာပါနဖြင့် သမာဓိယူပုံကို ဖော်ပြပါမည်၊ ကိုယ်, စိတ်, ဆိတ်ငြိမ်ရာအရပ်၊ ဆိတ်ငြိမ်သောကာလ၌ အထက်ပိုင်း ကိုယ်ကိုဖြောင့်စွာထိုင်၍ တင်ပလ္လင်ခွေလျက် လက်တို့ကို ပေါင်ခွင်ပေါ်တွင်တင်ထား၍ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကိုဆင်ခြင်၍ မိမိကိုယ်ကို ဘုရားထံ အပ်နှင်းရမည်။ အပ်နှင်းပုံမှာ- အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာ တေမိ။ ။တပည့်တော်၏ ကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းပါ၏ သုံးခေါက် ဆိုပြီးလျှင် စိတ်ကိုသတိဖြင့်ဖမ်း၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု၍ထားပြီးလျှင် အသက်ကို မှန်မှန်ရှူနေကျအတိုင်း ရှူရမည်။ စိတ်ကို နှာသီးဖျားမှာထား၍ ထွက်သက်လေနှင့် ဝင်သက်လေကို မှတ်ရမည်။ စိတ်ကို ပြင်ပသို့ မထွက်ရအောင် သတိ, အထူးထားရသည်။ စိတ်,မငြိမ်သေးလျှင် ထွက်လေ, ဝင်လေကို တစ်-နှစ်-သုံး-လေး-ငါး, ဤကဲ့သို့ ရေ၍မှတ်၊ တဆယ်အထိ-တခု, တခု တိုး၍ရေ၊ တဆယ်ထက်မပိုနှင့်၊ ငါးအောက်လည်း မနည်းစေနှင့်။ စိတ်,ပြင်ပသို့ မထွက်လျှင် ဂဏန်းရေရန်မလို၊ ထိုသို့ မှတ်နေခိုက်ပင် ဂွမ်းပုံ, ကြယ်ရောင်, လေတန်းကြီး, ရွှဲလုံး, စသည်ဖြင့် အမျိုးမျိုး

တလှုပ်လှုပ် ထင်တတ်သည်။ ထင်လာသော နိမိတ်တခုကို စိတ်ဖြင့် ဖမ်းထားရလျှင် ဥဂ္ဂဟနိမိတ် ဖြစ်သည်။ ထိုအခါ ဥပစာရသမာဓိကိုရပြီး ထိုနိမိတ်သည် မိမိအလိုရှိသလောက် တည်နေအောင် ဖမ်းထားနိုင်က ဝိပဿနာကို တက်နိုင်လောက်ပြီ၊ သို့သော်လည်း သမာဓိရင့်လျှင် သာ၍ကောင်းသည်။ ဤသို့ ပွါးများဖန်များလျှင် မနေ့တွင် ထင်နေသော ဥဂ္ဂဟနိမိတ်သည် အရောင်ထွက်၍ ပဋိဘာဂ နိမိတ်ဖြစ်လာပြီ၊ ထိုနိမိတ်ကို စိတ်ဖြင့် ရှုဆင်ခြင်ပါများလျှင် ဈာန်ကျလာလေသည်။

## ဈာန်သည် အဘယ်နည်း

မျက်စိကိုမှိတ်၍ နိမိတ်ကိုရှာခြင်းသည် ဝိတက်၊ နိမိတ်ကို ဖမ်းထားခြင်းသည် ဝိစာရ။ နှစ်သက်ခြင်းသည် ပီတိ။ ကိုယ်စိတ်ငြိမ်းအေးခြင်းသည် သုခ။ နိမိတ်၌ စိတ်စူးဝင်နေခြင်းသည် ဧကဂ္ဂတာ။ ။ဤတရားစုသည်ပင် ဈာန်တည်း။ ။ဤစာစဉ်သည် သာသနာတော်အဲကြောင်းကို အဓိကထား၍ ရေးသဖြင့် အမြွက်မျှသာ ရေးလိုပါသည်။

(သမထနည်း ပြီးပြီ။)

-:o:-

## ဝိပဿနာကို ပြဆိုအံ့

### ဝိပဿနာအလုပ်ဆိုသည်ကား ဘာလဲ?

ပုထုဇဉ်ပုဂ္ဂိုလ် သိမြင်နေကြသော ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမဟူသော အမြင်၊ မြဲသည်၊ ချမ်းသာသည်၊ အသက်ရှိသည်၊ တင့်တယ်သည်ဟူသော အမြင်ကိုလွန်၍ အထူးအားဖြင့် သိမြင်ကြောင်းဖြစ်သော ဉာဏ်အမြင်သည် ဝိပဿနာဉာဏ်မည်သည်။ ဝိပဿနာဉာဏ်ရအောင် အားထုတ်မှုသည် ဝိပဿနာကမ္မ မည်ပါသည်။ ဝိပဿနာအလုပ်၏တည်ရာ ရုပ်နာမ်ခန္ဓာစသော တရားတို့သည် ဝိပဿနာကမ္မဋ္ဌာန်းမည်ပါသည်။

## ဝိပဿနာကို ဘယ်လိုလုပ်ရသလဲ

ရှေးဦးစွာ မိမိသီလကို စင်ကြယ်စေ၍ တည်ကြည်ခိုင်မြဲသော သမာဓိဖြင့် နာမ်ရုပ်ကိုဖမ်း၍ ထိုဖမ်းထားသော နာမ်ရုပ်တို့ဖြစ်ပေါ်လာသော အကြောင်းရင်းကိုရှာ၍ ဉာဏ်၌စွဲအောင် မှတ်ထား၍ ထိုနာမ်ရုပ်၏ ဖြစ်ပေါ်ပျက်စီးသွားသော အနိစ္စလက္ခဏာကို ဉာဏ်၌ ထင်ရှားအောင် ရှုမြင်သောအလုပ်သည် ဝိပဿနာအလုပ် ဖြစ်သည်။ ထိုအလုပ်ကို ဝိသုဒ္ဓိ (၇) ပါးတို့တွင် ရှေ့ခြောက်ပါးကို အစဉ်အတိုင်းပွါး၍ အဆုံး ဉာဏဒဿန ဝိသုဒ္ဓိခေါ်သော မဂ်ကိုရအောင် လုပ်ရပါသည်။

## ဝိသုဒ္ဓိ (၇) ပါးကို အစိပ်ပိုင်းဖော်ပြချက်

(၁) **သီလဝိသုဒ္ဓိ။** ။ရဟန်းတို့မှာ အမြဲစောင့်သော (၂၂၇) ပါးသော သိက္ခာပုဒ်ကို စောင့်ခြင်း ပါတိမောက္ခသံဝရသီလ၊ စက္ခုစသော ဣန္ဒြေတို့ကို စောင့်သော ဣန္ဒြိယသံဝရသီလ၊ မအပ်သော ကုလဒူသက-အနေသနတို့ဖြင့် ရသော ပစ္စည်းမှ ကြဉ်ရှောင်၍ အပ်သော ပစ္စည်းဖြင့် အသက်မွေးသော အာဇီဝ ပါရိသုဒ္ဓိသီလ၊ ဘုရားခွင့်ပြုသော ပစ္စည်း လေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်း ပစ္စယသန္နိဿိတ သီလ၊ လူတို့မှာ နိစ္စဖြစ်သော ငါးပါး၊ ရှစ်ပါး ဆယ်ပါးသီလ၊ ဣန္ဒြေကို စောင့်သော ဣန္ဒြိယသံဝရ၊ မအပ်သော ကုန်သွယ်ခြင်း ဒုစရိုက်နှင့်ရသော ပစ္စည်းကိုကြဉ်၍ကောင်းသော လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းဖြင့် ရသော ပစ္စည်းဖြင့် အသက်မွေးသော အာဇီဝပါရိသုဒ္ဓိ၊ ထမင်းအဝတ် ပုဆိုး အိမ်တို့ကို ဓာတ်လေးပါးအစုမျှသာဟု ဆင်ခြင်၍ သုံးဆောင်သော ပစ္စယသန္နိဿိတ-ဤသီလများကို လုံခြုံလျှင် မိမိခန္ဓာအစဉ်၌ မကောင်းသော ကာယ၊ ဝစီ၊ မနော ဒုစရိုက် ဒုရာဇီဝတို့မှ စင်ကြယ်ပြီ ဖြစ်၍ သီလဝိသုဒ္ဓိဖြစ်ပါသည်။ ပြဲခဲ့သော မဟာသံဃရက္ခိတထေရ်၏ သီလမျိုးဖြစ်လျှင် အကောင်းဆုံးပေတည်း။ သီလဝိသုဒ္ဓိ။

(၂) **စိတ္တဝိသုဒ္ဓိ။** ။မိမိသီလကို ဝိသုဒ္ဓိဖြစ်အောင် စောင့်ရှောက်၍ သမထ ပဋိဘာဂနိမိတ်ပေါ်အောင် ကြာလွန်းလျှင် ဥဂ္ဂဟနိမိတ်ပေါ်အောင် အားထုတ်၍ရသော သမာဓိသည် နီဝရဏစသော အညစ်အကြေးမှစင်ကြယ်သောကြောင့် စိတ္တဝိသုဒ္ဓိ ဖြစ်ပါသည်။ (စိတ္တဝိသုဒ္ဓိ။)

(၃) **ဒိဋ္ဌိဝိသုဒ္ဓိ။** ။တကိုယ်လုံးဖြန့်၍ လွယ်ကူအောင် ထိပ်ပေါ်၌ အကွက်ကလေးတခုကို ဉာဏ်ဖြင့် ပိုင်းခြား၍ ထို အကွက်အတွင်း၌ မဟာဘုတ် လေးပါးတို့တွင် ခက်မာမှု ပထဝီ၊ ဖွဲ့စည်းမှု အာပေါ၊ ပူမှု-အေးမှု တေဇော၊ ထောက်ခံမှု ဝါယော၊ ထိုလေးပါးတို့တွင် တပါးကို မိအောင် စိတ်ဖြင့် ဖမ်းရမည်၊ ဖမ်းရလျှင် ထိုဖမ်းရသော အခြင်းအရာကို ခက်မာသည်၊ ဖွဲ့စည်းသည် စသည်ဖြင့် သိခြင်းသည် နာမ်၊ ခက်မာမှု စသည် တခုခုသည် ရုပ်၊ ရုပ်သည် ဖောက်ပြန်သောလက္ခဏာ၊ နာမ်သည် အာရုံကို သိခြင်း လက္ခဏာ၊ ဤသို့ ရုပ်နာမ်ကို ပိုင်းခြား မှတ်သားသော နာမရူပ ပရိစ္ဆေဒဉာဏ်သည် ငါ သူတပါး ယောကျ်ား မိန်းမ စသော သက္ကာယဒိဋ္ဌိမှ စင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပါသည်။ ။

(ဒိဋ္ဌိဝိသုဒ္ဓိ)

(၄) **ကင်္ခါဝိတရဏဝိသုဒ္ဓိ ။** ။နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပိုင်းခြား မှတ်သားသော ရုပ်, နာမ်, တို့တွင် ရုပ်သည် အာဟာရ ဖြစ်၍သာ ဖြစ်သည်၊ အာဟာရမဖြစ်လျှင် မဖြစ်၊ နာမ်သည် ဝတ္ထု အာရုံ ထိခိုက်သော ဖဿ ဖြစ်၍သာ ဖြစ်သည်။ ဖဿ မဖြစ်လျှင် မဖြစ်၊ သံသရာ၌လည်း ထိုအာဟာရ ဖဿ အဆက်ဆက်တို့ကြောင့် ရုပ်, နာမ် အဆက်ဆက် ဖြစ်လာသည်။ ထိုအကြောင်းတရားတို့ မရှိလျှင် မဖြစ်ဟု မြင်အောင်ရှုရသည်။ ဤသို့မြင်သော ပစ္စယ ပရိဂ္ဂဟဉာဏ်သည် ယုံမှားခြင်း(၈)ပါး (၁၆) ပါးမှကင်း၍ အဟေတုက ဒိဋ္ဌိ-ဝိသမဟေတု ဒိဋ္ဌိတို့မှ စင်ကြယ်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပါသည်။ (ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။)

(၅) **မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ။** ။နာမရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့် ဖမ်းထားသော ရုပ်ကိုနာမ်ကို ဥဒယဗ္ဗယဉာဏ်ဖြစ်အောင်၊ အနိစ္စလက္ခဏာ ထင်အောင် ရှုရမည်၊ ရှုပုံမှာ - ရုပ်သည် အပူ အအေး ပြောင်းလဲတိုင်း ပြောင်းလဲသည်၊ စိတ် ပြောင်းလဲတိုင်း ပြောင်းလဲသည်၊ အာဟာရ ပြောင်းလဲတိုင်း ပြောင်းလဲသည်၊ ဣရိယာပုထ် ပြောင်းလဲတိုင်း ပြောင်းလဲသည်ဟု ဉာဏ်ဖြင့် မြဲစွာမှတ်၍ ထိပ်ပေါ်တွင် မှတ်ထားသောအကွက် အတွင်းရှိ ရုပ်တွေဖြစ်လာသည်၊ ချုပ်သွားသည်၊ အသစ်ပေါ်လာသည်၊ ချုပ်သွားသည်ဟု ဉာဏ်တွင် ထင်အောင် မြင်အောင် ရှုရသည်၊ ဖြစ်ပြီး

လျှင် ချုပ်သွား၍ မမြဲသော အခြင်းအရာကို အနိစ္စလက္ခဏာခေါ်သည်။ ရှုဖန်များလျှင် အကွက်အတွင်းမှာ လှုပ်လှုပ် ရွရွ ဆူညံသော အသံတွေ ကြားရသည်။ ဤသို့ဖြစ်သောအခါ တဖြည်းဖြည်း တကိုယ်လုံးနှံ့အောင် ရှုရသည်။ ဤသို့ရှုရာ တကိုယ်လုံး နှံ့၍ ဘယ်နေရာကို မဆို ဉာဏ်နှင့် ရှုလိုက်လျှင် ပွက်ပွက်ဆူနေသလို ထင်လာလျှင် ဥဒယဗ္ဗယဉာဏ်ပေါ်လာ ပြီ၊ ရှုဖန်များလျှင် ဝိပဿနာ အဖျက်အဆီး ဘယ်မျိုး ပေါ်လာလိမ့်မည်။

**ဝိပဿနုပက္ကိလေသ ဆယ်ပါး**

| | | | |
|---|---|---|---|
| (၁) | ဩဘာသ | .... | ကိုယ်ရောင်။ |
| (၂) | ပီတိ | .... | နှစ်သက်ခြင်း။ |
| (၃) | ပဿဒ္ဓိ | .... | ငြိမ်းချမ်းခြင်း။ |
| (၄) | အဓိမောက္ခ | .... | သဒ္ဓါထက်သန်ခြင်း။ |
| (၅) | ပဂ္ဂဟ | .... | (ဝီရိယ အားထုတ်ခြင်း) |
| (၆) | သုခ | .... | ချမ်းသာခြင်း။ |
| (၇) | ဉာဏ | .... | ဝိပဿနာဉာဏ်-ဥဒယဗ္ဗယ။ |
| (၈) | ဥပဋ္ဌာန | .... | သတိ။ |
| (၉) | ဥပေက္ခာ | .... | တတြမဇ္ဈတ္တုပေက္ခာ။ |
| (၁၀) | နိကန္တိ | .... | သိမ်မွေ့သောတဏှာ။ |

ရှေးက မတွေ့ဘူးသော ကိုယ်ရောင် ပီတိ စသည် တို့ကို တွေ့သော အခါ မဂ်ဖိုလ်ရပြီဟု ငြိကပ်သော တဏှာ နိကန္တိကို ပယ်၍ မဂ်မဟုတ်ဟု သိသော မဂ္ဂါမဂ္ဂဉာဏ်သည် အမဂ္ဂသညာမှ စင်ကြယ်သောကြောင့် မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ (မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ။)

(၆) **ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ။** ။ဤသို့ ဝိပဿနာ၏ အဖျက် အဆီးတို့ကို ပယ်ပြီးသော် ဥဒယဗ္ဗယဉာဏ်ဖြင့် အဖန်ဖန် ရှုသည်ရှိသော် ဘင်ဂဉာဏ်က စ၍ ဉာဏ်စဉ် အတိုင်း ပေါ်လာ လိမ့်မည်။ ဘင်ဂဉာဏ် အပျက်ထင်ရှားလာခြင်း၊ ဘယဉာဏ် ကြောက်ခြင်း၊ အာဒီနဝဉာဏ် အပြစ်များခြင်း၊ နိဗ္ဗိဒါဉာဏ် ငြီးငွေ့ခြင်း၊ မုစ္စိတုကမျတာဉာဏ်

လွတ်လိုခြင်း၊ ပဋိသင်္ခါဉာဏ် စူးစမ်း ဆင်ခြင်ခြင်း၊ သင်္ခါရုပေက္ခာဉာဏ် သင်္ခါရနိမိတ်တို့ကို လစ်လျူပြုခြင်း၊ အနုလောမဉာဏ် မဂ်ဖြစ်ပေါ်ခြင်းငှာ လျော်သော **အားဗလနှင့်** ပြည့်စုံခြင်း၊ ဤဉာဏ်တို့ပေါ်လာသည်၊ ထိုဉာဏ်တို့တွင် သင်္ခါရုပေက္ခာ ဉာဏ်၊ အနုလောမဉာဏ်နှစ်ပါးကို ဝုဋ္ဌာန ဂါမိနီဝိပဿနာဟု ခေါ်သည်။ ထိုဉာဏ်တို့သည် နိစ္စသညာစသည်တို့မှ စင်ကြယ်သောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ပါသည်။ ။ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

(၇) **ဉာဏဒဿနဝိသုဒ္ဓိ**။ ။မဂ်ဖြစ်လာသောအခါ သမ္မောဟမှ စင်ကြယ်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်။(ဉာဏဒဿနဝိသုဒ္ဓိ)

## ပဋိပတ္တိသာသနာတော်

ပဋိဝေဓသာသနာဟူသည်ကား ကျင့်ဝတ်ပဋိပတ်ကို အားထုတ်၍ ရသော မဂ်ဖိုလ် နိဗ္ဗာန် ပဋိသမ္ဘိဒါ၊ အဘိညာဏ်၊ ဝိဇ္ဇာတို့ကို ခေါ်ပါသည်။

ဒုတိယကဏ္ဍ အခန်း (၂) ပြီး၏။

-:o:-

# အခန်း (၃)

## သာသနာတော်၌ ပေါ်လာမည့် ဘေးရန်များ

ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ အသမုပ္ပန္နာနိ အာယတိံ သမုပ္ပဇ္ဇိဿန္တိ။ ။အင်္ဂုတ္တရ ပါဠိတော် ယောဓာဇီဝဝဂ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိအနာဂတဘယာနိ၊ နောင်ပေါ်လာမည့် ဤဘေးရန်တို့သည်။ ဧတရဟိ၊ ယခုငါဘုရားရှိတော်မူသောအခါ၌။ အသမုပ္ပန္နာနိ၊ မဖြစ်ပေါ်ကုန်သေး။ အာယတိံ၊ နောင်အခါ၌။ သမုပ္ပဇ္ဇိဿန္တိ၊ ဖြစ်ပေါ်ကုန်လတ္တံ့။

## ဤပါဠိတော်ယောဓာဇီဝဝဂ္ဂ နဝမသုတ် အကျဉ်းဘာသာပြန်

၁။ ကာယ, သီလ, စိတ္တ, ပညာ ဘာဝနာကင်းမဲ့လျက် ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံခြင်း။

၂။ အထက်ပါတရားစု ကင်းမဲ့လျက် နိဿယည်းပေးခြင်း။

၃။ အထက်ပါတရားစု ကင်းမဲ့လျက် အဘိဓမ္မာတရား၊ ဝေဒလ္လတရား တို့ကို မသိနားမလည်ခြင်း။

၄။ အထက်ပါတရားစု ကင်းမဲ့လျက် နက်နဲသော သုတ္တန်၏ အနက်ကို ဟောသော်လည်း နားမထောင်၊ သုညတ ပဋိသံယုတ္တတရားတို့ကို သင်အပ်, ကြားအပ်သည်ဟု မအောက်မေ့ခြင်း၊ ဗာဟိရကတို့ကို သင်လိုခြင်း။

၅။ ရဟန်းတို့သည် လာဘ်များကုန်သည်ဖြစ်၍ အကျင့်သိက္ခာကို ဝီရိယမထုတ်ခြင်း။ ။ဤသည်ကား-သာသနာ၏ ဘေးရန်။

## ရှင်းပါဠိတော် ရှင်းဝင် ဒသမသုတ် အကျဉ်းဘာသာပြန်

၁။ သက်န်းကောင်းကိုလို၍ ပံသုကူဓုတင်ကို စွန့်ခြင်း။

၂။ ဆွမ်းကောင်းကိုလို၍ ပိဏ္ဍပါတ်ဓုတင်ကို စွန့်ခြင်း။

၃။ ကျောင်းကောင်းကိုလို၍ ရုက္ခမူဓုတင်ကို စွန့်ခြင်း။

၄။ ဘိက္ခုနီ သိက္ခမာန်တို့နှင့် ရောယှက်နေထိုင်သဖြင့် သာသနာတော်၌ မမွေ့ခြင်း အာပတ်သင့်ခြင်း၊ လူထွက်ခြင်း။

၅။ အရာမ်စောင့် ရှင်ယောင်တို့နှင့် ရောထွေးနေထိုင်သဖြင့် ပစ္စည်းတို့ကို သိုမှီးခြင်း၊ ရှုံ့ရင်းသော နိမိတ်စကားတို့ကို ပြောဆိုသုံးစွဲခြင်း။ ဤတရားတို့ကို ပယ်ရမည်ဟု ဟောတော်မူသည်။

## ဖုဿမည်သော ရဟန္တာမိန့်ကြားသော သာသနာတော်၏ အနာဂတ်ဘေးရန်

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ဆဋ္ဌဘိညဉ် ရဟန္တာဖြစ်တော်မူသော ဖုဿမည်သော ရဟန္တာသည် မဏ္ဍလိကမင်းမျိုးမှ ရဟန်းပြုလေသည်။ တနေ့သ၌ ပဏ္ဍရဂေါတ္တမည်သော ရသေ့သည် ဖုဿမထေရ်၏ အထံသို့လာ၍ တရားနာသည်ရှိသော် ရဟန်းတော်၏ သိက္ခာဂုဏ္ဍေတို့ကို ကြည်ညိုလှသဖြင့် ဤကဲ့သို့သော ကျင့်ဝတ်ပဋိပတ်သည် ဤလောကဓာတ်လူ့ရွာ၌ ကြာရှည်စွာ တည်ပါမူကား ကောင်းလေစွဟု အောက်မေ့၍ နောင်ကာလ၌ သာသနာတော်ဝယ် အဘယ်ကဲ့သို့ ဖြစ်လာပါမည်နည်း။ ဤကျင့်ဝတ်မျိုး တည်ရှိပါမည်လောဟု မေးလျှောက်ရာ ဖုဿမထေရ်က နောင်အနာဂတ်ကာလ၌ ပေါ်လာမည့် သာသနာတော်၏ ဘေးရန်စုကို မိန့်ကြားတော်မူသည်။

### မိန့်ကြားတော်မူပုံ

သာသနာတော်နောက်ပိုင်းကျလျှင် ရဟန်းတို့သည်—

၁။ အမျက်ထွက်လေ့ရှိအံ့၊

၂။ ရန်ငြိုးဖွဲ့လေ့ရှိအံ့၊

၃။ သူ့ကျေးဇူးကို ချေဖျက်အံ့။
၄။ ခက်ထန်ကြမ်းကြုတ်အံ့။
၅။ မကျင့်ပဲနှင့် ကျင့်ယောင်။ မသိပဲနှင့် သိယောင်ပြုအံ့။
၆။ သူတပါး ကောင်းစွာကျင့်သည်ကို ငြူစူအံ့၊ ဖျက်ဆီးအံ့။
၇။ ခိုက်ရန်ငြင်းခုံခြင်းဖြစ်အံ့။
၈။ မသိပဲသိယောင်၊ ဟန်ဆောင်တတ်အံ့၊ အသင်းအဖွဲ့များအံ့။
၉။ မသူတော်တို့၏ တရားကို စူးစိုက်အံ့။
၁၀။ ဝါဂွမ်းကဲ့သို့ ပေါ့ပျက်အံ့။
၁၁။ သာသနာကို အရှိအသေ ကင်းကုန်အံ့။
၁၂။ သံဃာအချင်းချင်း အရိုအသေကင်းအံ့။
၁၃။ တရားတော်ကို ဖျက်ဆီးအံ့။
၁၄။ တရားတဘောင်၌ အလဇ္ဇီဒုဿီလတို့ အသင်းအဖွဲ့များအံ့။
၁၅။ ပရိယတ်၊ ပဋိပတ် ပြည့်စုံသောပုဂ္ဂိုလ်တို့ အားနည်းအံ့။
၁၆။ ရဟန်းယုတ်တို့ ပစ္စည်းစု၍ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ကို မွေးမြူအံ့။
၁၇။ သူတပါးကို ချုပ်ချယ်၍ လှည့်ပတ် သွားလာကုန်အံ့။
၁၈။ မခိုင်မြဲသော စိတ်ရှိအံ့။
၁၉။ မအပ်သောဆိုးရည်ဖြင့်ဆိုး၍၊ စိမ်းလဲ့သောသင်္ကန်းကို ဝတ်အံ့။
၂၀။ လှည့်ပတ်မြှောက်ပင့်၍ အသက်မွေးအံ့။
၂၁။ ကြမ်းကြုတ်ခက်ထန်သော စိတ်ရှိအံ့။
၂၂။ ကိလေသာ အမှုအရာ ထင်ရှားသေအံ့။
၂၃။ ကြွားလွား၍ သွားလာလှည့်ပတ်အံ့။
၂၄။ ပစ္စည်းလေးပါး၌ တပ်မက်ခြင်းလွန်အံ့။
၂၅။ သူငယ်တို့ကို ထိန်းသိမ်းမွေးမြူအံ့။

၂၆။ လာဘ်ပေါများအောင် အတုယူ၍ကျင့်အံ့။

၂၇။ ရဟန်းကောင်းတို့ကို အရှိအသေ အပူဇော်နည်းကြအံ့။

၂၈။ သင်္ကန်းကိုစွန့်၍ အဝတ်ဖြူကို ဝတ်ကြကုန်အံ့။

၂၉။ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ ပစ္စည်းလေးပါးကို မှီဝဲအံ့။

၃၀။ ဆရာဥပဇ္ဈာယ်တို့စကားကို မနာယူအံ့။

၃၁။ ရဟန်းကောင်းတို့ မနေနိုင်အောင် နှိပ်စက်အံ့။

၃၂။ ဆရာဥပဇ္ဈာယ်တို့ကို နှုတ်လုံ့ထိုးအံ့။

ဤတရားစုသည် သာသနာတော်နောက်ပိုင်း၌ဖြစ်ပေါ်၍ သာသနာတော်ကိုဖျက်ဆီးမည့် ရန်သူဟူ၍ ရဟန္တာအရှင် ဖုဿထေရ် မိန့်ကြားတော်မူချက်တည်း။ ။ဤသို့ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်တို့ဟောပြည့်နှ်ကြား သတိပေးစကားတို့ကို သာသနာတော်၌ သက်ဝင်ယုံကြည်သူတိုင်း လေးစားသမှု အာရုံပြု၍ ပယ်လှန်စွန့်ခွာ၍ သာသနာတော်၏ထွန်းလင်းတောက်ပရန် ရည်သန်တောင့်တလျက် စင်ကြယ်အောင် ရှက်ဆောင် အားထုတ်ကြရသည်။ ။ဤသို့ ထေရ ဂါထာ ပါဠိတော် တိံသနိပါတ်လာ ဖုဿရဟန္တာ မိန့်မှာချက် (၃၂) ချက်တို့တွင် တဆယ့်လေးချက်မြောက်ဖြစ်သော တရားတဘောင်၌ ဒုဿီလအလဇ္ဇီတို့၏ အပင်းအသင်းများအံ့- ဟူသော သာသနာတော်၏ ရန်သူသည် သာသနာကိုဖျက်ဆီးရာ၌ ထိရောက်စွာ ဖျက်ဆီးနိုင်ပုံကို ဥဒါဟရဏ်နှင့်တကွ ဖော်ပြပါဦးမည်။

## ကဿပ မြတ်စွာဘုရား၏ သာသနာကုန်ခါနီးတွင် မထေရ်ကြီးတို့၏ အပြုအမူအတွက် သာသနာတော် ပျက်စီးဆုတ်ယုတ်ရပုံ

ဝိနယဓရမထေရ်နှစ်ပါး အပေါင်းအသင်းမှား၍ အများပျက်စီးရခြင်း။

ကဿပ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းတော်နှစ်ပါးသည် ပရိယတ်ကို သင်ကြား၍ အထူးအားဖြင့် ဝိနည်း ပိဋကတ်ကို

အထူးတတ်ကျွမ်းလေ့လာလေသည်။ တပါးလျှင် အခြံအရံ ငါးရာစီရှိကြလေသည်။ တနေ့သ၌ ရွာနီးကျောင်းနေ အစမ္မဝါဒီ ရဟန်းတပါးသည် သိက္ခာပုဒ်ကို လွန်ကျူးကြောင်း ဓမ္မဝါဒီရဟန်းကသိ၍ အစမ္မဝါဒီရဟန်းထံသို့သွား၍-

**ဓမ္မဝါဒီရဟန်း။** ။ငါ့ရှင်, သင်ပြုသောအမှုသည် သာသနာတော်နှင့်မလျော်လှ၊ သင့်အပြစ်ကို သင်ဆေးကြောပါ။

**အဓမ္မဝါဒီရဟန်း။** ။တပည့်တော် ဘာကို ကျူးလွန် ပါသလဲ၊ အရှင် ဘာကိုမြင်သလဲ၊ ဘယ်လိုကြားသလဲ။

**ဓမ္မဝါဒီ။** ။သံဃာ စည်းဝေးလျှင် ဝိနည်းဓိုရ်တို့ သိကြပါလိမ့်မယ်။

ထိုအခါ အဓမ္မဝါဒီ ရဟန်းသည် မိမိအမှုအပြစ်ကို ဆင်ခြင်၍ သံဃာစည်းဝေးလျှင် သံဃာ့အလယ်၌ အမှန်ဆုံးဖြတ်လျှင် သာသနာတော်၌ နေနိုင်တော့မည် မဟုတ်ကြောင်းကို သိမြင်သောကြောင့် ဆိုခဲ့သော ဝိနည်းဓိုရ်နှစ်ပါးအထံသို့သွား၍ သပိတ် ပရိက္ခရာတို့ကို လာဘ်ပေး၍ အကျိုးအကြောင်းကို လျှောက်ထားသည်မှာ-

**အဓမ္မဝါဒီ။** ။တပည့်တော်မှာ အမှုဘခု ရှိပါသည်၊ အရှင်တို့ထံ ရောက်ပါလိမ့်မယ်၊ ရောက်လျှင် မှန်သည့် အတိုင်း မဆုံးဖြတ်ပါနှင့်၊ တပည့်တော်ကို ကယ်မပါ ဘုရား။

**ဝိနည်းဓိုရ်။** ။အမှုပေါ်လျှင်ဝိနည်းနှင့်ညီစွာ ဆုံးဖြတ်ရလိမ့်မယ်၊ မဆုံးဖြတ်လျှင် ဘုရားမျက်နှာတော်ကို မထောက်ရာကျလိမ့်မယ်။

**အဓမ္မဝါဒီ။** ။မှန်သလိုဆုံးဖြတ်လျှင် တပည့်တော် သာသနာတော်၌ မနေနိုင်တော့ပါ၊ တပည့်တော်ကိုသနားသဖြင့် စောင်မတော်မူစေလိုပါတယ်၊ အပြစ်မှာ တပည့်တော်သာ ခံရဘို့ရှိပါတယ်။

**ဝိနည်းဓိုရ်။** ။ကောင်းပြီ အေး အေး သာ နေ ဟု ဆို၍ သံဃာ မစည်းဝေး မဆုံးဖြတ်ပဲ နေလေ၏။ ။အဓမ္မဝါဒီ ပုဂ္ဂိုလ်သည် ဤကဲ့သို့ ဝိနည်းဓိုရ်ထံမှ ပဋိညာဉ်ကို ရလျှင် မိမိ၏ ကျောင်းသို့ ပြန်၍ ဓမ္မဝါဒီ

ပုဂ္ဂိုလ်ကို ယခုဝိနည်းဓိုရ်သိပြီ၊ ဘာအပြစ်ရှိသလဲ၊ သင်တတ်နိုင်သေးသလား ဟု ပြောဆို ကြိမ်းမောင်းလေ၏။ ဓမ္မဝါဒီ ပုဂ္ဂိုလ်သည် ဝိနည်းဓိုရ်၏ တပည့်များထံသို့သွား၍ အမှုကို မထေရ်ကြီးများ လျှောက်ထားပါလျက် ဆုံးလည်း မဆုံးဖြတ်၊ ငါတို့ကို ခစားလုပ်ကျွေးသူဟု ပုဂ္ဂိုလ်၏ မျက်နှာကိုသာ ထောက်သည်။ ဘုရားရှေ့မျက်နှာတော်ကို မထောက်၊ ယနေ့က စ၍ မြတ်စွာဘုရားသာသနာတော် ကွယ်လွန်လေပြီဟု အော်ဟစ်ငိုကြွေး၍ ထွက်သွားလေတော့သည်။

## အလဇ္ဇီ၏ အသင်းဝင် မထေရ်ကြီး နှစ်ပါးတို့ ဘဝပြောင်းသွားပုံ

ဝိနည်းဓိုရ် မထေရ်ကြီးတို့သည် ထိုအခါမှစ၍ ငါတို့သည် ပုဂ္ဂိုလ် မျက်နှာကိုလိုက်၍ သာသနာကို ရှုံ့အိုင်၌ ပစ်မိသည်ဟု နှလုံးမသာ ကုက္ကုစ္စ ဖြစ်၍ သေလွန်လျှင် ပဌမမထေရ်ကြီးသည် ဟိမဝန္တာ၌ ပောမဝတာ နတ်ဘီလူး၊ ဒုတိယ ထေရ်ကြီးသည် မဇ္ဈိမဒေသ သာတတောင်၌သာတာ ဂီရိ နတ်ဘီလူး၊ တပည့်အခြံအရံများသည် ဘီလူးအခြံအရံဖြစ်ကြကုန်၏။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ အမှုကို လွန်ကျူးသော ပုဂ္ဂိုလ်မှာ မည်မျှလောက် အပြစ် ထိုက်မည်ကို ဆင်ခြင် စဉ်းစား၍ သိသာနိုင်သည်။ မိမိ မလွန်ကျူးပဲ လွန်ကျူးသူဖက်သို့ပါမိသော မထေရ်ကြီး နှစ်ပါးနှင့်တပည့်တထောင် တို့မှာ တသက်လုံး ရဟန်းပြု၍ ဂန္ထဓုရကို အား တုတ်သော ကုသိုလ် သည် နတ်ဘုံသို့ရောက်ရုံမျှ မပို့နိုင်တော့ပေ။ တ သက် လုံး ကျင့်သော ကုသိုလ် အာစိဏ္ဏကံကြီးကို မသူတော်၏ အပေါင်းအသင်း လုပ်မိသော အကုသိုလ်က လွှမ်းမိုး၍ ဘီလူးဘဝရောက်အောင် ပို့ဆောင်နိုင်သည်။ တယောက်အတွက် အများပျက်စီးရသည်ကို ဆင်ခြင်၍ သံဝေဂရရန် ကောင်းလှပေသည်။ ပုဂ္ဂိုလ်ဘင်သာမကပဲ သာသနာကိုပါ ထိခိုက်သော ကြောင့် ကြောက်မက်ဖွယ်ကောင်းလေစွ။

## ဤစုဒ္ဒသမဘေးရန်ကို ကာကွယ်ရန်

ဝိနည်းဓိုရ်အဖွဲ့များကို အနှံ့အပြားဖွဲ့၍ အမှုပေါ်လာလျှင် ဝိနည်းဓိုရ် ထံ ရောက်၍ အဆုံးအဖြတ်ခံအောင် အစိုးရက အာဏာဖြင့် ကူညီပေ

သင့်သည်၊ ဤသို့ပြုလုပ်လျှင် ဤကဲ့သို့ အလဇ္ဇီဒုဿီလတို့ လွှမ်းမိုးခြင်းမှ ကင်းငြင်း၍ သာသနာတော်မှာ ကွဲပြားခြင်း ပက္ခ အဖြစ်မှ သန့်ရှင်း စင်ကြယ်နိုင်သည်။

## သာသနာပျက်စီးကြောင်း တရားများ

အင်္ဂုတ္တိုရ်ပဉ္စကနိပါတ် သဒ္ဓမ္မဝဂ်-စတုတ္ထသုတ်။

### ငါးတို့မှာ

(၁) တရားတော်ကို ရိုသေစွာ မနာခြင်း။

(၂) တရားတော်ကို ရိုသေစွာ မသင်ခြင်း။

(၃) တရားတော်ကို ရိုသေစွာ မဆောင်ခြင်း။

(၄) တရားတော်၏အနက်ကို ရိုသေစွာ မဆင်ခြင်ခြင်း။

(၅) အနက်အဓိပ္ပာယ်ကို သိသော်လည်း တရားတော်အတိုင်း မကျင့်ခြင်း။

### ငါးဝဂ် ပဉ္စမသုတ်

(၁) သုတ္တ-ဂေယျ-စသော အင်္ဂါတို့ကို မသင်ကြားခြင်း။

(၂) သိပြီးသောတရားတို့ကို သူတပါးတို့အား ဝေဖန်၍မဟောခြင်း

(၃) သင်ပြီးသောတရားတို့ကို သူတပါးတို့အား မပို့ချခြင်း။

(၄) သင်ပြီးသောတရားတို့ကို ရွတ်အံသရဇ္ဈာယ်မှု မပြုခြင်း။

(၅) နာဘူး သင်ဘူးသော တရားတို့ကို စိတ်ဖြင့် မဆင်ခြင် မသုံးသပ်ခြင်း။

### ငါးဝဂ်ဆဋ္ဌသုတ်

(၁) သုတ္တ- ဂေယျစသည်ကို အက္ခရာမှားယွင်းစွာသင်ခြင်း။

(၂) ရဟန်းတို့သည် ဆိုဆုံးမခက်ခြင်း။

(၃) ကျမ်းဂန်တတ် ပုဂ္ဂိုလ်တို့သည် သူတပါးတို့အား မပို့ချခြင်း။

(၄) ရဟန်းတို့သည် လာဘ်များ၍ တရားထူးရခြင်းငှာ အား မထုတ်ခြင်း။

(၅) သံဃာကွဲပြားခြင်း။ (အကျဉ်းဖော်ပြပါသည်။)

## နှုတ်ရဆောင်ရန်

ပရိယတ်သာသနာ၊ နှုတ်တော်လာကို၊ မနာမသင်၊ နှုတ်တွင် မဆောင်၊ သိအောင်မကြံ၊ မကျင့်ပြန်၊ အမှန်သာသနာ ပျက်စီး ကြောင်း။

စာပေမသင်၊ သိလျှင်မဟော၊ သင်ပြောမပို့၊ ကင်းချို့ရှုတ်အံ့၊ ပြန်မဆင်ခြင်၊ ဤငါးအင်၊ အလျင်သာသနာ ပျက်စီးကြောင်း။

အက္ခရာယှင်းမှား၊ သင်ကြားတတန်၊ မခံဆုံးမ၊ ပို့ချကင်းဝေး၊ ကျင့်ရေးကိုလွဲ၊ သံဃာကွဲ၊ အမြဲသာသနာ ပျက်စီးကြောင်း။

## နိဒါနဝဂ္ဂကဿပသံယုတ်၌ သာသနာတည်မည့်ကာလ

န တာဝ ကဿပ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ၊ ယာဝ န သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ။

## မြန်မာ ဘာသာပြန်

ချစ်သား ကဿပ၊ အကြင်မျှလောက်သော ကာလပတ်လုံး သာသနာ တု၊ တရားတု၊ ရဟန်းတုတို့ လောက၌ မပေါ်ပေါက်သေး၊ ထိုမျှလောက် သော ကာလပတ်လုံး သာသနာစစ်၊ တရားစစ်၊ ရဟန်းစစ်တို့သည် လောက၌ မကွယ်ပျောက်သေး။

ဤပါဠိတော်အရ အကြင်မြို့ရွာ နိဂုံးဇနပုဒ်တို့၌ ပရိယတ် အတု အယောင်၊ ပဋိပတ် အတုအယောင်၊ ပဋိဝေဓ အတုအယောင်၊ ရဟန်းတု ရဟန်းယောင်၊ သံဃာတု သံဃာယောင်တို့ မပေါ်ပေါက်ပဲ စင်ကြယ် သော ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ၊ သိက္ခာကာမ ရဟန်းစစ်၊ ရဟန်း ကောင်း၊ သံဃာစစ် သံဃာကောင်းတို့ တည်ရှိနေကုန်ငြားအံ့၊ ထိုမြို့ရွာ

နိဂုံးဇနပုဒ်တို့၌ သာသနာတော် မညစ်မနွမ်း အောက်တန်း မကျပဲ ထွန်းလင်းတောက်ပလိမ့်မည်ဟု ဟောတော်မူသည်။

### ငါးသံယုတ်ပါဠိတော်၌ သာသနာကွယ်မည့်အချိန်

ယတော စ ခေါ ကဿပ သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ အထ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ။

### မြန်မာ ဘာသာပြန်

ချစ်သား ကဿပ၊ အကြင်အခါ- သာသနာ့ အတုအယောင်၊ တရားတု၊ တရားယောင်၊ ရဟန်းတု - ရဟန်းယောင်တို့ လောက၌ ပေါ်ပေါက်ရှိလာ၏။ ထိုအခါ သာသနာတော် အစစ်သည် ကွယ်ပျောက်လိမ့်မည်။

ဤပါဠိတော်အရ အကြင်မြို့ရွာ နိဂုံးဇနပုဒ်တို့၌ ပရိယတ် အတုအယောင်၊ ပဋိပတ် အတုအယောင်၊ ပဋိဝေဓ အတုအယောင်၊ ရဟန်းတု၊ သံဃာအတုတို့ အကြင်အခါ- ပေါ်ပေါက်လာကုန်၏။ ထိုအခါ မြို့ရွာ နိဂုံးဇနပုဒ်တို့၌ အစစ်အမှန်ဖြစ်သော ပရိယတ် ပဋိပတ် ပဋိဝေဓ သိက္ခာကာမ ရဟန်းကောင်း သံဃာကောင်းတို့ မတည်တော့ပဲ ရှောင်လွှဲ ကွေကွင်း၍ သာသနာတော် သိမ်ဖျင်း ကွယ်ပျောက်ရလေ တော့သည်ဟု ဟောတော်မူသည်။

### အတုအယောင်ပေါ်လျှင် အစစ်အမှန်ပျောက်တတ်သည်

ဥပမာကား- လောက၌ ရွှေတု ရွှေယောင်၊ ငွေတု ငွေယောင် မပေါ်ပေါက်သေးလျှင် ရွှေစစ် ရွှေကောင်း၊ ငွေစစ် ငွေကောင်းတို့ မကွယ်ပျောက်နိုင်သေး၊ အကြင်အခါ- ရွှေတု ရွှေယောင်၊ ငွေတု ငွေယောင်တို့ ပေါ်ပေါက်လာပါက ရွှေစစ် ရွှေကောင်း၊ ငွေစစ်ငွေကောင်းတို့ အသုံးနည်း၍ ကွယ်ပျောက်ရလေတော့သည်။ ရွှေစစ်ရွှေကောင်းတို့ကို မသုံးလိုတော့ပဲ၊ ရွှေတုရွှေယောင်တို့ကိုသာ အလွယ်တကူသုံးစွဲတော့ သကဲ့သို့ သာသနာတု ရဟန်းတုတို့ကိုသာ ဆက်ဆံပေါင်းသင်း၍လွယ်ကူ

သဖြင့် ကြည်ညိုကိုးကွယ်လျှင် သာသနာစစ် ရဟန်းစစ်တို့ကွယ်ပျောက်ရလေသည်။ အဘယ်ကြောင့် သာသနာစစ် ရဟန်းစစ်တို့ကို မကိုးကွယ်သနည်း။ ။သာသနာတု ရဟန်းတုတို့၏ အမူ အကျင့် ကဲ့သို့ သာသနာစစ် ရဟန်းစစ်တို့သည်လည်း ကျင့်ကြံလိမ့်မည် ထင်သောကြောင့် မကြည်ညိုမကိုးကွယ်တော့ပေ။ ထိုကြောင့် သာသနာအောက်တန်းကျ၍ ကွယ်ပရလေသည်။ ကွယ်ပဘူးသည်ကို ပြဦးအံ့။

## ဗြဟ္မဒတ်မင်းနှင့် ဝိဇ္ဇာဓိုရ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအုပ်စိုးသောအခါ ဝိဇ္ဇာဓိုရ်တယောက်သည် ညဥ့်အခါ မန္တန်ကိုရွတ်၍ မိဖုရားနှင့် ပျော်ပါးလေလျှင် မိဖုရားသည် မင်းကြီးအား ထိုအကြောင်းကို လျှောက် တင်လေ သော် မင်းကြီးက ထိုသူကိုရှာဖွေရန် အမှတ်တခု ပြုလုပ်ရမည်ဟု မိန့်တော်မူသဖြင့် မိဖုရားသည် ဟင်္သပြဒါးခွက်ကို သလွန်အနီး၌ထား၍ ညဥ့်အခါ ဝိဇ္ဇာဓိုရ်လာ၍ ပျော်ပါးနေစဉ် မိဖုရားသည် လက်ကို ဟင်္သပြဒါးခွက်၌ နှစ်၍ ဝိဇ္ဇာဓိုရ်၏ ကျောက်ကုန်းကို လက်ငါးချောင်းရာထင်အောင် ရိုက်နှိပ်၍ ပေးလိုက်လေ၏။ နံနက်မိုးသောက်လျှင် ညဥ့်ကကျွန်မ၏ရန်သူကို ဟင်္သပြဒါး လက်ငါးချောင်းရာ ထင်အောင် ရိုက်နှိပ် လိုက်ကြောင်း တင်လျှောက်သဖြင့် မင်းချင်းတို့အား မြို့တွင်း မြို့ပြင်တို့၌ လိုက်လံရှာဖွေရာ ဝိဇ္ဇာဓိုရ်သည် နေ့အခါ သုသာန်စောင့် ရဟန်းယောင် ဆောင်၍ သုသာန်တွင်နေရာ မင်းချင်းတို့ သုသာန်စောင့် ရဟန်းကို စုံစမ်းကြည့်ရှုသဖြင့် ကျောက်ကုန်း၌ ဟင်္သပြဒါး အမှတ် လက်ရာကိုမြင်၍ ဖမ်းမည်ဟု ဝိုင်းကြသောအခါ မန္တန်ကိုရွတ်၍ ကောင်းကင်သို့ ပျံတက်သွားလေ၏။ ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားလေသော် တိုင်းပြည်၌ရှိသော ရဟန်း အားလုံးတို့ကို ပြည်မှ နှင်ထုတ်သဖြင့် ဗာရာဏသီမှာ သာသနာ ကွယ်ပရလေသည်။

## သိကြားမင်း သာသနာပြုလာခြင်း

သိကြားမင်းသည် နတ်ပြည်၌ အသစ်ဖြစ်သော နတ်တို့ကို မမြင်၍ လူ့ပြည်ကို ရှုကြည့်ဆင်ခြင်ရာ ထိုအကြောင်းကိုသိ၍ နန္ဒမူလိုဏ်မှ ပစ္စေက

ဗုဒ္ဓါတပါးကို ပင့်၍ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၊ မြင်လောက်ရာအရပ်မှ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှေးမှ ကြွစေလျက် မိမိသည် နောက်မှ ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ ကောင်းကင်မှ ကြွ သွား သည် ကို ဗြဟ္မဒတ်မင်း မြင်သဖြင့် ပြုံးတင်းမှုရပ်လျက်။

မင်းကြီး။ ။သူငယ်၊ သင်သည် လုပယဉ်ကျေး မင်းသွေးတမျှ ဟန်ကျသူဖြစ်ပါလျက် ခေါင်းတုံး ရပ်ကော အကျင့်ရှောသူကို ရှောက ထား၍ ရှိခိုးဘိ၏။ သင်နှင့် မည်သူက မြတ်ပါသလဲ၊ သင်နှင့် ရဟန်း နာမည်ကို ဘယ်သို့ ခေါ်သလဲ။

သိကြားမင်း။ ။အကျင့်မြတ်သော ရဟန်းတို့အမည်ကို ကျွန်ုပ်တို့ မဖော်လိုပါ၊ ကျွန်ုပ်၏အမည်ကိုတော့ သိကြားမင်းလို့ခေါ်ကြပါတယ်။

**မင်းကြီး။** ။သိကြားမင်း၊ အကျင့်မြတ်သော ရဟန်းကို ရှိခိုးပါလျှင် ဘာအကျိုးကိုရပါသလဲ။

**သိကြားမင်း။** ။မင်းကြီး၊ အကျင့်မြတ်သောရဟန်းကို ရှိခိုးပါက ယခုဘဝမှာလဲ သူတော်ကောင်းတို့က သူတော်ကောင်းတယောက်အနေဖြင့် ချီးမွမ်းခံရတယ်။ တမလွန်ဘဝမှာလဲ နတ်ပြည်သို့ ရောက်ရတယ်။ ဤသို့ သိကြားမင်းကလည်း ဟောပြ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း သင့်နန်းတော်၌ မိဖုရားကို ဖျက်ဆီးသူသည် ရဟန်း မဟုတ်၊ ဝိဇ္ဇာမိုရ်ဖြစ်ကြောင်း မိန့်တော်မူလျှင် မှားကြောင်းဝန်ခံ၍ ရဟန်းတော်များကို ပြန်ပင့်၍ သာသနာတော်ကို အသက်ထက်ဆုံး ကြည်ညို စောင့်ရှောက်လေသတည်း။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေသ

ဤဝတ္ထု၌ ဝိဇ္ဇာမိုရ် ရဟန်းတု ရဟန်းယောင် တယောက်ကြောင့် အပြစ်ကင်းသော ရဟန်းကောင်းတို့ကို တိုင်းပြည်မှ နှင်ထုတ်ခံရသည်။ ထိုတိုင်းပြည်မှာ သာသနာကွယ်ပ၍ သေတိုင်း သေတိုင်း ငရဲသို့ရောက်ရသည်မှာ ရဟန်းတု ရဟန်းယောင် တယောက်ကြောင့် တတိုင်းပြည်

လုံးရှိ ရဟန်းစစ်တို့ ထွက်ပြေး ကြရသည်။ သိကြွားမင်း မလာလျှင် သာသနာ ပြန်၍ တည်တော့မည်မဟုတ်။

သာသနာသည် သာသနာတော်ထမ်း ရဟန်းတော်တို့ တာဝန်သာ ဖြစ်သလော?

**အဖြေဝိသဇ္ဇနာကား။** ။သာသနာတော်ကို စောင့်ရှောက် ရမည့် တာဝန်သည် ရဟန်းတော်တို့၏ တာဝန်သာ မဟုတ်၊ ရဟန်းနှင့် လူ ဒါယကာတို့ တွဲဖက် စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားရှိ၏။ ရဟန်းချည့် သက်သက် စောင့်ရှောက်၍ သာသနာမတည်နိုင်။ မင်းစသော လူဒါယကာတို့ကို အမှီရမှ သာသနာ တည်နိုင်သည်။ လူဒါယကာချည့် သက်သက်လည်း မတည်နိုင်။ ရဟန်းရော လူပါ ယှဉ်တွဲ စောင့်ရှောက်မှ သာသနာတည်နိုင်သည်။ ထို့ကြောင့်—

## နိဒါနဝဂ္ဂကဿပသံယုတ်ပါဠိတော်၌

ဣဓ ကဿပ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊ ဓမ္မေ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊ သံဃေ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ။ ဣမေ ခေါ ကဿပ ပဉ္စ ဩက္ကမနိယာ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။

## မြန်မာပြန်

ချစ်သား ကဿပ- ငါဘုရား၏သာသနာတော်၌ ရဟန်းယောကျ်ား ဘိက္ခုနီမ, ဒါယကာ-ဒါယိကာမတို့သည် အကြင်အခါ၌ ဘုရား, တရား, သံဃာ, သိက္ခာ, သမာဓိတို့၌ ရိုသေ ပျပ်ဝပ်ခြင်း ကင်းကုန်လျက် နေကုန်ငြားအံ့၊ ထိုအခါ သာသနာတော် အောက်ဘန်းကျ၍ ကွယ်ပရကုန်၏။

## အဓိပ္ပာယ် ဖော်ပြချက်

**ဘုရားကို မရှိသေခြင်း။** ။မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ် တနေ့သုံးခါ မဆည်းကပ် မသွားရောက်ခြင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်

စံဝင်တော်မူသည့်ရှိသော် စေတီပေါ်များကို ဖူးမြော်ရှိခိုးရန် မသွားလာခြင်း၊ စေတီယင်ပြင်တော်ပေါ်မှာ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ တပါးသောအရာများကို ရှုကြည့်လျက် ချီးမွမ်းပြောဆို သွားလာခြင်းတို့တည်း။

**တရားကို မရိုသေခြင်း။** ။တရားသဘင်, တရားပွဲများ၌တရားကို အာရုံမပြုပဲ ဝိုင်းဖွဲ့၍နေခြင်း၊ နဝကမ္မ အလုပ်တခုခုကို လုပ်ကိုင်၍နေခြင်း၊ အိပ်ငိုက်၍နေခြင်း၊ နှောင့်ယှက်သောစိတ်ဖြင့် တပါးသောစကားတို့ကို ပြောနေခြင်းတို့တည်း။

**သံဃာကို မရိုသေခြင်း။** ။မထေရ်ကြီးများကိုဆည်းကပ်သောအခါ ရှိမခိုးပဲနေခြင်း၊ လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဖွဲ့၍နေခြင်း၊ လက်ခြေတို့ဖြင့် တပါးသော အရာတို့ကို ကိုင်တွယ်၍ ငြိမ်သက်စွာမနေခြင်း၊ မထေရ်ကြီးတို့က မတိုက်တွန်းပဲ တရားစကားတို့ကို ဟောပြောခြင်းတို့တည်း။

**သိက္ခာကို မရိုသေခြင်း။** ။သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါးတို့ကို မဖြည့်ကျင့်ခြင်းတည်း။

**သမာဓိကို မရိုသေခြင်း။** ။သမာပတ်ရှစ်ပါးကို မဖြစ်စေပဲ သမထအလုပ်ကိုအားမထုတ်ပဲနေခြင်းတည်း။ ။ဤပြဆိုခဲ့သော ဘုရား-တရား-သံဃာ-သိက္ခာ-သမာဓိတို့၌ လူရော ရဟန်းပါ မရိုသေလျှင် သာသနာတော် အောက်ကျ နောက်ကျဖြစ်၍ ကွယ်ပရမည်မှာ အမှန်ဖြစ်လေသည်။ နောက်ဆုံး သာသနာကွယ်ပျောက်ရခြင်းသည်လည်း ရိုသေကိုင်းရှိုင်းသူနည်းပါး၊ လှူဒါန်းပူဇော်သူမရှိ၊ စာပေသင်ကြားသူမရှိ၊ ကျင့်ကြံအားထုတ်သူမရှိ၊ မဂ် ဖိုလ် နိဗ္ဗာန် ရသူမရှိ၍ သာသနာ ကွယ်ရလေသည်။ လှူဒါန်းပူဇော်သော်လည်း ရဟန်းစစ်, သံဃာစစ်တို့ကို မလှူဒါန်းပဲ ကိဠာဂီရိဇနပုဒ်သားတို့ကဲ့သို့ ဒုဿီလပါပဘိက္ခု ရဟန်းတုတို့ကိုလှူဒါန်းခြင်း၊ စာပေတို့ကို သင်ကြားသော်လည်း သာသနာတော်၏ ပြင်ပ၊ ဗာဟီရက ကျမ်းစာတို့ကို သင်ကြားခြင်း၊ မဂ် ဖိုလ် နိဗ္ဗာန် ရကြောင်း မဟုတ်သော အကျင့်တို့ကို ကျင့်ခြင်း၊ မဂ် ဖိုလ် မရပဲလျက် ရသည်ဟု

ယူဆ ပြောကြားခြင်းတို့သည်လည်း ပရိယတ်စစ်, ပဋိပတ်စစ် ပဋိဝေဓ စစ်တို့ ကွယ်ပျောက်အောင် ပြုလုပ်သည်ပင် မည်သောကြောင့် သာသနာ ကွယ်ပျောက်ကြောင်း ဖြစ်ပေသည်။

## အတုအစစ် ခွဲပြခြင်း

**ပရိယတ္တိအစစ်။** ။မြတ်စွာဘုရား ဟောတော်မူ၍ သင်္ဂါယနာ သုံးတန်တင်သော သုတ်,ဝိနည်း အဘိဓမ္မာ,ပါဠိတော် အဋ္ဌကထာ ဋီကာ စသည်တို့တည်း။

**ပရိယတ္တိအတု။** ။သင်္ဂါယနာ သုံးတန်မတင်သော ဓာတုကထာ အာရမ္မဏကထာ၊ အသုဘ ကထာ၊ ဉာဏဝတ္ထုကထာ၊ ဝိဇ္ဇာကရဏ္ဍကတို့မှ ပြင်ပဖြစ်သော ဂုဠှဝိနယ- ဂုဠှဝေဿန္တရ- ဝဏ္ဏ ပိဋက- အင်္ဂုလိမာလ ပိဋက၊ ရဋ္ဌပါလဂဇ္ဇိတ၊ အာဠဝကဂဇ္ဇိတ၊ ဝေဒလ္လ ပိဋက စသော ဘုရား ဟောမဟုတ်သော ကျမ်းစာတို့တည်း။

**ပဋိပတ်အစစ်။** ။ဒါန သီလ စသော ကမ္မဿကတသမ္မာဒိဋ္ဌိ၊ သမထ ၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းလေးဆယ်ဟူသော ဈာနသမ္မာဒိဋ္ဌိ၊ ရုပ်နာမ် တို့၏ အနိစ္စ-ဒုက္ခ-အနတ္တ- အခြင်းအရာကိုမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ တို့ ပေတည်း။

**ပဋိပတ်အတု။** ။နိဗ္ဗာန် မဂ်ဖိုလ် ရကြောင်းမဟုတ်သော သာသနာ တော်မှအပ ဗာဟိရက အကျင့်စုပေတည်း။

**ပဋိဝေဓအစစ်။** ။မဂ်လေးပါးဟူသော မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖိုလ်လေးပါး ဟူသော ဖလသမ္မာဒိဋ္ဌိတို့ပေတည်း။

**ပဋိဝေဓအတု၊** ။ဩဘာသ ပီတိ စသော ဝိပဿနာ၏ ဥပက္ကိလေသ ဆယ်ပါးတို့ပေတည်း။

**ရဟန်းစစ်။** ။ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံ၍ ဝိနည်းသိက္ခာပုဒ်ကို ရိုသေစွာစောင့်ထိန်းသော ရဟန်းကောင်းတို့ပေတည်း။

ရဟန်းတု။ ။ရဟန်းမခံပဲ မိမိဘာသာ သင်္ကန်းဝတ်သူ၊ ရဟန်းခံသော်လည်း ပါရာဇိကသို့ရောက်လျက် လူမထွက်သော ရဟန်းယောင်တို့တည်း။

ယခုညွှန်ပြခဲ့သော အစစ်၊ အတု နှစ်ပါးတို့တွင် အတုဖြစ်သော စာပေကိုသင်ကြားခြင်း၊ အတုဖြစ်သော အကျင့်ကိုကျင့်ခြင်း၊ အတုဖြစ်သော ဩဘာသစသည်ကို မင်္ဂဖိုလ်ထင်ခြင်း၊ ရဟန်းအတုကို ကိုးကွယ်လှူဒါန်းခြင်းတို့သည် သာသနာစစ်ကို မြုပ်နှံပစ်ပယ် မဖွယ်မရာ ပြုလုပ်သောကြောင့် သာသနာတော်ကို ဖျက်ဆီးရာရောက်၍ ပျောက်ကွယ်လေသည် ဟူ၍ နိဒါနဝဂ္ဂကဿပသံယုတ်၌ ဟောတော်မူသည်။ သတိကြီးစွာထားကြလေကုန်။

### သာသနာငါးပါးကွယ်ပုံအစဉ်

ပဉ္စ အန္တရဓာနာနိ နာမ အဓိဂမအန္တရဓာနံ၊ ပဋိပတ္တိအန္တရဓာနံ၊ ပရိယတ္တိအန္တရဓာနံ၊ လိင်္ဂအန္တရဓာနံ၊ ဓာတုအန္တရဓာနန္တိ။ ကေနိပါတ်အဋ္ဌကထာ။

မြန်မာပြန်။ ။သာသနာကွယ်ခြင်းငါးမျိုး မည်သည်ကား=

(၁) အဓိဂမသာသနာကွယ်ခြင်း၊

(၂) ပဋိပတ္တိသာသနာကွယ်ခြင်း၊

(၃) ပရိယတ္တိသာသနာကွယ်ခြင်း၊

(၄) လိင်္ဂသာသနာကွယ်ခြင်း၊

(၅) ဓာတုသာသနာကွယ်ခြင်း ဟူ၍ ငါးမျိုးရှိသည်။

### အကျယ်ဖေါ်ပြချက်

ဤသာသနာ ငါးမျိုးတို့သည် တပြိုင်နက်၊ တနေ့တည်း ကွယ်သည် မဟုတ်။ အဓိဂမကစ၍ နံပါတ်စဉ်အတိုင်းကွယ်သည်။

## ကွယ်ပုံကား

**အဓိဂမသာသနာကွယ်ပုံ။** ။ဘုရားရှင်လက်ထက်တော်ကစ၍ ပဥ္စမအနှစ်တထောင်အတွင်း၌ ပဋိသမ္ဘိဒါကိုရစေနိုင်သည်၊ တထောင်လွန်လျှင် ပဋိသမ္ဘိဒါ အဓိဂမ ကွယ်လေတော့သည်၊ အနှစ်နှစ်ထောင် အတွင်း၌ ဆဠဘိညာကို ရစေနိုင်သည်၊ နှစ်ထောင်ကျော်လျှင် ဆဠဘိညာအဓိဂမ ကွယ်ပြန်သည်၊ သုံးထောင်အတွင်း၌ တေဝိဇ္ဇာကိုရစေနိုင်၏၊ သုံးထောင်ကျော်လျှင် တေဝိဇ္ဇာကွယ်ပြန်သည်၊ လေးထောင်အတွင်း၌ သုက္ခဝိပဿကဖြစ်နိုင်သည်၊ လေးထောင်လွန်က သုက္ခဝိပဿကအဓိဂမ ကွယ်ပြန်သည်၊ ငါးထောင်အတွင်း၌ အနာဂါမိ သကဒါဂါမိ သောတာပန်တို့ ဖြစ်နိုင်သည်။ ငါးထောင်လွန်လျှင်မဂ်ဖိုလ် အဓိဂမအားလုံး ကွယ်လေတော့၏။ သောတာပန်တယောက် ရှိသေးလျှင် အဓိဂမသာသနာ မကွယ်သေး၊ နောက်ဆုံး သောတာပန် စုတေသောအခါကစ၍ အဓိဂမသာသနာ ကွယ်သည်။

**ပဋိပတ္တိသာသနာကွယ်ပုံ။** ။ပဥ္စမအနှစ်တထောင်လွန်လျှင် ပဋိသမ္ဘိဒါကို ရစေနိုင်သောအကျင့်ကွယ်သည်၊ နှစ်ထောင်ကျော်လျှင် ဆဠဘိညာအကျင့်ကွယ်ပြန်သည်၊ သုံးထောင်ကျော်လျှင် ဝိဇ္ဇာသုံးပါး ရစေသောအကျင့်ကွယ်သည်၊ လေးထောင်ကျော်လျှင် အရဟတ္တဖိုလ်ရောက်စေသောအကျင့်ကွယ်သည်၊ ငါးထောင်အတွင်း၌ အနာဂါမိမဂ် သကဒါဂါမိမဂ် သောတာပတ္တိမဂ်ရစေသောအကျင့်တို့ တစတစကွယ်သည်။ နောက်ဆုံး၌ ခုဒ္ဒါနု ခုဒ္ဒကမှစ၍ ဒုက္ကဋ်ပါစိတ် သံဃာဒိသိသ်သို့ ရောက်အောင်ကွယ်သဖြင့် ပါရာဇိကအာပတ်ကို စောင့်ရှောက်သူ ရဟန်းတပါးရှိသေးလျှင် အကျင့်သာသနာမကွယ်သေး။ အကြင်အခါ ရဟန်းတပါးမျှ ပါရာဇိကအာပတ်ကိုမစောင့်ရှောက်၊ ထိုအခါ ပဋိပတ္တိသာသနာ ကွယ်ပြီဟု ဆိုရတော့သည်။

**ပရိယတ္တိသာသနာကွယ်ပုံ။** ။မင်းနှင့်တကွ တိုင်းသားပြည်သူတို့ဘုရားမစောင့်ကြသဖြင့် မိုး, လေ ခေါင်းပါး၍ လူဒါယကာ ဒါယိကာမများ စားဖို့ရန်မျှမပြည့်စုံပဲ ဆင်းရဲ နွမ်းနယ်သဖြင့် ရဟန်းတော်များအား ပစ္စည်းလေးပါးဖြင့် မျှာအောင်မထောက်ပံ့နိုင်လျှင် ရဟန်းတော်တို့မှာ

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တို့ဖြင့် မပြည့်စုံသောကြောင့် ဂန္ထဓုရ စာပေပို့ချ သင်ကြားခြင်း ယုတ်လျော့ နည်းပါးရမှစ၍ တစ တစ ဆုတ်ယုတ်သည်။ ဆုတ်ယုတ်ပုံကား။

ပဌမဦး ပါဠိအနက်ဆောင်ရာမှ အနက်ကို မဆောင်ပဲ ပါဠိသာ ဆောင်တော့သည်၊ နောက်ပါဠိကိုပင်မဆောင်တော့ပဲ သင်ရုံသာ သင် တော့သည်၊ နောက်၌အကုန်မသင်တော့ပဲ အဘိဓမ္မာခုနစ်ကျမ်းကို မသင် တော့ပဲ သုတ် ဝိနည်းကိုသာသင်တော့သည်၊ ထိုအခါ အဘိဓမ္မာပိဋကတ် ကွယ်လေသည်။ ထိုနောက် သုတ္တန်ပိဋကတ်တွင် အင်္ဂုတ္တိုရ်ဆယ့်တကျမ်း မှာ ပဋိလောမအားဖြင့် အဆုံးမှစ၍ ကွယ်လေသည်။ ထိုနောက် သံယုတ် ငါးကျမ်း၊ ထိုနောက် ပဏ္ဏာသ သုံးကျမ်းမဇ္ဈိမနိကာယ် ကွယ် လေသည်။ ထိုနောက် ခုဒ္ဒကနိကာယ် ကွယ်လေသည်။ ဝိနည်းပိဋကတ် မကွယ်သေးလျှင် ပရိယတ္တိသာသနာ မကွယ်သေး၊ အကြင် အခါ၌ ဒွေမာတိကာ ခေါ်သော ပါတိမောက်ကို သင်ကြား ပို့ချသူမရှိ၍ ပျောက်ကွယ်အံ့၊ ထိုအခါပရိယတ္တိသာသနာကွယ်သည်မည်၏၊ ထိုကြောင့်-

**ကင်္ခါဝိတရဏီ အဋ္ဌကထာ၌ မိတ္တသုတ်တရားမူပိုင်**

ယဒါ ပန ဒွေပါတိမောက္ခာ အန္တရဓာယိဿန္တိ၊ အထ သဗ္ဗမ္မိ အန္တရဓာနံ ဘဝိဿတိ ဟု ဖွင့်ပြသည်။

မြန်မာပြန်။ ။အကြင်အခါ ဒွေမာတိကာ ကွယ်ကုန်၏။ထိုအခါ ပရိယတ္တိသာသနာ ကွယ်လတ္တံ့။ ။ဂေါနိပါတ် အဋ္ဌကထာ၌ မူကား လေးပါဒရှိသော ဂါထာတပုဒ်ကို ဆောင် သူ ရှိ သေး လျှင် သာသနာ မကွယ်သေးဟု ဆို၏။ ဆောင်သူ ရှိသော်လည်း အာဠဝက ဘီလူးကဲ့သို့ အနက် အဓိပ္ပါယ်ကို မသိက သာသနာ တည်နိုင်မည်မထင်၊ ယခုအခါ ကျောက်ပေါ် ပေပေါ်မှာ ပရိယတ်တွေ တည်နေသော်လည်း သင်ကြား ပို့ချ အဓိပ္ပာယ်ကို နားလည်သူမရှိက ကွယ်ရမည်ပင် ဖြစ်တော့သည်။

**လိင်္ဂသာသနာကွယ်ပုံ။** ။လိင်္ဂ သာသနာဆိုသည်ကား ရဟန်းတို့၏ အမူအရာအသွင်သဏ္ဌာန်ကို ဆိုသည်။ ရဟန်းတို့သည် ကာလကြာလတ်သော် သင်္ကန်းတို့ကို ဘုရားဝတ်ပြုသောအခါ၊ တရားဟောသောအခါ၊

သံဃာ့ပွဲစသည် ဝင်သောအခါတို့၌သာ ဝတ်ရုံကုန်၍ တပါးသောအခါ၌ မဝတ်ရုံပဲ နေကြကုန်အံ့။ ကာလကြာလတ်သော် အလျှင်းမဝတ်တော့ပဲ လည်၌သော်၎င်း၊ လက်၌သော်၎င်း၊ ဆောင်ရုံသာ ဆောင်လတ္တံ့။ ဤသို့ သင်္ကန်းကို မဝတ်ပဲ ဆောင်ရုံသာ ဆောင်ရသော ရဟန်းအား သံဃာကို ရည်မှတ်၍ လှူအပ်သော အလှူသည် အကျိုးများစွာရှိကြောင်းကို ဒက္ခိဏာဝိဘင်္ဂသုတ်၌—

> ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ။ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ။ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျန္တိ ဝဒါမိ ဟု ဟောတော် မူသည်။

ထိုနောက် ရဟန်းတို့သည် သင်္ကန်းကို ဆောင်မထားတော့ပဲ စွန့်ပယ်ကြကုန်လတ္တံ့။ ထိုအခါ ရဟန်းတို့၏အသွင်ဟုဆိုအပ်သော လိင်္ဂသာသနာ ကွယ်လေတော့သတည်း။

**ဓာတုသာသနာဖြစ်သော ဓာတ်တော်များ။** ၊ တေဇော ဓာတ် လောင်၍ ကြွင်းကျန်သော အသမ္ဘိန္န ဓာတ်တော် ခုနစ်ဆူ၊ ပျက်ကွဲသော သမ္ဘိန္နဓာတ်တော်ဟူ၍ နှစ်မျိုးရှိသည်။ အသမ္ဘိန္နဓာတ် ခုနစ်ဆူတို့တွင်—

(၁) နဖူးသင်းကျစ်တော်၊ သီဟိုဠ်ကျွန်း-မင်္ဂလာစေတီ၌ ရှိသည်။

(၂) လက်ဝဲညှပ်ရိုးတော် ပြဟ္မာ့ပြည်၌ တည်တော်မူသည်။

(၃) လက်ယာညှပ်ရိုးတော် တာဝတိံသာမှ သုမနသာမဏေ ဆောင်ယူ၍ ထူပါရုံစေတီ၌ ဌာပနာသည်။

(၄) အထက်လက်ယာစွယ်တော် တာဝတိံသာ စူဠာမဏိ စေတီ၌ ရှိသည်။

(၅) အောက်လက်ယာစွယ်တော်နဂါးပြည် ရတနာစေတီ၌ရှိသည်။

(၆) အထက်လက်ဝဲစွယ်တော် ဂန္ဓာရတိုင်းမှာ ရှိသည်။

(၇) အောက်လက် ဝဲ စွယ် တော် သုဘူရိတရ ဟန္တာ တန်ခိုးဖြင့် ဆောင်ယူ၍ ကလိင်္ဂမင်းအားပေး၍ ၎င်းမှတဆင့် သီဟိုဠ်ကျွန်း ကန္ဒီမြို့၌ ယခုထက်တိုင် ဖူးတွေ့ရသော စွယ်တော်ပင်တည်း။

ပျိုကွဲသော သမ္ဘိန္န ဓာတ်တော်၊ ဗုဒ္ဓဝံသ ပါဠိတော် အလို တဆယ့် ခြောက်ဒေါဏ-တဆယ့်ခြောက်ပြည် တတင်း၊ နဋ္ဌာတဓာတုဝံသ ပါဠိ တော် အလို ရှစ်ဒေါဏ-ရှစ်စိတ်၊ နှစ်ဘင်းသား၊ အဆင်း,အရွယ် သုံးမျိုး ရှိသည်။ဓာတ်တော်အကြီး ပဲနောက်စေ့ ပမာဏရှိ၍ ရွှေအဆင်းရှိသည်၊ ငါးကွမ်းစားမျှရှိ၏။ ဓာတ်တော်အလတ် ဆန်ကျိုး ပမာဏ ရှိ၍ ပုလဲ အဆင်းရှိသည်၊ ငါးကွမ်းစားမျှ ရှိ၏။ ဓာတ်တော်အငယ် မုန်ညင်းစေ့ ပမာဏရှိ၍ သင်းခွေပန်းငုံ၊ တနည်း ခယားစေ့ပမာဏရှိသည်၊ခြောက် ကွမ်းစားမျှ ရှိ၏။ ၎င်းသမ္ဘိန္န ဓာတ်တော်တို့သည် အတိုင်းတိုင်း အပြည် ပြည်သို့ ပျံ့နှံ့၍ တည်တော်မူသည်။

**ဓာတ်သာသနာကွယ်ပုံ** ။သာသနာတော် နောက်ဆုံး ကွယ်ပျောက် တော့မည့် အခါ အရပ်ရပ်၌ တည်ရှိသော ဓာတ်တော်တို့သည် ပူဇော် သက္ကာရကို မရလျှင် ဘုရားရှင်၏ အဓိဋ္ဌာန်တော် အတိုင်း ရှေး ဦးစွာ သီဟိုဠ်ကျွန်း မဟာစေတီတော်သို့ ကြွရောက် စုဝေးတော်မူမည်၊ ၎င်း နောက် မဟာစေတီမှ နာဂဒီပကျွန်း ရာဇာယတန စေတီတော်သို့ ကြွရောက်စုဝေးတော်မူမည်။ ၎င်းရာဇာယတန စေတီတော်မှ မဟာ ဗောဓိပလ္လင်သို့ ကြွရောက်စုဝေးတော် မူကြလိမ့်မည်။ နဂါးပြည်၊ လူ့ ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဘုံ၌ ရှိရှိသမျှသော ဓာတ်တော်တို့အကြွင်း အကျန် မပျောက်အပျက်ခရှိ၊ အစုံအညီ ဗောဓိပလ္လင်သို့ ရောက်လျှင် စုပေါင်း၍ ဘုရားအသွင်တော်ဖြစ်လျက် တန်ခိုး ပြာဋိဟာကို ပြတော် မူ၍ တေဇောဓာတ် လောင်ကျွမ်းကုန်လတ္တံ့။ တေဇောဓာတ်မီးလျှံ သည် ဗြဟ္မာပြည်တိုင်အောင် တက်လတ္တံ့။ ထိုအခါ အနာဂါမ်၊ ရဟန္တာ နတ်ဗြဟ္မာတပါး၊ ကြွင်းကျန်သော နတ်ဗြဟ္မာတို့သည် စိုးရိမ် ပူဆွေး ငိုကြွေး မြည်တမ်းကြကုန်အံ့။ ထိုသို့ တေဇောဓာတ် လောင်၍

ဓာတ်တော်မွေတော်တို့ အကြွင်းအကျန်မရှိ၊ ပျောက်ကွယ်သည်ကို ဓာတု သာသနာကွယ်သည်ဟုဆိုသည်။ ထိုအခါမှစ၍ သာသနာ အပြီးသတ် ကွယ်လေတော့၏။

(တတိယကဏ္ဍ အခန်း-၃ ပြီးပြီ။)

-၀-

# ကျမ်းပြီး နိဂုံးလင်္ကာ

ဤသို့ထိုထို၊ ပြဆိုခဲ့ပြီး၊ ဆံစုစည်းသို့၊ ကျမ်းပြီးဟုထုံး၊ နိဂုံးကမွတ်၊ အဆုံးသတ်အံ့၊ သုံးရပ်သာသနာ၊ စင်ကြယ်ပါမူ၊ သတ္တဝါ လူပေါင်း၊ မိုရာကောင်း၍၊ ရန်ပေါင်းကင်းဝေး၊ ငြိမ်းချမ်းရေးကို၊ မနှေးမြန်စွာ၊ ရနိုင်ရာ၏၊ သာသနာဆုတ်ယုတ်၊ ဝါဒရှုပ်မူ၊ လောကုတ်မကည်၊ အပြည့်ပြည့်တို၊ ထောက်တည်မရ၊ ကြေမွပျက်ပြုန်း၊ ကမ္ဘာသုဉ်းအံ့၊ ဆုံးရှုံးစေခြင်း၊ တရားရင်းကား၊ လွန်မင်းလောဘ၊ မိုက်ဒေါသနှင့်၊ မောဟအဝိဇ္ဇာ၊ ဤသုံးဖြာတည်း၊ ဘယာလွတ်ကြောင်း၊ တရားကောင်းမှာ၊ မဂ်ဖိုလ်သာဟု၊ နှလုံးပြု၍၊ သုံးလူ့သာသနာ၊ စည်ပင်သာအောင်၊ ကမ္ဘာအနှံ့၊ ပတ္တရာဖြန့်လျက်၊ နိုင်ငံ့ကျက်သရေ၊ သုံးထွေသာသနာ၊ စင်ကြယ်လာဘို့၊ ညီညာဖျဖျ၊ သုတ်သင်ကြလျက်၊ ပပကင်းကွာ၊ အရိယာဖြင့်၊ ဗိုမြန်မာလုံး၊ အုပ်ကာဖုံးလိမ့်၊ ထွက်ဆုံးမြတ်စွာ၊ သာသနာ နေဝန်း၊ တောက်ထွန်းသည်ကို၊ ထိုထိုဝါဒ၊ ကိလိဋ္ဌ မြူခိုး၊ ဝိုင်းအုံ တိုးလည်း၊ တန်ခိုးပြင်းစွာ၊ အရိယာလေနတ်၊ ဆင်တိုက်ခတ်လိမ့်၊ ဘုန်းမြတ်မိန့်မှာ၊ သာသနာ၏၊ ဘယာကင်းဝေး၊ သန့်ရှင်းရေးဟု၊ မည်ပေးသည်သာ၊ ဤကျမ်းစာကို၊ သေချာဖတ်ရှု၊ သတိပြုက၊ အတု၊ အစစ်၊ သီးခြားဖြစ်လျက်၊ အစစ်ကိုခင်၊ အတုကြဉ်က၊ တိုင်းခွင်ရဋ္ဌ၊ ဗိုမြန်မာသည်၊ အရိယာမိုး စွေလိမ့်သောဝ်။ ။

(ပြီး၏။)